ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ တနင်္လာနေ့၊ (14-9-2015) (၈၃၂၃)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်တာအား သွားရောက်ကြည့်ရှု

# အဖျောက်မြို့ ရေတိုက်စားမှုမှကာကွယ်နိုင်ရန် ရေလမ်းကြောင်းကောင်းမွန်အောင် ဆောင်ရွက်ရမည်

နေပြည်တော် စက်တင်ဘာ ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့်ထွက်ခွာခဲ့ရာ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။**

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့နှင့်အတူ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥတိုစိုက်ကွင်းသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့သို့ ရောက်ရှိရာ အဖျောက်တာ ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများက အဖျောက်မြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်ခဲ့မှုနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ကမ်းနားတာမှာ ခိုင်ခံ့မှုလျော့နည်းလာသည့်အတွက် ကွန်ကရစ်နံရံအဖြစ် လည်းကောင်း၊ လက်ရှိ တာကို ငါးပေမြှင့်တင်ပြီး ကျောက်စီနံရံအဖြစ် လည်းကောင်း ဆောင်ရွက်သင့်သည့် အခြေအနေနှင့် မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် မြစ်ကြောင်းထိန်းသိမ်းရေး ဆောင်ရွက်သင့်သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မြစ်ရေကြီးမှုကြောင့် နှစ်စဉ်စိုးရိမ်ပူပန်နေရသည့် အဖျောက်မြို့မှ ပြည်သူများအတွက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဖျောက်တာမြေပုံအား ကြည့်ရှုစဉ်။ (သတင်းစဉ်)

**မြန်မာအမျိုးသားလေကြောင်းလိုင်း အမည်ဖြင့် နိုင်ငံတကာခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲသွားမည်**

စာမျက်နှာ » ၆

**အမဲလိုက်ကန်ထရိုက်စနစ်ကြောင့် အန္တရာယ်အငွေ့အသက်ရလာသော ရန်ကုန်**

စာမျက်နှာ » ၁၁

**ဖခင်မျိုးဗီဇမှ ခွဲထွက်လာခဲ့သည့် အိုင်ဗီ**

စာမျက်နှာ » ၁၂



ကြေးမုံ စာ တ ည်း ရှု ထောင့် ၁၄-၉-၂၀၁၅၊ တနင်္လာနေ့

# စိတ်ဓာတ်ခွန်အားဖြင့် တည်ဆောက်

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်ဇူလိုင်လနှင့် ဩဂုတ်လတို့အတွင်းက ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် ရေကြီး၊ ရေလျှံမှုအန္တရာယ်ကို ဆိုးဆိုးရွားရွား ရင်ဆိုင်ခဲ့ကြရသည်။ သဘာဝဘေးဖြစ်စဉ်ကို ရင်ဆိုင်ကြုံတွေ့ကြရာတွင် မြန်မာနိုင်ငံ၏သဘာဝဘေး အတွေ့အကြုံ၊ အရင်းအမြစ်နှင့် ဓနအင်အားအပေါ် မူတည်၍ ခက်ခက်ခဲခဲ ဖြေရှင်းခဲ့ကြသည်။

ထိုသို့ဖြေရှင်းကြရာတွင် ပြည်သူလူထုတစ်ရပ်လုံး၏ စိတ်ဓာတ်ခွန်အားနှင့် အကောင်းဆုံး ရင်ဆိုင်ကျော်လွှားခဲ့ကြသည်ကို တွေ့ရသည်။ မိမိတို့၏ တိုင်းပြည်နှင့်လူမျိုး အခက်အခဲများနှင့်ကြုံကြိုက်နေသောအခါတွင် နိုင်ငံသားအချင်းချင်း ရိုင်းပင်းကူညီနိုင်ခြင်းသည် မြန်မာလူမျိုးများ၏ အစဉ်အလာဓလေ့စရိုက်များဖြစ်၍ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ဂုဏ်ယူဝင့်ကြွားကြရမည်ဖြစ်သည်။

ထိုအထဲတွင် တိုင်းပြည်နှင့်လူမျိုးအပေါ် အစဉ်တာဝန်ကျေခဲ့သည့် လူငယ်များ၏အသိစိတ်ဓာတ်ရှိစွာဖြင့် လှုပ်ရှားဆောင်ရွက်မှုများကို ထင်ရှားစွာမြင်တွေ့ခဲ့ရသည်။ ရင်ဆိုင်ကြုံတွေ့ရသည့် ရေကြီးရေလျှံမှုဖြစ်စဉ်တွင် တစ်တိုင်းပြည်လုံးရှိ လူငယ်များအားလုံး နိုးကြားတက်ကြွစွာဖြင့် ပါဝင်လာနိုင်ရေးအတွက် တတ်နိုင်သည့်အတိုင်းအတာအတွင်းမှ စိတ်ကူးစိတ်သန်းသစ်များဖြင့် မမောနိုင်မပန်းနိုင် ကြိုးပမ်းလှုပ်ရှားခဲ့ကြသည်ကို မြင်တွေ့ခဲ့ရသည်။

ထို့အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ နိုင်ငံရပ်ခြားမှ မိတ်ဆွေအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အလှူရှင်များကလည်း ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အားတက်သရော ပါဝင်ခဲ့ကြသည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ပေသည်။

လက်ရှိတွင် သဘာဝဖြစ်စဉ်အနေအထားများအရ ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်ပြိုင်နက် ဆောင်ရွက်ရမည့် အခြေအနေသို့ ရောက်ရှိနေသည်။ ထိုအခြေအနေတွင် ပြည်သူလူထု ဆက်လက်ပူးပေါင်းပါဝင်မှုကို ယခုအနေအထားအတိုင်း ဆက်လက်ပါဝင်နေဖို့လိုအပ်ပါသည်။ အချို့ကိစ္စများအား ရေတိုဆောင်ရွက်ရန် လိုအပ်သလို အချို့ကိစ္စများအား ရေရှည်ဆောင်ရွက်ရမည့် အနေအထားများ ရှိလာသည်။

လတ်တလောတွင် သင့်တင့်လျောက်ပတ်သော အစားအစာများ၊ နေစရာများ၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးနှင့် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာဆက်လက်သင်ကြားနိုင်မည့် အခွင့်အရေးများရရှိအောင် ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ရေရှည်အတွက် ရေဘေးသင့်ပြည်သူများ ဘက်စုံလူမှုစီးပွားဘဝ ပြန်လည်ရှင်သန်ခိုင်မာလာရေးအတွက်လည်း ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

အထူးကိစ္စရပ်အနေဖြင့် ရေဘေးသင့်ဒေသများမှ ပြည်သူများအတွက် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် ဖော်ဆောင်ပေးရဦးမည်ဖြစ်သည်။ ရေဘေးသင့်ဖြစ်စဉ်များတွင် မဲပေးရေးလုပ်ငန်းစဉ်များ မထိခိုက် မဆုံးရှုံးအောင်လည်း ထည့်သွင်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ ရေဘေးသင့်ပြည်သူများမှာလည်း နိုင်ငံသားများပင်ဖြစ်သည်။ ရေဘေးသင့်သော်လည်း နိုင်ငံသားအခွင့်အရေးရအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ လတ်တလောတွင် ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးသွားသော မဲစာရင်းများကို ပြန်လည်ရှာဖွေဖော်ထုတ်ကြရေးတွင် ကော်မရှင်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ သန်းခေါင်စာရင်းများထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်ပြုလုပ်ပေးခြင်းတို့ကို အလျင်အမြန်ဆောင်ရွက်ပေးနေပြီဖြစ်သည်။ ဆက်လက်၍ ဆောင်ရွက်ဖွယ်ရာများမှာ များပြားလှမည်ဖြစ်သည်။ ဤမျှခက်ခဲသော လုပ်ငန်းစဉ်များကို ဒေသခံအဖွဲ့အစည်းများ၊ ပြည်သူများ၊ ပရဟိတလူငယ်များအားလုံးက ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့မျှော်မှန်းထားသော လုပ်ငန်းစဉ်များ အောင်မြင်ချောမွေ့အဆင်ပြေလာမည်ဟု ယုံကြည်ပါသည်။ ။

# မြနန်းစံကျော်ရွှေနန်းတော်အလှကို အပေါ်စီးမှကြည့်ရှုနိုင်သည့် နန်းမြင့်မျှော်စင်ကို နိုင်ငံတကာခရီးသွားဧည့်သည်များ သဘောကျ



**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးမြို့ရောက် နိုင်ငံတကာခရီးသွားများစွာက ကျုံးအလှနှင့် နန်းတော်အလှကို စိတ်ဝင်တစားလာရောက်ကြည့်ရှုလေ့လာလျက်ရှိသည်။ မန္တလေးမြို့ဟု ဂုဏ်ယူစွာပြသနိုင်သော မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ အလှကိုအပေါ်စီးမှ မြင်နိုင်သောနေရာထဲတွင် နန်းမြင့်မျှော်စင်လည်းပါဝင်သည်။ ထိုနန်းမြင့်မျှော်စင်ကိုပင် ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ မဖြစ်မနေ တက်ရောက်ကြည့်ရှုလိုက်ရမှ မန္တလေးရဲ့အလှ၊ နန်းတော်ကြီးရဲ့အလှ၊ မန္တလေးတောင်ရဲ့အလှဆိုသော အလှပေါင်းခသည့် မန္တလေးရသကို ပြည့်စုံစွာခံစားနိုင်မည်ဟု တင်စားထားကြသည်။။

နန်းတော်နှင့် နန်းမြင့်မျှော်စင်ဆိုသည်မှာ တွဲဖက်ကာပါလာစမြဲပင်ဖြစ်သည်။ ရှေးအခါကမူ မင်းတုန်းမင်းတရားကြီး မြို့တည်စက ၁၂၁၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက် စနေနေ့တွင် တောင်နန်းမြင့်၊ မြောက်နန်းမြင့်၊ တောင်ပန်းခြံ၊ မြောက်ပန်းခြံ၊ တောင်ပန်းခုံ၊ မြောက်ပန်းခုံတို့ကို အကြီးအကြပ်နှင့် အုတ်မြစ်ချ တည်ဆောက်ခဲ့သည်ဟု သိရသည်။ သီပေါမင်းလက်ထက်တွင် နန်းမြင့်ကို ပြန်လည်တည်ဆောက်ခဲ့သည်။ ၁၂၄၆ ခုနှစ် သီတင်းကျွတ်လ ရွှေနန်းတော်ကြီး တောင်စမုတ်တော်ရှေ့တွင် အမြင့်သံတောင် ၇၀ ကျော်ရှိ ခရုပတ်လှေကားလိမ် နန်းမြင့်ပြသာဒ်တော်ကို ရွှေနန်းတော်မှ တာ၂၄၀၀ အကွာ မဟာမုနိဘုရားအရောက် ဝဲ၊ ယာနှစ်သွယ်တင့်တယ်သော မီးစောင်းတန်း၊ ပန်းထီး၊ တံခွန်အလျှူတော်ခင်းကျင်းပူဇော်သည်ကို မြင်နိုင်ရန် အချိန်မီဆောက်လုပ်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။

နိုင်ငံတကာခရီးသွားဧည့်သည်များကို မဟာမုနိဘုရား ပန်းဆီမီးကပ်လှူခြင်းအား မြင်နိုင်ရန် တည်ဆောက်သော မြင့်မြတ်သည့်ကောင်းမှု၊ ရည်ရွယ်ချက်နှင့် တည်ဆောက်သော နန်းမြင့်မျှော်စင်ဟုပင်ဆိုနိုင်ပေသည်။ လက်ရှိမျှော်စင်မှာ ပြန်လည်တည်ဆောက်ထားခြင်းဖြစ်သော်ငြားလည်း ရှေးခေတ် နန်းတော်သဏ္ဍာန်များ ပီပြင်စွာမြင်တွေ့စေသည့် နာမည်ရ မျှော်စင်တစ်ခုပင် ဖြစ်လာခဲ့သည်။လက်ရှိကာလတွင် မြနန်းစံကျော်ရွှေနန်းတော်၏အလှ၊ ရှေးမြန်မာတို့၏ အထွဋ်ရှိတင် တည်ဆောက်မှုအနုလက်ရာ၊ နန်းတော်တည်ဆောက်နည်းစနစ်၊ ခိုအိမ်ထားခြင်းစနစ်နှင့်တကွ လှပသော နန်းအလှရှုခင်းကို ကြည့်ရှုရင်းအပန်းဖြေစရာနေရာတစ်ခုပင် ဖြစ်လာခဲ့သည်။

လက်ရှိကာလ တည်ရှိနေသော နန်းအလှ နန်းမြင့်မျှော်စင် အမြင့်ပေ ၁၈၀၊ သံတောင် ၁၂၀၊ လှေကားထစ်ပေါင်း ၁၂၁ ထစ်ကို ဖြည်းဖြည်းမှန်မှန် တက်သွားရင်း နန်းမြင့်မျှော်စင်ပေါ်ရောက်သည်နှင့်ပင်ပန်းသမျှ အမောပြေကာ ဖြည်းညင်းစွာတိုက်ခတ်ပေးနေသော လေနုအေးက မျှော်စင်ပေါ်ရောက်လာသူများကို နားနေချွေးသိပ်စေကာ မန္တလေးမြို့အလှ၊ နန်းတော်ကြီးရဲ့အလှကို တဝကြီးကြည့်ရှုနိုင်စေရန် စွမ်းဆောင်ပေးလျက်ရှိနေပေသည်။

**(တိမ်တမန်)**




# ကမ္ဘာ့စာပို့တိုက်နေ့ပေးစာရေးပြိုင်ပွဲ ပထမဆုရပေးစာအား နိုင်ငံတကာအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

အောက်တိုဘာလ ၉ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စာပို့တိုက်နေ့ (World Post Day) အထိမ်းအမှတ်အဖြစ် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) နှင့် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU) တို့၏ ပူးပေါင်းကြီးမှူးသည့် အစီအစဉ်အဖြစ် အသက်(၁၅)နှစ်နှင့် အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကျင်းပပေးခဲ့သည်။

"Tell us about the world you want to grow up in" ဟူသော ခေါင်းစဉ်ဖြင့် ပြည်တွင်းအဆင့် အင်္ဂလိပ်ဘာသာဖြင့် ပေးစာရေးပြိုင်ပွဲကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန လူ့စွမ်းအားအရင်းအမြစ်နှင့်ပညာရေးစီမံကိန်းဦးစီးဌာနတို့ ပူးပေါင်း၍ ယခုနှစ် ဇန်နဝါရီ ၁ ရက်က မြို့နယ်များအလိုက် အခြေခံပညာကျောင်းများ၌ ကျင်းပပေးခဲ့သည်။

ပြည်တွင်းအဆင့် ပထမဆုကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး အထက(၁) နဝမတန်းမှ မယုမြတ်အောင်ကလည်းကောင်း၊ ဒုတိယဆုကို ရွှေဘို အထက(၃) နဝမတန်းမှ မောင်ဝေယံမျိုးက လည်းကောင်း၊ တတိယဆုကို လှိုင်ကော် အထက(၁) နဝမတန်းမှ မဝတ်ရည်ဖူးက လည်းကောင်း၊ နှစ်သိမ့်ဆု သုံးဆုကို အထက(၁)ဒဂုံ အဋ္ဌမတန်းမှ မောင်ကောင်းပြည့်နိုင်က လည်းကောင်း၊ စစ်တွေ အလက(၇) အဋ္ဌမတန်းမှ မနှင်းယုဆွေက လည်းကောင်း၊ ရေနံချောင်း ဝက်ချုပ် အထက (ခွဲ) နဝမတန်းမှ မောင်စံလင်းကလည်းကောင်း၊ အထူးဆုသုံးဆုကို မော်လမြိုင် ပါရမီကိုယ်ပိုင် အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မစိမ့်စိမ့်အောင်က လည်းကောင်း၊ ကျိုင်းတုံ အထက(၃)အဋ္ဌမတန်းမှ မစိန်စီအောင်နှင့် မြိတ် ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်ဇော်ခေါင်အောင်မြင်တို့ကလည်းကောင်း အသီးသီးဆွတ်ခူးရရှိကြသည်။

နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ပထမဆုရှင် မယုမြတ်အောင်၏ ပေးစာရေး စာမူကို ဆွစ်ဇာလန်နိုင်ငံရှိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ်သို့ ဆက်လက်ပေးပို့၍ နိုင်ငံတကာအဆင့်သို့ ဝင်ရောက် ယှဉ်ပြိုင်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး တံတားတည်ဆောက်

**သထုံ စက်တင်ဘာ ၁၃**

သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် သထုံမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် ပေါ်တော်မူကျေးရွာ ရန်ကင်းပေါ်တော်မူ ရေပုတ်ချောင်း တံတားတည်ဆောက်နေမှုကို စက်တင်ဘာ ၇ ရက်က ကွင်းဆင်းစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

လုံခြုံမှုရှိစေရေးဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အဖျောက်မြို့ ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ပညာရှင်များ၏ အကြံပြုချက်များ ထည့်သွင်းတွက်ချက်ပြီး ရေလမ်းကြောင်းကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရှည် ၁ ဒသမ ၂၅ မိုင်ရှိ ကမ်းနားတာကို အခိုင်အမာဆောင်ရွက်ပေးမည်ဖြစ်ပြီး လက်ရှိတာကိုလည်း ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ထပ်မံမြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ အဖျောက်တာသည် အရှည် ၇ ဒသမ ၂၅ မိုင်ရှိပြီး အဖျောက်မြို့သည် အဖျောက်မြို့ ကမ်းနားတာနှင့် မြို့မပန်းတာကြားတွင် ရပ်ကွက်ကြီးလေးခုဖြင့် ဖွဲ့စည်းထားသည်။ လက်ရှိတာကို ငါးပေထပ်မံမြှင့်တင်ပြီး ပိုမိုခိုင်ခံ့အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် မြို့ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်မည့်အပြင် စိုက်ပျိုးဧရိယာ ၁၄၄၇၅ ဧကကိုလည်း ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် အဖျောက်မြို့ အင်းဝကျောင်းတိုက်သို့ရောက်ရှိပြီး ပခန်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအတွက် ဘုရားဆင်းတုတော်များနှင့် ဆိုလာမီးအိမ်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မဟာသံတန်ဆောင်းတော်ရှိ လောကမာန်အောင်ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းကာ အလှူငွေများ ပေးအပ်သည်။

ယင်းနောက် မဟာသံတန်ဆောင်းတော်ရှိ ပိဋကတ်ကျောက်စာတော်များကို လှည့်လည်ကြည်ညိုသည်။

အဆိုပါ တန်ဆောင်းတော်ရှိ ပိဋကတ်တိုက်တော်မှာ သက်တမ်း ၉၈ နှစ်ရှိပြီး ပိဋကတ်ကျောက်စာ အချပ်ပေါင်း ၇၂၀ ပူဇော်ထားရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဇလွန်မြို့သို့ ရောက်ရှိပြီး ဇလွန်မြို့ မာန်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းတို့ ဆက်ကပ်လှူဒါန်းပြီး အလှူတော်ငွေများ ပေးအပ်သည်။

ဇလွန်ပြည်တော်ပြန်ဘုရားတွင် နိုင်ငံတော်သမ္မတသည် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဘုရားဆင်းတုတော်များကို ဓမ္မလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဇလွန်မြို့နယ် ဧရာဝတီ-ဟင်္သာတတာသို့ရောက်ရှိရာ ဒုတိယဝန်ကြီးဦးခင်ဇော်နှင့် တာဝန်ရှိသူများက ဝါသာလှ-ယွန်းသွယ်-ဗျဉ်းစဉ်ကုန်းဒေသ ဧရာဝတီမြစ်ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ဇလွန်မြို့ရေကာတာအား ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ဝါသာလှနှင့် ယွန်းသွယ်ကျေးရွာအကြားရှိ သောင်ခုံအား ဖြတ်မြောင်းဖောက်လုပ်ပေးသင့်ကြောင်း ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဇလွန်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇလွန်မြို့ မာန်အောင်မြင်ပြည်တော်ပြန်ဘုရားတွင် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

### ဧရာဝတီအရှေ့ဘက်ကမ်းတာ (အဖျောက်တာ) တည်နေရာပြမြေပုံ





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟင်္သာတတာအား ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



## အောင်လံမြို့တွင် ဧရာဝတီမြစ်ရေဝင်ရောက်

**အောင်လံ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် ဧရာဝတီမြစ်ရေသည် စက်တင်ဘာ ၁၁ ရက် ညနေ ၃နာရီခွဲက အောင်လံမြို့၏ စိုးရိမ်ရေမှတ် ၂၅၅၀ စင်တီမီတာတွင် ရောက်ရှိလာပြီဖြစ်သဖြင့် မြို့ပေါ်ရပ်ကွက်အချို့တွင် နီးစပ်ရာဆွေမျိုးသားချင်းများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်မှုများအနည်းငယ်ရှိခဲ့သည်။ မကျီးကုန်းရပ်ကွက်တွင် အိမ်ခြေ ၂၂ အိမ်၊ လူဦးရေ ၉၄ ဦး၊ သရက်တောရပ်ကွက်တွင် အိမ်ခြေ ၁၂၄ အိမ်၊ လူဦးရေ ၆၁၄ ဦး ၊ ကန်ကြီးရပ်ကွက်တွင် အိမ်ခြေ ၂၄ အိမ်၊ လူဦးရေ ၁၀၈ ဦး၊ စမ်းချောင်ရပ်ကွက်တွင် အိမ်ခြေ ၃၀ ၊ လူဦးရေ ၁၅၀ ၊ စက်ရုံရပ်ကွက်တွင် အိမ်ခြေ ၃၈ အိမ်၊ လူဦးရေ ၁၅၆ ဦး တို့အား အောင်လံမြို့နယ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့ဝင်များက နီးစပ်ရာဆွေမျိုးသားချင်းများအိမ်သို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# အမေရိကန်စစ်အခြေစိုက်စခန်း နေရာပြောင်းရွှေ့မှုအစီအစဉ် ဂျပန်ပြည်သူ ၂၀၀၀၀ ခန့် ကန့်ကွက်




**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် အငြင်းပွားဖွယ်ရာဖြစ်နေသည့် အမေရိကန် စစ်အခြေစိုက်စခန်းအသစ်တစ်ခု နေရာပြောင်းရွှေ့ရေးအတွက် အစိုးရ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဂျပန်ပြည်သူ ၂၀၀၀၀ ခန့်က ဂျပန်လွှတ်တော်ဒိုင်ယက်ရှေ့တွင် စုဝေး၍ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။


ဒေသခံပြည်သူများနှင့် အိုကီနာဝါအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကန့်ကွက်ခဲ့သော်လည်း အမေရိကန်စစ်အခြေစိုက်စခန်းကို ဖူတီမာခရိုင်မှ ဟီနိုကို ခရိုင်သို့ ပြောင်းရွှေ့ရန် ဗဟိုအစိုးရက မကြာသေးမီက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ဖူတီမာတွင် အမေရိကန်စစ်အခြေစိုက်စခန်းကို ပိတ်သိမ်းရန်နှင့် ဂျပန်နိုင်ငံတွင်း အခြားနေရာများသို့မဟုတ် ပင်လယ်ရပ်ခြားတွင် အစားထိုးတည်ဆောက်ရန် ဒေသခံများက အပြင်းအထန်တောင်းဆိုခဲ့ကြသည်။ အမေရိကန်စစ်အခြေစိုက်စခန်း နေရာပြောင်းရွှေ့ရေး အစီအစဉ်နှင့် ပတ်သက်၍ ဂျပန်ပြည်သူများသည် ဂျပန်လွှတ်တော် ဒိုင်ယက်ရှေ့တွင် ယခုနှစ်အတွင်း နှစ်ကြိမ်တိုင်တိုင် ကန့်ကွက်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် ဂျပန်ပြည်သူများသည် ဂျပန်ကာကွယ်ရေးတပ်မတော်ကို ပြည်ပနိုင်ငံများသို့ စေလွှတ်နိုင်ရန် ရည်ရွယ်သည့် ဝန်ကြီးချုပ် ရှင်ဇိုဘာအေး၏ လုံခြုံရေး ဥပဒေကြမ်းကိုလည်း ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

**ဆင်ဟွာ။**

❖



# အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ facebook ဌာနချုပ်သို့ သွားမည်

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဆီလီကွန်ဗယ်လီရှိ facebook ဌာနချုပ်သို့ အလည်အပတ်လာရောက်မည်ဖြစ်ကြောင်း facebook ကုမ္ပဏီ ထူထောင်သူနှင့် အမှုဆောင်အရာရှိချုပ်မာ့ခ်ဇူခါဘတ်ဂ်က စက်တင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဝန်ကြီးချုပ် မိုဒီသည် ယခုလ နှောင်းပိုင်းတွင် အမေရိကန်ပြည်ထောင်စုသို့ လာရောက်သည့်အခါ facebook ဌာနချုပ်သို့ အလည်အပတ်လာရောက်မည်ဖြစ်ကြောင်း၊ မိမိသည် လွန်ခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံ၌ ဝန်ကြီးချုပ်မိုဒီအား တွေ့ဆုံခွင့်ရရှိခဲ့ကြောင်း၊ မိမိတို့၏ ဌာနချုပ်သို့ အိန္ဒိယဝန်ကြီးချုပ်လာရောက်ရန်ရှိခြင်းနှင့် ပတ်သက်၍ ဂုဏ်ယူဝမ်းမြောက်မိကြောင်း လူမှုရေးကွန်ရက် ဝက်ဘ်ဆိုက်ဖြစ်သော facebookတွင် ဇူခါဘတ်ဂ်က ရေးသားဖော်ပြထားသည်။

ဝန်ကြီးချုပ်မိုဒီသည် စက်တင်ဘာ ၂၃ရက်မှ ၂၈ရက်အထိ အမေရိကန်ပြည်ထောင်စု၌ နေထိုင်လည်ပတ်ရန်စီစဉ်ထားသည်။ မိုဒီသည် အမေရိကန်ခရီးစဉ်အတွင်းကုလသမဂ္ဂ အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။

Facebook ဌာနချုပ်သို့ အလည်အပတ်လာရောက်ရန် ဇူခါဘတ်ဂ်က ဖိတ်ခေါ်ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း မိုဒီက ပြောကြားသည်။

**ပီတီအိုင်။**

# ယူရေနီယမ် သတ္တုသိုက် အီရန်ရှာဖွေတွေ့ရှိဟုဆို

**တီဟီရန် စက်တင်ဘာ ၁၃**

အီရန်နိုင်ငံ၌ ယူရေနီယမ် သတ္တုသိုက်တစ်ခုကို မမျှော်လင့်ဘဲ ရှာဖွေတွေ့ရှိရကြောင်း၊ မကြာမီယူရေနီယမ်သတ္တုဒြပ်စင်ထုတ်လုပ်မည့် သတ္တုတွင်း လုပ်ငန်းသစ်ကို စတင်မည်ဖြစ်ကြောင်း အီရန် အဏုမြူစွမ်းအင်အဖွဲ့ အကြီးအကဲက ပြောကြားလိုက်သည်။

အီရန်နိုင်ငံ၌ ရှာဖွေတွေ့ရှိရသော ယူရေနီယမ်သတ္တုသိုက်၏ အရွယ်အစား ပမာဏကို မိမိပြောဆိုနိုင်ခြင်းမရှိကြောင်း၊ယခင်က ယူရေနီယမ် သတ္တုရိုင်း တည်ရှိမှုနေရာ ရှာဖွေတွေ့ရှိမှုမှာ အားရဖွယ်ရာ မဟုတ်သော်လည်း ယခုတစ်ကြိမ်တွင်မူ မိမိတို့ တွေ့ရှိထားသော ယူရေနီယမ်သတ္တုသိုက်နှင့် ပတ်သက်၍ အားရကျေနပ်မှုဖြစ်မိကြောင်း အီရန် အဏုမြူစွမ်းအင်အဖွဲ့ အကြီးအကဲ အလီအက္ကဘာဆာလီနီကပြောကြားသည်။ အီရန်နိုင်ငံ၌ ယူရေနီယမ်သတ္တုသိုက်များ တည်ရှိမှုနှင့်ပတ်သက်၍ အနောက်နိုင်ငံများမှ ဘူမိဗေဒပညာရှင်များ၏ ယခင်သုံးသပ်ချက်မှာ အားရဖွယ်ရာ မရှိခဲ့ပေ။

အီရန်နိုင်ငံ၌ ယူရေနီယမ်သတ္တုကို ပြည်တွင်းသုံးအတွက် အလုံအလောက် တူးဖော်လာနိုင်ဖွယ်ရှိသည်ဆိုသော ပြောဆိုချက်နှင့် ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများက အနီးကပ်လေ့လာစောင့်ကြည့်နေကြမည်ဖြစ်ကြောင်း၊ အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ ယင်းနိုင်ငံနှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား ဇူလိုင်လတွင် သဘောတူညီချက်ရရှိခဲ့ကြောင်း ရိုက်တာက ရေးသားဖော်ပြသည်။

အီရန်နိုင်ငံသည် ငြိမ်းချမ်းရေး ရည်ရွယ်ချက်များနှင့် အညီသာလျှင် နျူကလီးယား အစီအစဉ်ကို အကောင်အထည်ဖော်နေသည်ဟု ယင်းနိုင်ငံက ထပ်တလဲလဲ ပြောကြားခဲ့သည်။

ယူရေနီယမ် သတ္တုဒြပ်စင်ကို အရပ်ဘက်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းအတွက်လည်းကောင်း၊ သိပ္ပံရေးရာ ရည်ရွယ်ချက်များအတွက်လည်းကောင်း အသုံးပြုနိုင်သည်သာမက အဏုမြူဗုံး ထုတ်လုပ်ရာတွင်လည်း အသုံးပြုနိုင်သည်။

**ရိုက်တာ။**



# ဆီးရီးယားအရေးဖြေရှင်းရန် အမေရိကန်နှင့်ရုရှားတို့၏ ပူးပေါင်းမှုလိုအပ်ဟု ဂျာမနီဝန်ကြီးချုပ် မာကယ်လ်ပြော

**ပေကျင်း စက်တင်ဘာ ၁၃**

ဂျာမနီနိုင်ငံအပါအဝင် အခြားသော အနောက်ဥရောပအင်အားကြီးနိုင်ငံများအနေဖြင့် အမေရိကန်နှင့် ရုရှားနိုင်ငံတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုသာ ဆီးရီးယားအကျပ်အတည်းကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာ မာကယ်လ်က ယနေ့ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်ပွဲများ အဆုံးသတ်စေရန်နှင့် နိုင်ငံတကာ၏ ဘုံရန်သူဖြစ်သော အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းနိုင်စေရန် အမေရိကန်နှင့် ရုရှားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ဂျာမနီဝန်ကြီးချုပ် မာကယ်လ်ကထုတ်ဖော်ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံအရေးကို ဖြေရှင်းနိုင်ရန် နိုင်ငံတကာအဖွဲ့တစ်ဖွဲ့ဖွဲ့စည်းရန်လိုအပ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖရန်ခ်ဝေါ်တာ စတင်မိုင်ရာက ရုရှား၊ ပြင်သစ်နှင့် ယူကရိန်းနိုင်ငံခြားရေး ဝန်ကြီးများနှင့်အတူ အစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် ၎င်း၏ထင်မြင်ယူဆချက်ကို ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ယူကရိန်းအရေးကိစ္စကို ဆွေးနွေးမည်ဟု စီစဉ်ထားသော်လည်း ဆီးရီးယားနိုင်ငံအရေးကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီးနှင့်ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့က ဆီးရီးယားအရေးနှင့်ပတ်သက်ပြီးအချိန်ကြာမြင့်စွာဆွေးနွေးခဲ့ပြီး ဆီးရီးယားနိုင်ငံတွင် ချိတ်ဆက်လုပ်ဆောင်နိုင်ရေး အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းရန် ကုလသမဂ္ဂဆီးရီးယားနိုင်ငံသားသံတမန်ဖြစ်သူ စတီဖန်ဒီမစ်တူရာ၏ အစီအစဉ်ကို ၎င်းတို့က သဘောတူညီခဲ့ကြသည်။

**ဆင်ဟွာ။**

# ကျင်းဟိုင်-တိဗက်ကုန်းမြင့်ဒေသ၌ အရပ်ဘက်လေဆိပ်သစ် ဖွင့်လှစ်မည်

**ပေကျင်း စက်တင်ဘာ ၁၃**

တရုတ်နိုင်ငံသည် ယခုနှစ်ကုန်ထက်နောက်မကျဘဲ ကျင်းဟိုင်-တိဗက်ကုန်းမြင့်ဒေသတွင် အရပ်ဘက်ဆိုင်ရာ လေဆိပ်သစ်တစ်ခုကို ဖွင့်လှစ်မည်ဖြစ်သည်။ တိဗက်ဒေသနှင့် တစ်ဆက်တစ်စပ်တည်း ထိစပ်နေပြီး သဘာဝ ပတ်ဝန်းကျင်ကောင်းမွန်သော ကျင်းဟိုင်ပြည်နယ်၏ ဆဋ္ဌမမြောက်လေဆိပ်ဖြစ်လာမည်ဖြစ်သည်။

ကျင်းဟိုင်ပြည်နယ် ဂိုလော့တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တည်ဆောက်နေသော အဆိုပါလေဆိပ်မှာ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၃၅၀၀ အမြင့်တွင် တည်ရှိသည်။

အဆိုပါလေဆိပ် တည်ဆောက်မှုလုပ်ငန်းသည် ယခုနှစ် အောက်တိုဘာလ အကုန်တွင် အလုံးစုံပြီးစီးမည်ဖြစ်ပြီး ယင်းလေဆိပ်တွင် မီတာ ၃၈၀၀ ရှည်လျားသည့် လေယာဉ်ပြေးလမ်းနှင့် စတုရန်းမီတာ ၃၀၀၀ ကျယ်ဝန်းသော ခရီးသည်များနားနေဆောင်လည်း ပါဝင်မည်ဖြစ်သည်။

ယင်းလေဆိပ်ပြီးစီးပါက ဂိုလော့မှ ကျင်းဟိုင်ပြည်နယ်မြို့တော်ရှီနင်း၊ တိဗက်ဒေသမှ လာဆာမြို့နှင့် ဆီချွမ်ပြည်နယ်ချန်ဒူးမြို့များသို့ လေကြောင်းခရီးစဉ် သုံးခုဖြင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

အဆိုပါလေဆိပ်သည် ကျင်းဟိုင်ပြည်နယ်၏ ဆဋ္ဌမမြောက်နှင့် ဂိုလော့ဒေသ၏ ပထမဆုံး လေဆိပ်ဖြစ်လာမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များ တည်ရှိရာဒေသဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

မြင့်မားသော ကုန်းပြင်မြင့်ဒေသတွင် တည်ရှိသည့် တိဗက်ဒေသ၌ လေဆိပ်ငါးခု တည်ရှိပြီး ဟိမဝန္တာဒေသနှင့် တရုတ်နိုင်ငံ၏ အခြားဒေသများအကြား ဆက်သွယ်နိုင်သည်။

**ဆင်ဟွာ။**

## ပြည်တွင်းရေးရာ




❒ **ကျောဖုံးမှ**

အခမ်းအနားတွင် ဒုတိယသမ္မတက လူကုန်ကူးမှုပြဿနာကို ၁၉၉၀ ပြည့်နှစ်မှ စတင်သတိပြုမိခဲ့ပါကြောင်း၊ ၁၉၉၅ ခုနှစ် (၄)ကြိမ်မြောက် ပေကျင်းကမ္ဘာ့အမျိုးသမီးများ ညီလာခံအပြီးတွင် လူမှောင်ခိုလူကုန်ကူးမှု ပြဿနာအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ၁၉၉၇ ခုနှစ်တွင် လူကုန်ကူးမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

လူမှောင်ခိုလူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီကို ၂၀၀၂ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြိုတင်ကာကွယ်ရေး၊ ဥပဒေဖြင့်အရေးယူရေး၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နည်းဗျူဟာလေးရပ်အဖြစ်ချမှတ်ပြီး စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ လူကုန်ကူးမှုဖြစ်စဉ်များပြားသည့် ကျေးလက်ဒေသများအား လူကုန်ကူးမှုကို သိရှိရန်နှင့် အရေးယူဆောင်ရွက်နိုင်ရန် နယ်လှည့်သင်တန်းပေးရေးအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၀၄ ခုနှစ်တွင် အာဆီယံနိုင်ငံများ၊ မဲခေါင်ဒေသ ခြောက်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး လုပ်ငန်းအဖွဲ့ သုံးဖွဲ့ဖြစ်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့် ရပ်ရွာအခြေပြု လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များကို အသီးသီးဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် ငါးနှစ်စီမံကိန်းကို ၂၀၀၇ ခုနှစ်မှ စတင်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုနှစ်သည် ၂၀၁၂-၂၀၁၆ အမျိုးသားအဆင့် ဒုတိယငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်ပါကြောင်း၊ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး စသည့် ကဏ္ဍငါးရပ်အောက်တွင် ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မူဝါဒနှင့်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအနေဖြင့် လူကုန်ကူးခံရသူများကို ပြန်လည်ပို့ဆောင်ရေးနှင့် တရားစွဲဆိုရေးကိစ္စရပ်များကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း လူကုန်ကူးခံရသူများကို အကာအကွယ်ပေးခြင်းနှင့် လူကုန်ကူးခံရသူများ စိစစ်ခြင်းကိစ္စရပ်များကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် လူငယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ ချိတ်ဆက်မှုကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်အထိ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ကြိုတင်တားဆီးကာကွယ်ရေးကဏ္ဍအနေဖြင့် အသိပညာပေးရုံဖြင့် ကြိုတင်တားဆီးကာကွယ်ရေးမှာ ပြည့်စုံလုံလောက်မှုမရှိသည့်အတွက် လူကုန်ကူးခံရနိုင်သည့် အကြောင်းတရားများ၊ လူကုန်ကူးမှုဖြစ်ပွားသောနေရာများနှင့် လူကုန်ကူးခံရနိုင်သော ဦးတည်အုပ်စုများကို ရှာဖွေဖော်ထုတ်ရန်လိုအပ်ပါကြောင်း၊ ပြည်ပသို့ ရွှေ့ပြောင်းသွားလာကြသူများအတွက် လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ရန် နည်းဗျူဟာများ ချမှတ်သွားကြရမည်ဖြစ်ပါကြောင်း။

တရားစွဲဆိုရေးကဏ္ဍတွင် လူကုန်ကူးမှုများစုံစမ်းဖော်ထုတ်ရာ၌ ဌာနဆိုင်ရာ အသီးသီးအကြား လုပ်ထုံးလုပ်နည်းများကြောင့် ဖြစ်ပေါ်နေသော အခက်အခဲများ၊ ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော်၍ စုံစမ်းစစ်ဆေးရာတွင် ဖြစ်ပေါ်နေသည့် အဟန့်အတားများကို ဖော်ထုတ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် စတင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားစွဲဆိုရေးဆိုင်ရာ အရာရှိများနှင့် လူကုန်ကူးခံရသူများအား အကူအညီပေးနေသည့်သူများအကြား ကျွမ်းကျင်မှုနှင့် လူသားချင်းစာနာမှုကို အခြေခံကာ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ပြီး လူကုန်ကူးခံရသူများ၏ အခွင့်အရေးအလေးထားကာကွယ်မှုကို အရှိန်တိုးမြှင့်ဆောင်ရွက်နေပါကြောင်း။

လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေးကဏ္ဍအနေဖြင့် အကူအညီပေးမှုအပိုင်းတွင် ကျွမ်းကျင်မှု၊ လူအင်အား၊ ငွေအင်အားများစွာလိုအပ်နေသည်ကိုသုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များတွင် လူကုန်ကူးခံရသူများအတွက် စနစ်တကျအကူအညီပေးနိုင်ရန် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လူကုန်ကူးခံရသူများ သတင်းအချက်အလက်မျှဝေရာစင်တာကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် နှစ်သိမ့်ဆွေးနွေးနိုင်ခြင်း၊ အခက်အခဲများကိုပြောဆိုနိုင်ခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ သားသမီးပျောက်ဆုံးသည့် မိဘဆွေမျိုးများ၊ အုပ်ထိန်းသူများအား သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေးနိုင်ခြင်းတို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထိရောက်သည့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အကူအညီများ လိုအပ်နေပါကြောင်း၊ လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ထူထောင်ရေးတို့အတွက် အသုံးပြုရန် နိုင်ငံတော်ကထောက်ပံ့သော ငွေကြေးနှင့် ပြည်တွင်းပြည်ပမှ လှူဒါန်းသော ငွေကြေးများကို ရန်ပုံငွေတစ်ရပ်အဖြစ် စနစ်တကျထူထောင်သွားရန် လိုအပ်ပါကြောင်း။

စွမ်းရည်မြှင့်တင်ရေးကဏ္ဍအနေဖြင့် လူကုန်ကူးမှုစောင့်ကြည့်ရေးအဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအား အရည်အချင်းမြှင့်တင်ရေးဆိုင်ရာ သင်ကြားမှုများ လိုအပ်ပါကြောင်း၊ ရရှိထားသော အတွေ့အကြုံ၊ ဗဟုသုတများကို အသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုနှစ် သတ်မှတ်ထားသည့် "လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့" ဆိုသည့် ဆောင်ပုဒ်အတိုင်း လူသားချင်းစာနာနားလည်မှုဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် CSOs များကိုယ်စား Mr. Kieran Gorman Best ကလည်းကောင်း၊ မိတ်ဖက်အဖွဲ့အစည်းများကိုယ်စား ဩစတြေးလျသံရုံးမှ Ms. Carla Giuca ကလည်းကောင်း ဂုဏ်ပြုစကားပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးကြိုးပမ်းအားထုတ်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုကြည့်ရှုပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဓာတ်ပုံပြခန်းအား ကြည့်ရှုလေ့လာပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ NGO/INGO များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

---

# မြန်မာဘာသာစကားကို ပိုမိုသင်ယူလာသော ဂျပန်နိုင်ငံသားများ

**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံ တိုကျိုမြို့ တာကာတာနိုဘာဘာရပ်ကွက်သည် နာမည်ကြီးဝါဆီဒါတက္ကသိုလ်အပါအဝင် ပညာရေးဆိုင်ရာ အင်စတီကျူးရှင်းများစွာရှိသော ရပ်ကွက်ဖြစ်သည်။ ဂင်ဇာရပ်ကွက်ကဲ့သို့ အဆင့်မမြင့် ရှိဘူယာရပ်ကွက်ကဲ့သို့လည်း မကြီးကျယ်မစည်ကားသည့်တိုင် တာကာတာနိုဘာဘာရပ်ကွက်သည် ကျောင်းသားများစွာ နေထိုင်သည့်ရပ်ကွက်ဖြစ်ရာ ဈေးနှုန်းသက်သာသော်လည်း အရသာကောင်းမွန်သည့် စားသောက်ဆိုင်နှင့် ဈေးဆိုင်တန်းများစွာ ပိုင်ဆိုင်ထားသည်။

တာကာတာနိုဘာဘာရပ်ကွက်၌ မြန်မာနိုင်ငံသားများပြားလာခြင်းကြောင့် အဆိုပါရပ်ကွက်သည် ရန်ကုန်အသေးစားအဖြစ် မကြာသေးမီကထင်ရှားလာခဲ့သည်။ သို့သော်လည်း ယင်းအခြေအနေကို အချို့သော ဂျပန်နိုင်ငံသားများ သတိမမူခဲ့ကြပေ။ မကြာသေးမီက တာကာတာနိုဘာဘာဘူတာရုံနှင့် မလှမ်းမကမ်းတွင်ရှိသော ဘာသာရပ်သင်ကျောင်းတစ်ခုအတွင်းရှိ လူများမှာ မြန်မာစာနှင့် မြန်မာစကားကို စိတ်ဝင်တစား သင်ကြားသည်ကိုတွေ့ရသည်။ အဆိုပါဘာသာရပ်သင်ကျောင်းမှာ ၂၀၁၃ ခုနှစ်က စတင်ဖွင့်လှစ်သည့်ကျောင်းဖြစ်သည်။

ထိုဘာသာရပ်သင်ကျောင်းကိုဦးဆောင်သူ တာကူယာနီရှိကိုင်တိုက မြန်မာဘာသာရပ်သင်ကျောင်းများကို အခြားဒေသများ၌ ထပ်မံဖွင့်လှစ်ရန် ပြင်ဆင်ထားပါကြောင်း၊ ယမန်နှစ်ကစပြီး စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာကြီးထွားလာမှုကြောင့် မြန်မာဘာသာစကား တတ်သိမှု လိုအပ်လာသည့်အတွက် ဘာသာရပ်သင်ကျောင်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယခုအခါ တယ်လီကွန်းကုမ္ပဏီမှ လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် နောင်ကီမက်ဆူရှီဒါသည် မိမိတို့ကျောင်းတွင် ဘာသာစကားများ သင်ယူနေကြောင်း စသည်ဖြင့်ပြောကြားသည်။

တာကာတာနိုဘာဘာရပ်ကွက်သည် ၂၀၀၀ ပြည့်လွန်နှစ်များကတည်းကပင် ရန်ကုန်အသေးစား သို့မဟုတ် မြန်မာရပ်ကွက်အဖြစ် တဖြည်းဖြည်း ထင်ရှားလာသည့်နေရာဖြစ်သည်။ ယခုအခါ အဆိုပါနေရာတွင် မြန်မာစားသောက်ဆိုင်နှင့် ကုန်စုံဆိုင် ၂၀ ခန့်ရှိပြီး ယင်းတို့အနက် လေးခု သို့မဟုတ် ငါးခုမှာ မကြာသေးမီကမှ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တာကာတာနိုဘာဘာရပ်ကွက်ပါဝင်သည့် ရှင်ဂျူကုဒေသတွင် မြန်မာနိုင်ငံသားများ ၁၅၀၀ ကျော်ရှိပြီး လွန်ခဲ့သောသုံးနှစ်ခန့်နှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသား ၅၀ ရာခိုင်နှုန်းလျော့ကျသွားခဲ့ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်မှစပြီး ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းလာသည့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဂျပန်နှင့်မြန်မာနိုင်ငံအကြား ကူးလူးသွားလာသူအရေအတွက် များပြားလာခဲ့သည်။ ထို့အတူ ၂၀၁၀ ခုနှစ်မှစပြီး ဂျပန်နိုင်ငံသို့ သွားရောက်ပညာသင်ယူသည့် မြန်မာကျောင်းသားအရေအတွက်မှာ ၅၀၀ ခန့်အထိ မြင့်တက်လာခဲ့သည်။ ကျောင်းသားအများစုမှာ တာကာတာနိုဘာဘာနှင့် မြေအောက်ရထားဖြင့်သွားပါက သုံးဘူတာ သို့မဟုတ် လေးဘူတာလောက်သာဝေးကွာသည့် အီခဲဘူကူရို၊ ဆူကာမိုနှင့် အုတ်ဆူကာရပ်ကွက်ကြားရှိဒေသများတွင် နေထိုင်ကြသည်။ ဥပမာအနေဖြင့် မြန်မာကျောင်းသူ ဝတ်ရည်အောင်သည် အီခဲဘူကူရိုတွင် နေထိုင်ပြီး တာကာတာနိုဘာဘာသို့ မြေအောက်ရထားစီးကာ အိမ်အတွက် ဈေးဝယ်ထွက်လေ့ရှိသည်။

မြန်မာနိုင်ငံအသွင်ကူးပြောင်းလာမှုကြောင့် ဂျပန်နိုင်ငံသားများ တာကာတာနိုဘာဘာရပ်ကွက်ကိုပို၍ စိတ်ဝင်စားလာကြသည်။ ဂျပန်-မြန်မာ ယဉ်ကျေးမှုဌာနက ဖွင့်လှစ်လိုက်သော တာကာတာနိုဘာဘာ ရပ်ကွက်ရှိ အဆိုပါဘာသာရပ်သင်ကျောင်းတွင် မြန်မာဘာသာစကားသင်ယူသူ ဂျပန်နိုင်ငံသား ၄၀ ခန့်ရှိသည်။ အများစုမှာ ကုမ္ပဏီဝန်ထမ်းများဖြစ်ပြီး ၎င်းတို့၏လုပ်ငန်းလိုအပ်ချက်အရ မြန်မာဘာသာစကားကို သင်ယူကြကြောင်း သိရသည်။

တာကာတာနိုဘာဘာရပ်ကွက်ရှိ နာမည်ရမြန်မာစားသောက်ဆိုင်တစ်ခုဖြစ်သော "မင်္ဂလာပါ" စားသောက်ဆိုင်တွင် မကြာသေးမီက မြန်မာနိုင်ငံကို ရောက်ခဲ့ဖူးသော ဂျပန်လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံတွင် သွားရောက်အလုပ်လုပ်မည့် ဂျပန်ကုမ္ပဏီဝန်ထမ်းများနှင့် စည်ကားလျက်ရှိနေသည်။ တာကာတာနိုဘာဘာ ရပ်ကွက်တွင် မြန်မာကျောင်းသားများသာမက မြန်မာနိုင်ငံမှ အကြောင်းအမျိုးမျိုးကြောင့် ဂျပန်ကို ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများလည်း နေထိုင်ကြကြောင်းသိရသည်။

ဝရဇိန်

ပြည်တွင်းရေးရာ

# နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**ကျိုင်းတုံ စက်တင်ဘာ ၁၃**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအောင်မင်းနှင့် ဦးသိန်းဇော် ဦးဆောင်သည့်အဖွဲ့ဝင်များနှင့် "ဝ" အထူးဒေသ-၂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူရီ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မိုင်းလားအထူးဒေသ-၄ ဥက္ကဋ္ဌ ဦးစိုင်းလင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ရွှေတြိဂံရိပ်သာ အစည်းအဝေးခန်းမ၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)နှင့် စပ်လျဉ်း၍လည်းကောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။**(အပေါ်ပုံ)**

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဘုန်းမြတ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်အေး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက နေပြည်တော်၌ စက်တင်ဘာ ၉ ရက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုနိုင်ရန် နိုင်ငံတော်သမ္မတနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြပါကြောင်း၊ အဆိုပါစာချုပ်အားအောက်တိုဘာလ ပထမပတ်အတွင်း လက်မှတ်ရေးထိုးကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတက အဆိုပါစာချုပ်နှင့် ပတ်သက်၍ တိုင်းရင်းသားခေါင်းဆောင်များအား ရှင်းလင်းပြောကြားရန် မိမိတို့အဖွဲ့ကို စေလွှတ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ကြိုးပမ်းဆောင်ရွက်နေသည့်ကာလဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက်ကို နှစ်ဖက်အတည်ပြုနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ခိုင်မာသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်များဆောင်ရွက်ရေးသည် ထာဝရငြိမ်းချမ်းရေးရယူနိုင်ရေးအတွက် အဓိကကျသည့် ပထမခြေလှမ်းပင်ဖြစ်ပါကြောင်း၊ အာမခံချက်ရှိသည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေးသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းနိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နိုင်ရေးအတွက် အထူးဒေသ-၂ နှင့် အထူးဒေသ-၄ အဖွဲ့များကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်တွင် ပါဝင်ဆောင်ရွက်ရန်ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယခင်ကာလများနှင့် နှိုင်းယှဉ်လျှင် အထူးဒေသ-၂ နှင့် အထူးဒေသ-၄ တို့သည် များစွာဖွံ့ဖြိုးတိုးတက်နေပါကြောင်း၊ ထိုတိုးတက်ဖွံ့ဖြိုးမှုများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း အထူးဒေသ- ၂ နှင့် အထူးဒေသ- ၄ တို့ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် ပါဝင်လာရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။


ထို့နောက် အထူးဒေသ-၂ ပြင်ပဆက်ဆံရေးဌာန ကြီးမှူး ဦးကျောက်ကော်အမ်းနှင့် အထူးဒေသ-၄ ဥက္ကဋ္ဌ ဦးစိုင်းလင်းတို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် "ဝ" အထူးဒေသ-၂ နှင့် မိုင်းလားအထူးဒေသ-၄ တို့၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် "ဝ" အထူးဒေသ-၂၊ မိုင်းလားအထူးဒေသ-၄ တို့မှ ကိုယ်စားလှယ်အဖွဲ့တို့သည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ အချက်အလက်များနှင့်ပတ်သက်၍ သော်လည်းကောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း ရင်းနှီးပွင့်လင်းစွာအပြုသဘောဆောင်ဆွေးနွေးခဲ့ကြသည်။

"ဝ" အထူးဒေသ-၂ နှင့် မိုင်းလားအထူးဒေသ-၄ တို့အနေဖြင့် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အတူတကွ ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ခဲ့မှု၏ ရလဒ်ဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အပေါ်တွင်လည်းကောင်း အသိအမှတ်ပြုထောက်ခံကြိုဆိုပါကြောင်းနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် လည်းကောင်း အပြုသဘောဆောင်သောလုပ်ငန်းစဉ်များကို အခြေခံပြီး အတူတကွပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆက်လက်ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း နှစ်ဖက်သဘောတူ ထုတ်ပြန်ကြေညာအပ်ပါသည်ဟု ဖော်ပြပါရှိသည်။**(သတင်းစဉ်)**






# နိုင်ငံပိုင်လေကြောင်းလိုင်း သက်တမ်း(၆၇)နှစ် ပြည့်မြောက်

# မြန်မာအမျိုးသားလေကြောင်းလိုင်းအမည်ဖြင့် နိုင်ငံတကာခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲသွားမည်

**ရန်ကုန် စက်တင်ဘာ ၁၃**

နိုင်ငံပိုင်လေကြောင်းလိုင်း သက်တမ်းအားဖြင့်(၆၇)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး မြန်မာအမျိုးသားလေကြောင်းလိုင်းဟူသော အမည်ဖြင့် ယခင်က ပျံသန်းပြေးဆွဲခဲ့ဖူးသော နိုင်ငံတကာခရီးစဉ်များနှင့် အသစ်တိုးချဲ့ပြေးဆွဲမည့် ခရီးစဉ်များကို ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် နိုင်ငံပိုင်လေကြောင်းလိုင်းကို "မြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေး(ပ. လ. သ. ဖ)" Union of Burma Airways အမည်ဖြင့် စတင်တည်ထောင်ပြေးဆွဲခဲ့သည်။ စတင်ချိန်တွင် De Havilland Dove လေယာဉ်ကြီးဖြင့် ပြည်တွင်းရှိ လေဆိပ်ပေါင်း ၁၉ ခုသို့ ပျံသန်းနိုင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ဘန်ကောက်၊ ကိုလ်ကတ်တား၊ စစ်တကောင်းမြို့တို့သို့ ပျံသန်းမှု စတင်ခဲ့သည်ဟု သိရသည်။

နိုင်ငံပိုင်လေကြောင်းလိုင်းကို နိုင်ငံတကာပျံသန်းမှုများအတွက် လုပ်ငန်းစဉ်တိုးချဲ့မှုအစီအစဉ်တစ်ခုအရ Union of Burma Airways ၁၉၅၂ ခုနှစ် အက်ဥပဒေအောက်တွင် ပြုပြင်ပြောင်းလဲမှုပြုလုပ်ခဲ့ပြီး တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တိုင်သည့်အထိ စင်ကာပူ၊ ခတ်မန်တူ၊ နောက်ပိုင်းတွင် ဘန်ကောက်၊ ကိုလ်ကတ်တား၊ ဒါကာ၊ ဟောင်ကောင်နှင့် ဂျကာတာ စသည့်မြို့များသို့ ပျံသန်းနိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှ စတင်ကာ "မြန်မာ့လေကြောင်း Myanma Airways" အမည်သို့ပြောင်းလဲကာ မြို့ပေါင်း ၂၀ မြို့သို့ ပျံသန်းပြေးဆွဲခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကော်ပိုရေးရှင်းသို့ ပြောင်းလဲကာ အစိုးရ၏ ညွှန်ကြားမှုအောက်တွင် စီးပွားရေးလည်ပတ်မှုတစ်ခုလုံးကို လုပ်ဆောင်နေသည့် နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သည်။ လက်ရှိတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဟူသော အမည်အသစ်၊ ကော်ပိုရေးရှင်းအသွင် ဖွဲ့စည်းမှုအသစ်ဖြင့် နိုင်ငံတကာခရီးစဉ်သစ်များကို တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် ဩဂုတ်လက ရန်ကုန်-စင်ကာပူ-ရန်ကုန် ခရီးစဉ် ပျံသန်းပြေးဆွဲနိုင်ခဲ့ပြီးနောက် ဆက်လက်၍ တိုင်ပေနှင့် တစ်ချိန်က ပြေးဆွဲခဲ့ဖူးသော ဟောင်ကောင်သို့ တိုက်ရိုက်ပျံသန်းပြေးဆွဲမှုကို လာမည့် ဒီဇင်ဘာလတွင် စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

"နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံတော်ပိုင်တဲ့ နိုင်ငံတကာလေကြောင်းလိုင်း ရှိကိုရှိရမယ်။ နိုင်ငံရဲ့လက်ရုံးတစ်ဆူ ဖြစ်သလို နိုင်ငံရဲ့ကျက်သရေလည်း ဖြစ်ပါတယ်။ နိုင်ငံပိုင်လေကြောင်းလိုင်းကို ရတနာလိုသဘောထားရပါမယ်။ အဲဒီလေကြောင်းလိုင်းလာပြီဆိုရင် မြန်မာနိုင်ငံရဲ့ရတနာလာတယ်လို့ ပြည်ပနိုင်ငံတွေက လေးစားမှုပေးပါတယ်"ဟု ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောသည်။



နိုင်ငံတကာခရီးစဉ်များကို တိုးချဲ့ပျံသန်းပြေးဆွဲရာတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ဘိုရင်းလေယာဉ်ကြီးများဖြင့် ပျံသန်းပြေးဆွဲရန် ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှစတင်ကာ နိုင်ငံတကာခရီးစဉ်သစ် ငါးခု ပျံသန်းပြေးဆွဲသွားမည်ဟု သိရသည်။

"အောက်တိုဘာလမှာ လေယာဉ်သစ်တစ်စင်း ရောက်ရှိမှာဖြစ်ပါတယ်။ ဟောင်ကောင်၊ တိုင်ပေခရီးစဉ်ကို ဒီဇင်ဘာပထမပတ်လောက်မှာ ပြေးဆွဲမှာဖြစ်ပါတယ်။ လေယာဉ်နှစ်စင်းနဲ့ အပတ်စဉ်ခြောက်ရက်(စနေနေ့မပါ) ပြေးဆွဲပေးမှာပါ။ အစိုးရသစ်လက်ထက် နိုင်ငံရေး၊ စီးပွားရေးပွင့်လင်းလာတော့ နိုင်ငံတော်တော်များများက ဂရုစိုက်လာကြတယ်။ ယှဉ်ပြိုင်ပြေးဆွဲသွားရမှာပါ။ သက်တမ်း(၆၇)နှစ် ရှင်သန်လာခဲ့တာဖြစ်ပြီး တစ်ချိန်တုန်းက သမိုင်းအစဉ်အလာကောင်းခဲ့ပါတယ်။ အခု ကျွန်တော်တို့လက်ထက်မှာ ပိုကောင်းဖို့ လိုပါတယ်။ အခုဆိုရင် အွန်လိုင်းကနေလက်မှတ်ဝယ်ယူမှု အဆင်ပြေအောင် ဆောင်ရွက်ပေးထားပြီး နိုင်ငံတကာကနေလာမယ့် ဧည့်သည်တွေအတွက် အထူးအစီအစဉ်အနေနဲ့ စင်ကာပူ-ရန်ကုန်-ပုဂံ/ညောင်ဦး- မန္တလေး-ဟဲဟိုး-စစ်တွေ-သံတွဲ ဒီလို connection ပျံသန်းပြေးဆွဲပေးတာမျိုးဖြစ်ပါတယ်"ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းအမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းက ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် မြန်မာနိုင်ငံတွင် မြို့ပေါင်း ၂၆ မြို့သို့ ပျံသန်းပြေးဆွဲနေသော အကြီးဆုံးလေကြောင်းလိုင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်မှ စတင်ကာ နိုင်ငံတကာပျံသန်းမှုခရီးစဉ် ငါးခုကို စတင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။ ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ် ပြေးဆွဲနိုင်ခဲ့မှုအပြီး တိုင်ပေနှင့် ဟောင်ကောင်သို့ ဆက်လက်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကာ အခြားသော နိုင်ငံတကာခရီးစဉ်သစ်များကိုလည်း ဆက်လက်ပြေးဆွဲသွားနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်ဟု သိရသည်။ မြန်မာအမျိုးသားလေကြောင်းလိုင်းတွင် ပျံသန်းပြေးဆွဲနေသည့် လေယာဉ်အမျိုးအစားများမှာ Boeing Next-Generation 737-800(၂၀၁၅ ခုနှစ်တွင် ရောက်ရှိ)၊ Boeing 737 Max 8 (လာမည့်နှစ်အနည်းငယ်အတွင်းရောက်ရှိမည်)၊ Embraer 190၊ ATR၊ Caravan၊ Beech အမျိုးအစားတို့ဖြစ်ကြောင်း သိရသည်။ **(ဝဝ၁)**

# သာသနာရေးဝန်ကြီးဌာနသို့ စေတနာရှင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က လာရောက်လှူဒါန်းခဲ့ကြသည့် ဝတ္ထုငွေ၊ ဆွမ်းဆန်တော်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများ စေတုတ္တရာမြို့နယ်ရှိ ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၈ ကျောင်းသို့ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်း ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၈ ကျောင်း၊သီလရှင်ကျောင်း ခုနစ်ကျောင်းတို့မှ ဆရာတော် သံဃာတော်နှင့် သီလရှင်များအတွက် သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းသည့် ဝတ္ထုငွေ၊ ဆွမ်းဆန်တော်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာနှင့် ရဟန်း၊ သီလရှင်အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၂ ရက်က စေတုတ္တရာမြို့ အမှတ်(၂) ရပ်ကွက်ရှိ ရိပ်သာ ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ မြကန်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမင်္ဂလအမှူးပြုသော ဆရာတော် သံဃာတော် များနှင့် ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၈ ကျောင်း၊ သီလရှင်ကျောင်း ခုနစ်ကျောင်းတို့မှ သံဃာတော်များ၊ သီလရှင်များ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မင်းဘူးခရိုင်မှ တာဝန်ရှိသူများ၊ စေတုတ္တရာမြို့နယ်မှ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ထို့နောက် ရေဝင်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်းများဖြစ်သော ခြင်ပြစ်ကိုင်ကျောင်း၊ ပွင့်တောက်ကျောင်း၊ ငလဲကျောင်းတို့အား ပြန်လည် ပြုပြင်ရန်အတွက် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလျှင် အလှူငွေကျပ် သိန်း ၂၀ ဖြင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် ငွေကျပ်သိန်း ၆၀ ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးအပ်လှူဒါန်းရာ ဆရာတော်များကိုယ်စား စေတုတ္တရာမြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။**(ယာပုံ)**



ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဒေသများရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် သီလရှင်ကျောင်းများသို့ လှူဒါန်းပေးရန် ဝတ္ထုငွေ၊ ဆွမ်းဆန်တော်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ဆေးမျိုးစုံနှင့် အသုံးအဆောင်ပစ္စည်းများကို စေတနာရှင် ရဟန်းရှင်လူအပေါင်းက သာသနာရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းခဲ့ပြီး တပည့်တော်တို့ သာသနာရေးဝန်ကြီးဌာနက စုစည်း၍ ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဒေသများသို့ လှည့်လည်လှူဒါန်းလျက်ရှိရာ စေတုတ္တရာမြို့နယ်ရှိ ရေဝင်ပျက်စီးသော ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ရေကြီးရေဝင်ခဲ့သော ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်း နှင့် သီလရှင်ကျောင်း ခုနစ်ကျောင်း၊ ရေကြီးရေလျှံမှုဒဏ်မခံရသော်လည်း ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများမှ ရဟန်းသာမဏေ၊ သီလရှင်များနှင့် စေတုတ္တရာမြို့နယ်အတွင်း ရေဘေးဒဏ်ခံရသော ဒေသခံပြည်သူများကို ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ နားခိုစရာနေရာပေးခြင်း၊ ကျွေးမွေးစောင့်ရှောက်ပေးခြင်းတို့ဖြင့် ဝိုင်းဝန်းကူညီပေးခဲ့သော ဘုန်းတော်ကြီးကျောင်း ၉၈ ကျောင်းတို့ကို လာရောက်လှူဒါန်းခြင်းဖြစ်ပါကြောင်း။

အထူးသဖြင့် ဆရာတော် သံဃာတော်များက ရေလွတ်ရာကျောင်းကန် သာသနိကအဆောက်အအုံများ၌ ခိုနားခွင့်ပြုကာ စောင့်ရှောက်ပေးကြသကဲ့သို့ ရပ်နီးရပ်ဝေးမှ သံဃာတော်များကလည်း အလျဉ်းသင့်ရာ ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းမှုများကိုပါ စုစည်း၍ ကိုယ်တိုင်ကြွရောက်လှူဒါန်းကြသည်ကို မြင်ရ၊ ကြားရ၊ သိရရုံဖြင့် အင်မတန် ဝမ်းမြောက်သာဓုခေါ်စရာဖြစ်ပါကြောင်း။

သာသနာတော်သုံးရပ် ပြန့်ပွားထွန်းကားလျက်ရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဆရာတော်အရှင်သူမြတ်များက သင်ယူဆည်းပူးညွှန်ကြားသဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို ဆည်းကပ်ကိုးကွယ်ခွင့်ရရှိခြင်းဖြစ်၍ အထူးကျေးဇူးကြီးလှပါကြောင်း၊ ဆရာတော်အရှင်သူမြတ်များက သာသနာတော်မြတ်ကြီးအား ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူကြသည့်နည်းတူ ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ကြောင့်ကြမှုမရှိရအောင် ပစ္စယာနုဂ္ဂဟအားဖြင့် ထောက်ပံ့လှူဒါန်းလျက်ရှိပါကြောင်း။

ဆရာတော်အရှင်သူမြတ်များ အနေဖြင့် ယာယီရေဘေးဒုက္ခကြုံတွေ့ရသော်လည်း ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စွာဖြင့် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ဖြာကို ထမ်းဆောင်နိုင်ပါစေရန် ဆုတောင်းပါကြောင်း၊ တပည့်တော်တို့ ဒါယကာ၊ ဒါယိကာမများအနေဖြင့်လည်း ဆရာတော် အရှင်သူမြတ်တို့၏ ဩဝါဒကိုနာယူလျက် ယခုကဲ့သို့ နိုင်ငံ့အရေးကိစ္စများတွင် ဆရာဒကာ လက်တွဲညီညာစွာဖြင့် ဆောင်ရွက်မည် ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယနေ့ စေတုတ္တရာမြို့နယ်အတွင်းရှိ ရေကြီးရေလျှံမှုဒဏ် ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၈ ကျောင်း၊ သီလရှင်ကျောင်း ခုနစ်ကျောင်းအတွက် လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများမှာ ဆန် ၁၂၅ အိတ်၊ ဆီ ၁၂၅ ပိဿာ၊ သင်္ကန်း ၂၆၉ စုံ၊ သီလရှင် ဝတ်စုံ ၃၆ စုံ၊ ထီး ၃၀၅ ချောင်း၊ ဖိနပ် ၂၆၉ ရန်၊ သပိတ် ၂၆၉ လုံး၊ စတီးဇွန်း ၁၂၅ ဒါဇင်၊ စတီးချိုင့်(သုံးဆင့်) အလုံး ၁၃၀၊ လှူဖွယ်ခြင်း ၁၀ ခြင်း၊ ဆား ၁၂၅ ပိဿာ၊ ဆွမ်းဟင်းခွက် ၂၆၉ လုံး၊ ဆေးမျိုးစုံ ၁၂၇ ထုပ်၊ နဝကမ္မအလှူငွေ ကျပ်သိန်း ၁၀၀ ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

## ပခုက္ကူ၊ ဖောင်းပြင်၊ မော်လိုက်၊ မုံရွာ၊ မင်းကင်းနှင့် ကလေးဝမြို့တို့ စိုးရိမ်ရေမှတ်များအောက် ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့နှင့် ကလေးဝမြို့တို့တွင် နှစ်ပေခန့်စီ၊ မော်လိုက်မြို့တွင် သုံးပေခွဲခန့်၊ မင်းကင်းမြို့တွင် သုံးပေခန့်နှင့် မုံရွာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်းဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ မင်းကင်းမြို့၊ မုံရွာမြို့နှင့် နောက်တစ်ရက်အတွင်း ကလေးဝမြို့တွင် ယင်းမြို့များ၏စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ၂၀၁၅ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင် လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၆၃၇၃၄ စုမှ လူဦးရေ ၁၆၉၃၉၅၂ ဦး ရေဘေးသင့်ခဲ့ပြီး ၁၃၂ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၉၆၁၉၆၆၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၁၃၇၆၄၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၄၄၄၇၄၆၆၄ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၁၄၀၀၀၀၀၊ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၉၉၇၅၅၈၁၄ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | မျောပါ/ပျက်စီး အိမ်ခြေ | ဘေးသင့်အိမ်ထောင်စု | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | ပြန်လည်ထူထောင် ရေးအတွက် | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **-** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ စက်တင်ဘာလ (၁၃)ရက်နေ့အထိ** | | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၄၁ | ၉၇၁၈၉ | ၄၇၃၂၁၉ | ၂၇ | ၄၀၁၆၈၇၅၀ | ၁၄၈၅၀၀၀ | ၁၉၇၅၀၀၀၀ | ၆၄၆၄၇၇၁၀ | ၂၄၀၀၀၀၀ | - | ၁၂၈၄၅၁၄၆၀ | |
| ၂။ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၁၀၀ | - | ၂၅၀၀၀၀ | ၄၀၁၅၉၀၆ | ၁၀၀၀၀၀ | ၄၂၈၁၄၇၅၀ | ၆၂၄၂၀၉၅၆ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၈ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၁၀၁၇၅၀ | - | ၉၃၅၀၀၀၀ | ၃၃၃၅၁၃၆၈ | ၁၂၀၀၀၀၀ | - | ၅၃၄၀၃၁၁၈ | |
| ၅။ | ချင်းပြည်နယ် | ၂၉၃၄ | ၄၂၅၇ | ၂၁၇၈၆ | ၁၂ | - | - | ၁၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၁၅၀၀၀၀၀ | - | ၁၅၇၀၁၉၉၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၃၇၄၁ | ၁၆၁၃၆ | ၉၆၁၆၅ | ၃၆ | - | - | - | ၇၂၁၀၁၃၇၀ | ၃၆၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၃၈၁၈၉၀ | |
| ၇။ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၁၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | ၄၅ | ၁၅၁၅ | ၆၆၁၂ | - | - | ၄၁၅၈၀၀၀ | - | ၂၄၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၆၉ | ၈၇၉၅၅ | ၁၇၇၁၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၁၆၉၃ | ၃၀၁၆၉၄ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၁၉၀၈၈ | ၁၂၆၈၂၁ | ၄၉၈၀၄၃ | - | ၁၆၀၀၉၆၅၀ | - | ၈၅၀၀၀၀ | ၄၄၄၈၅၇၆၀ | - | - | ၆၉၀၄၅၄၁၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၁၀၈၂ | ၁ | ၃၅၂၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၈၇၉၉၀ | |
| | **စုစုပေါင်း** | **၃၉၀၈၅** | **၄၂၂၀၉၈** | **၁၆၇၉၀၄၁** | **၁၂၅** | **၉၂၄၆၉၃၀၀** | **၁၂၉၃၆၄၅၀** | **၉၇၃၄၀၀၀၀** | **၃၂၈၇၆၉၀၈၄** | **၁၀၇၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၃၅၇၁၀၁၀၄** | |
| | **ဇွန်လမှ စက်တင်ဘာလထိ စုစုပေါင်း** | **၃၉၄၉၀** | **၄၂၄၂၄၄** | **၁၆၉၃၉၅၂** | **၁၃၂** | **၉၆၀၁၆၆၅၀** | **၁၆၇၂၉၂၃၀** | **၁၃၇၆၄၀၀၀၀** | **၃၄၄၄၇၄၆၆၄** | **၁၁၄၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၉၉၇၅၅၈၁၄** | |


## ပြန်လည်ထူထောင်ရေး

# ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက်မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ


**နေပြည်တော် စက်တင်ဘာ ၁၃**

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဖောင်းပြင်မြို့နှင့် ကလေးဝမြို့တို့တွင် နှစ်ပေခန့်စီ၊ မော်လိုက်မြို့တွင် သုံးပေခွဲခန့်၊ မင်းကင်းမြို့တွင် သုံးပေခန့်နှင့် မုံရွာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့၊ နောက်တစ်ရက်အတွင်း ကလေးဝမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)





ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)





# ဧရာဝတီမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက်မြို့ကြီးများ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ


**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ပခုက္ကူမြို့တွင်ပေဝက်ခန့် စိုးရိမ်ရေမှတ်အထက်ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း၊ ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေကာ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း၊ အလားတူ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**


ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ဟင်္သာတမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ညောင်ဦးမြို့)





# ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ


**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေ မြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် တစ်ပေခွဲခန့် ကျော်လွန်လျက်ရှိပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ရေ အခြေအနေ (ပခုက္ကူမြို့)




ဧရာဝတီမြစ်ရေ အခြေအနေ (ဇလွန်မြို့)




# ညောင်ဦးနှင့်မင်းဘူးမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ၁ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးခရိုင်နှင့် မင်းဘူးခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုထားသည်။ **(ကြေးမုံ)**

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ရေဘေးသင့်ကလေးဒေသတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရန် သင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ကလေး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် ကလေးဒေသတွင် ပြန်လည်ထူထောင်ရေးကာလအတွင်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ကျရောက်စဉ် အရေးပေါ်အခြေအနေများတွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ကျန်းမာရေး စေတနာ့ဝန်ထမ်းများအား သင်တန်းဖွင့်လှစ်သင်ကြားခြင်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က အဖွင့်အမှာစကားပြောကြားပြီး IPPF နှင့် (MMCWA)ဌာနမှ အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာဦးကိုကိုမော်က လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ SPRINT Poacl Person မှ ဒေါက်တာခင်ဦးဇင်က SPRINT Project အကြောင်းကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်များ၊ ကျန်းမာရေး ဌာနမှ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့နယ် စခန်းကြီးကျေးရွာ မိခင်နှင့်ကလေးအသင်းခွဲရုံးသို့ ရောက်ရှိကြပြီး သားဖွားခန်းကို ကြည့်ရှုစစ်ဆေးကြကာ သားဖွားခန်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ပြန်လည်ထူထောင်ရေး

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစီရင်ခံစာ အမှတ်(၅)ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်သော အစီရင်ခံစာအမှတ်(၅)ကို စက်တင်ဘာ ၉ ရက်က ထုတ်ပြန်ထားရှိသည်။

အဆိုပါ အစီရင်ခံစာတွင် ဩဂုတ်နောက်ဆုံးပတ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ခဲ့ကြောင်း၊ သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် စက်တင်ဘာ ၇ ရက်အထိ အိမ်ထောင်စု (၂၃၈)စုမှ လူဦးရေ (၁၀၅၃) ဦး အတွက် ကယ်ဆယ်ရေးစခန်း (၁၁)ခု ထပ်မံဖွင့်လှစ်ခဲ့ရကြောင်း၊ သို့ဖြစ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း ဖော်ပြထားသည်။

ရေဘေးသင့်ခဲ့မှုအခြေအနေနှင့်ပတ်သက်၍ စက်တင်ဘာ ၆ ရက်အထိ သတင်းအချက်အလက်များအရ ရေဘေးသင့် တိုင်းဒေသကြီး/ပြည်နယ်(၁၂)ခုတွင် ရေဘေးသင့်ပြည်သူ (၁၆၂၄၃၈၉)ဦး ဘေးလွတ်ရာသို့ပြောင်းရွှေ့ခဲ့ရပြီး စုစုပေါင်း အိမ်ခြေ (၄၈၉၈၉၇)လုံး ရေဘေးသင့်ကာ ၎င်းအနက်မှ (၂၁၂၂၁)လုံး လုံးဝပျက်စီးခဲ့ပြီး (၄၆၈၆၇၆)လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရကြောင်း၊ ရေဘေးကြောင့်လယ်ယာမြေ (၁၄၇၅၉၇၂)ဧက ရေဝင်နစ်မြုပ်ခဲ့ပြီး (၁၁၁၅၃၃၉)ဧကပျက်စီးကာ ၎င်းအနက်မှ (၈၄၇၄၇၁)ဧကမှာ သီးနှံများ ပျက်စီးခဲ့ကြောင်း၊ ပျက်စီးဧကများအနက်မှ (၄၁၄၆၃၅) ဧကမှာ ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

ရေဘေးတုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်မှုများအတွက် နိုင်ငံတော်အစိုးရမှ ကျပ် (၁၉)ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃ သန်း) သုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့အတွက် ငွေကြေးထောက်ပံ့မှုမှာ နိုင်ငံတော်အစိုးရမှ ကျခံသုံးစွဲခဲ့သည့် ပမာဏ၏ (၁၇)ရာခိုင်နှုန်းရှိကြောင်း၊ အစီရင်ခံစာ အမှတ်(၄)တွင် အခြားသော တိုင်းဒေသကြီး/ပြည်နယ်များထက် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း ကျခံသုံးစွဲသည့် ငွေပမာဏ ပိုမိုများပြားကြောင်း ဖော်ပြထားသည်။

ရန်ပုံငွေဖြန့်ဝေသုံးစွဲခြင်းကဏ္ဍတွင် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့မှ ရေဘေးတုံ့ပြန်ရေးလုပ်ငန်းများအတွက် စုစုပေါင်း ကျပ်(၁၅၅)ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၃၃ သန်း) ကျခံသုံးစွဲမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကျပ်(၆၁)ဘီလီယံ (အမေရိကန် ဒေါ်လာ ၅၃ သန်း) ခွဲဝေသတ်မှတ်ထားပြီး ၎င်းတွင် နိုင်ငံတော်သမ္မတအရေးပေါ်ရန်ပုံငွေမှ ကျပ် (၄၂ ဒသမ ၂) ဘီလီယံ၊ နိုင်ငံတော်အစိုးရမှ ကျပ်(၄ ဒသမ ၄)ဘီလီယံ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ပြင်ပအလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကျပ် (၁၄ ဒသမ ၇)ဘီလီယံတို့ ပါဝင်ကြောင်း၊ ကုလသမဂ္ဂ၏ Central Emergency Response Fun (CERF) အပါအဝင် နိုင်ငံတကာမှ အလှူငွေ အမေရိကန်ဒေါ်လာသန်း (၈၀)ရရှိပြီးဖြစ်ကြောင်း၊ အခြားကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ ပုဂ္ဂလိကကဏ္ဍနှင့် အလှူရှင်များမှ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ၎င်းတို့၏ ထောက်ပံ့ကူညီပေးနေမှုများနှင့် အရင်းအမြစ်ဖြန့်ခွဲထားရှိမှုများကို အသိပေးကြေညာထားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဂျပန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် နိုင်ငံတကာပုဂ္ဂလိကကဏ္ဍတို့မှ စုစုပေါင်းခန့်မှန်းအလှူငွေ အမေရိကန်ဒေါ်လာ (၃ ဒသမ ၄ )သန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

စားနပ်ရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ရေဘေးသင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ဝန်း လယ်ယာမြေများ ထိခိုက်ပျက်စီးခဲ့ပြီး ပြန်လည်မစိုက်ပျိုးနိုင်သေးသောဒေသများမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ဖြစ်ပြီး အဆိုပါဒေသများတွင် ရေကြီးမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ လယ်ယာမြေများ၌ ရေများကောင်းစွာ ပြန်လည်စီးထွက်နိုင်မှုမရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း တီးတိန်၊ တွန်းဇံ၊ ဖလန်း၊ ဟားခါး၊ ထန်တလန်၊ ပလက်ဝနှင့် မင်းတပ်မြို့တို့အပါအဝင် ဘေးသင့်ဒေသများတွင် လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ခြင်း မရှိသေးကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အဆိုပါဒေသများအတွင်း မြေပြိုမှုများဖြစ်ပွားပြီး ထိခိုက်ပျက်စီးမှုနှုန်း မြင့်မားခြင်းကြောင့် ဖြစ်ကြောင်း။

လူသားချင်းစာနာထောက်ထားမှု မိတ်ဖက်အဖွဲ့အစည်းများမှ ရေဘေးသင့်ပြည်သူ (၄၅၅၂၆၉)ဦးအတွက် တစ်လစာ ဆန်ရိက္ခာ၊ ပဲမျိုးစုံ၊ ဟင်းချက်ဆီ၊ ဆား၊ အာဟာရတန်ဖိုးမြင့် ဘီစကွတ်စသည့် စားနပ်ရိက္ခာ မက်ထရစ်တန် (၃၂၄၁)တန် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် အစားအစာ (၁၄)မက်ထရစ်တန် ဖြန့်ဝေပေးခဲ့ကြောင်း ဖော်ပြထားသည်။

အခိုအကာနှင့် အစားအစာမဟုတ်သော လူသုံးကုန်ပစ္စည်းများကဏ္ဍတွင် ဘူးသီးတောင်မြို့နယ်သည် ထိခိုက်ပျက်စီးမှုအပြင်းထန်ဆုံးဖြစ်ပြီး အဆိုပါမြို့နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း အခြားသောနေရာများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ နည်းပါးနေကြောင်း၊ ဘူးသီးတောင်မြို့နယ်အပြင် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဟားခါး၊ တွန်းဇံနှင့် ပလက်ဝမြို့တို့သည် ဘေးဖြစ်ပွားမှုပြင်းထန်ခြင်းကြောင့် လုံးဝပျက်စီးအိမ်ခြေ မြင့်မားလျက်ရှိကြောင်း၊ ကုလသမဂ္ဂ၏ အခိုအကာအစုအဖွဲ့၏ ခန့်မှန်းချက်အရ အိမ်ခြေလုံးဝပျက်စီးသည့် စုစုပေါင်း လူဦးရေ (၈၈၀၀၀)ရှိပြီး ရခိုင်ပြည်နယ်တွင် (၅၂၀၀၀)ဦး၊ အခြားဒေသများတွင် (၃၆၀၀၀)ဦးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အိမ်ခြေ (၉၅၂၅)လုံးအား အရေးပေါ်အခိုအကာများ ထောက်ပံ့ပေးခဲ့ပြီး ရေဘေးသင့်လူဦးရေ သုံးပုံနှစ်ပုံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

ကာကွယ်စောင့်ရှောက်ခြင်းကဏ္ဍတွင် ရေဘေးသင့်ပြည်သူများ၏ နေ့စဉ်ဘဝများနှင့် လုပ်ရှားဆောင်ရွက်မှုများတွင် ရေရှည်ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး စိတ်ပိုင်းဆိုင်ရာ လူမှုစောင့်ရှောက်မှုပေးရန် အထူးလိုအပ်လျက်ရှိကြောင်း၊ စိတ်ပိုင်းဆိုင်ရာ လူမှုစောင့်ရှောက်မှုပေးရန် ရွေ့လျားဖြစ်ရပ် စီမံခန့်ခွဲမှုအဖွဲ့များ စီစဉ်ဆောင်ရွက်ပေးရန်နှင့် ရေဘေးသင့်ဒေသများအတွင်း ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာများ အထူးသဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအား အသိပညာပေးခြင်းတို့ မြှင့်တင်ဆောင်ရွက်ရန်အတွက် လေ့ကျင့်သင်တန်းပေးထားသော ဖြစ်ရပ်စီမံခန့်ခွဲမှု ကျွမ်းကျင်လုပ်သားများကို ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများသို့ စေလွှတ်ခဲ့ကြောင်း၊ ထို့ပြင် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ အထိခိုက်ဆုံးမြို့နယ် (၁၂)မြို့နယ်တွင် ဘေးသင့်အမျိုးသား၊ အမျိုးသမီးငယ်များအား စိတ်ပိုင်းဆိုင်ရာလူမှုရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ပြထားသည်။ **(ဆက်လက်ဖော်ပြပါမည်။)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | |
|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၄၈၆ | ၃၁၅၁၇ | ၁၂၈၅၈ | ၈၃၂၉ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၆၈ | ၆ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၈၀၁ | ၅၈၀၁ | ၃၂၅၃ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၂၃၅၈၂ | ၁၉၅၄၃၈ | ၁၂၃၁၁၇ | ၆၂၁၇၅ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၁၅၂၈၄၇ | ၉၆၃၅၉ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၅၃၃၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၅၆၄၈၆ | ၁၆၆၆၆ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၄၉၁ | ၁၃၄၉၁ | ၂၇၀၄ | ၄၆၇ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၈၅၃၉ | ၂၆၄၂၄၈ | ၂၁၀၇၀၁ | ၂၈၆၀၇ |
| | **စုစုပေါင်း** | **၁၄၈၄၆၅၈** | **၁၄၀၀၂၅၄** | **၈၄၅၂၇၂** | **၄၄၄၁၉၁** |

**မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ဧရာဝတီမြစ်ရေ စက်တင်ဘာ ၁၃ ရက် နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ စိုးရိမ်ရေမှတ် ၁၇၀၀ စင်တီမီတာအထက် ၄ စင်တီမီတာခန့် ကျော်လွန်လျက်ရှိပြီး မြို့ပေါ်ရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းအနီးရှိကျေးရွာများသို့ မြစ်ရေများဝင်ရောက်လျက်ရှိသည်ကို တွေ့ရစဉ်။**

တင်ထွန်းဦး(မင်းဘူး)

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ အလှူငွေလက်ခံရရှိမှုမရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ အလှူငွေကျပ် ၈၁၅၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ အလှူငွေရရှိမှု စုစုပေါင်းမှာ ၃၇၄၅၆၂၃၆၄၃ ကျပ်၊ အမေရိကန် ဒေါ်လာ ၁၅၁၁၂၀၁ ဒသမ ၉၇၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ

## မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၃**

ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ဝံသာနုဒီမိုကရက်တစ်ပါတီနှင့် ခေတ်သစ်ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၄ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

# ဟသ်ာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်လာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟသ်ာတခရိုင်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**(ကြေးမုံ)**

# ကမ္ဘောဇနှင့် ရန်ကုန် နိုင်ပွဲရ

**သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်**



ကမ္ဘောဇအသင်း မနောမြေဘက်သို့ ထိုးဖောက်နေစဉ်။

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲပွဲစဉ် (၁၇) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

**(တောင်ကြီးကွင်း)**
**ကမ္ဘောဇ - သုံးဂိုး**
**မနောမြေ - တစ်ဂိုး**

ယခုပွဲမှာ ပထမပိုင်းထက် ဒုတိယပိုင်းကအကြိတ်အနယ်ဖြစ်ခဲ့ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ကမ္ဘောဇအသင်းမှာ ဒုတိယပိုင်းတွင် လူအပြောင်းအလဲနှင့် နည်းဗျူဟာအပြောင်းအလဲ မှန်ကန်မှုကြောင့် အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မနောမြေအသင်းမှာ ယခု ရှုံးပွဲကြောင့် တန်းဆင်းအန္တရာယ် ဇုန်ထဲမှ ရုန်းထွက်နိုင်ခြင်းမရှိဘဲ ဖိအားပိုများသွားသည်။

ကမ္ဘောဇအသင်းမှာ ပွဲပယ်ခံထားရသည့်ဂျော်ဂျီမှလွဲ၍ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို တန်းဆင်းဇုန်ထဲ ရောက်နေသည့် မနောမြေအသင်းကလည်း အမှတ်ရယူနိုင်ရန် လူစုံသုံးခဲ့သည်။ ပထမပိုင်းတွင် မနောမြေအသင်းက ခံစစ်ပိတ်ကစားခဲ့၍ ကမ္ဘောဇအသင်း ဖိကစားနိုင်ခဲ့သော်လည်း ဂိုးရရှိရန် မစွမ်းဆောင်နိုင်ခဲ့ပေ။ ၅၆ မိနစ်တွင် ကမ္ဘောဇအသင်း မထင်မှတ်ဘဲ ဂိုးပေးလိုက်ရပြီး အမီယိုဘီက မနောမြေအတွက် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရ၍ ကမ္ဘောဇအသင်းမှာ ဖိုလန်၊ ဉာဏလွင်တို့ကို ထည့်ကာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ကစားကွက်ပြန်မိလာခဲ့သည်။

ဂိုးပေးရပြီး ရှစ်မိနစ်အကြာတွင် ကမ္ဘောဇအသင်း ချေပဂိုးပြန်ရခဲ့ပြီး ကျော်ဇေယျာဝင်းက သွင်းယူခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ကမ္ဘောဇအသင်း ကစားကွက်အသာရသွားပြီး ၇၃ မိနစ်တွင် ဘာကာ၊ ၇၆ မိနစ်တွင် ဖိုလန်တို့က အနိုင်ဂိုးများသွင်းယူပေးခဲ့သည်။ ယခုပွဲအနိုင်ရလဒ်ကြောင့် ကမ္ဘောဇအသင်းမှာ ဇယားထိပ်ပိုင်းမှ အသင်းများနှင့် အမှတ်ကွာဟမှုကျဉ်းမြောင်းနိုင်ခဲ့သည်။

**(အောင်ဆန်းကွင်း)**
**ရန်ကုန် - နှစ်ဂိုး**
**(ကျော်ကိုကိုနှင့် ဆီဇာ)**
**ရခိုင် - တစ်ဂိုး**
**(ပြည်မိုး)**

**(သုဝဏ္ဏကွင်း)**
**ရတနာပုံ - တစ်ဂိုး**
**(ရဲကိုဦး)**
**မကွေး - တစ်ဂိုး**
**(ဒီဂျမ်)**

**❖ အိုလံပစ်မှ**

ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲအနေအထားအရ မြန်မာအသင်းမှာ တတိယအဆင့်ခြေစစ်ပွဲတက်ရောက်ရန် ထိုင်း၊ ဗီယက်နမ်တို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်ပြီး တရုတ်(တိုင်ပေ)အသင်းကိုလည်း လျှော့တွက်၍မရပေ။ မြန်မာအသင်းမှာ ဂျော်ဒန်အသင်းနှင့် စတင်ကစားရမည်ဖြစ်ရာ ယင်းပွဲတွင် အမှတ်ပြည့်ရရှိရန် လိုအပ်နေသည်။ ယင်းပွဲအပြီးတွင် ထိုင်း၊ ဗီယက်နမ်တို့နှင့် ဆက်တိုက်ကစားရမည်ဖြစ်ရာ မြန်မာအသင်း၏ နောက်တစ်ဆင့်တက်ရေးအတွက် အရေးပါသည့် အဆုံးအဖြတ်ပွဲများ ဖြစ်နေသည်။

မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲယှဉ်ပြိုင်ရန်အတွက် အပြီးသတ်ကစားသမား ၁၉ ဦး ရွေးချယ်ခဲ့သော်လည်း ပြိုင်ပွဲဝင်တစ်သင်းလျှင် ဂိုးသမားသုံးဦးထားရှိရမည်ဖြစ်သောကြောင့် ဒဏ်ရာပြဿနာရှိနေသည့် ဂိုးသမားတစ်ဦးကိုပါ ထပ်မံရွေးချယ်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ နန်ကျင်းမြို့တွင် စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ လေ့ကျင့်မှုများပြုလုပ်ပြီး ခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ဇွန်လကတည်းက ပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး စန်းစန်းမော်၊ ရီရီဦး၊ သန်းသန်းထွေး စသည့်အမာခံကစားသမားများမှာ အပြီးသတ်ရွေးချယ်ရာတွင် ပါဝင်ခဲ့သော်လည်း ခြေဖနောင့်ဒဏ်ရာခွဲစိတ်ထားသည့် ခင်မာလာထွန်းမှာ ကြံ့ခိုင်မှုအပြည့်ဖြင့် ပါဝင်နိုင်ရန် မသေချာသေးပေ။

အိုလံပစ်ပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲများအဖြစ် စက်တင်ဘာ ၁၄ ရက် ညနေ ၃ နာရီခွဲတွင် တရုတ်(တိုင်ပေ)နှင့် ဗီယက်နမ်၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင် မြန်မာနှင့် ဂျော်ဒန်၊ စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီတွင် ဂျော်ဒန်နှင့် တရုတ်(တိုင်ပေ)၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့်ထိုင်း၊ စက်တင်ဘာ ၁၈ ရက် ညနေ ၃ နာရီခွဲတွင် ထိုင်းနှင့် ဂျော်ဒန်၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့်ဗီယက်နမ်၊ စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီတွင် ဗီယက်နမ်နှင့် ဂျော်ဒန်၊ ညနေ ၆ နာရီခွဲတွင် တရုတ်(တိုင်ပေ)နှင့် ထိုင်း၊ စက်တင်ဘာ ၂၂ ရက် ညနေ ၃ နာရီခွဲတွင် ထိုင်းနှင့် ဗီယက်နမ်၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် တရုတ် (တိုင်ပေ)တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# သွေးရောဂါပညာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံဆရာဝန်အသင်း သွေးရောဂါပညာအဖွဲ့မှ ကြီးမှူးကျင်းပမည့် ပဉ္စမအကြိမ်မြောက် သွေးရောဂါပညာ နှီးနှောဖလှယ်ပွဲကို စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကုန်မြို့ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်တွင်ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ၊ တက်ရောက်လိုသူများအနေဖြင့် ပါမောက္ခဒေါ်ချိုချိုညွန့် (ရောဂါဗေဒဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊တွဲဖက်ပါမောက္ခဒေါ်အေးအေးခိုင် (သွေးရောဂါအထူးကုဌာန၊ ရန်ကုန်ကလေးဆေးရုံကြီး)၊ ဒေါက်တာခိုင်ရွှေဝါပွင့်(သွေးရောဂါအထူးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာခင်သီတာထွန်း (သွေးရောဂါအထူးကုဌာန၊ မြောက်ဥက္ကလာပြည်သူ့ဆေးရုံကြီး)တို့ထံ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

**○ ရှုံးပွဲမရှိမှ**

ဘာတိုကလည်း ၎င်းအနေဖြင့် မေဝယ်သာအား အစစအရာရာတွင် မယှဉ်နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ရှုံးပွဲမရှိစံချိန်ဖြင့် လက်ဝှေ့လောကအား နှုတ်ဆက်နိုင်ခဲ့သည့် မေဝယ်သာအတွက် ဂုဏ်ယူပါကြောင်းဆိုခဲ့သည်။ မေဝယ်သာကမူ ဘာတိုမှာ တစ်ချိန်မျှ လဲကျခဲ့ခြင်းမရှိကြောင်း၊ ယခုပွဲမှာ ပွဲကောင်းတစ်ကောင်းဖြစ်ပြီး ဘာတိုမှာ မာကျောသည့် ပြိုင်ဘက်ကစားသမားဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ချိုးဖျက်စရာစံချိန်များ မရှိတော့သောကြောင့် လက်ဝှေ့လောကမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မေဝယ်သာမှာ အသက်(၁၉)နှစ် အရွယ်ကပင် လက်ဝှေ့လောက၌ ကျင်လည်ခဲ့သူဖြစ်ပြီး ၁၈ နှစ်တာကာလလုံး ကမ္ဘာ့ချန်ပီယံအဖြစ် စံချိန်များအားလုံးကို ချိုးဖျက်နိုင်သည့် ကစားသမားလည်းဖြစ်သည်။ ယခုပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်က အမေရိကန်နိုင်ငံ လပ်စ်ဗီးဂက်မြို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**မေလှဲ့သင်း**

# ဘုရင့်နောင် နှစ်ထပ်ခုံးကျော်တံတားပေါ်၌ အငှားယာဉ်နှင့်ခရီးသည်တင်ယာဉ်တိုက်မိ၊ အမျိုးသမီးတစ်ဦး ဒဏ်ရာရ



**ရန်ကုန် စက်တင်ဘာ ၁၃**

မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဘုရင့်နောင် နှစ်ထပ်ခုံးကျော်တံတားပေါ်၌ အငှားယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့ တိုက်မိရာ အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၃ ရက် နံနက် ၅ နာရီခန့်က မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်းအတိုင်း (အရှေ့မှအနောက်သို့)မောင်းနှင်လာသော စူပါရှုပ်အငှားယာဉ် အမှတ် 5D/---- သည် ဘုရင့်နောင် နှစ်ထပ်ခုံးကျော်တံတားပေါ်သို့အရောက် လှိုင်သာယာမှ သမိုင်းလမ်းဆုံဘက်(အနောက်မှအရှေ့)သို့ မောင်းနှင်လာသော (၄၃) အဖြူရောင်ခရီးသည်တင်ယာဉ် အမှတ် 5A/---- နှင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

"တိုက်တာအရှိန်ပြင်းတယ်။ အငှားယာဉ်တောင် တစ်ဖက်ယာဉ်ကြောရောက်သွားပြီး တံတားပေါင်ပေါ်မှာ တစ်ဝက်တင်နေတယ်။ တံတားအောက်မကျသွားတာ တော်သေးတယ်။ ခေါင်းခန်းက လိုက်လာတဲ့ ခရီးသည် အမျိုးသမီးကိုတော့ ကားထဲကဆွဲထုတ်ပြီး ဆေးရုံသွားပို့တာတွေ့ရတယ်"ဟု အဆိုပါ ဖြစ်ပွားမှုအနီးရှိ ကိုဇော်မင်းက ပြောသည်။

ဖြစ်ပွားမှုကြောင့် ယာဉ်နှစ်စီးလုံး ဦးခေါင်းပိုင်း ပျက်စီးသွားပြီး အငှားယာဉ်ပေါ်ပါ ခရီးသည် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။ ခရီးသည်တင် ယာဉ်မောင်း (စုံစမ်းဆဲ)မှာ ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် သက်ဆိုင်ရာမှ ဥပဒေအရအမှုဖွင့်လှစ်၍ ဆက်လက်စုံစမ်းမှုများပြုလုပ်နေကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

# အမဲလိုက်ကန်ထရိုက်စနစ်ကြောင့် အန္တရာယ်အငွေ့အသက်ရလာသောရန်ကုန်

ဆောင်းပါး-ရဲခေါင်ညွန့်၊ ဓာတ်ပုံ- ဖိုးထောင်



သဃ်ႋန်းကျွန်းရှိကန်ထရိုက်တိုက်များအား တွေ့ရစဉ်။

ရန်ကုန်မြို့၏ လူနေမှုစရိတ်စက ကြီးမြင့်မှုကြောင့် ဆောက်လုပ်ရေးအင်ဂျင်နီယာအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသည့် မခိုင်ချိုတစ်ယောက် တရားမဝင်ကန်ထရိုက်တိုက်များ အများအပြားရှိရာ သဃ်ႋန်းကျွန်းမြို့နယ်တွင် နေထိုင်နေရသည်။

"ဘုရားစာရွတ်ပြီးနေနေရတယ်။ ကိုယ်လည်း အင်ဂျင်နီယာဆိုတော့ သိနေတယ်။ သိနေတော့ ပိုဆိုးတယ်။ မနေချင်ဘူး။ ဒါပေမယ့် အခြေအနေနဲ့ အချိန်အခါအရနေရတာပဲ။ အစ်မနေတဲ့နားမှာဆို ကားတွေဖြတ်သွားရင်တောင် အိမ်လှုပ်တယ်"

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေအများဆုံးနေထိုင်သည့် စီးပွားရေးမြို့တော်ရန်ကုန်သည် မြို့ပြတွင် နေထိုင်သည့် လူဦးရေအချိုးအစားမြင့်မားသည့် နေရာတစ်ခုဖြစ်လာနေသည်။ ကန်ထရိုက်တိုက် အများစုသည် ကြံ့ခိုင်မှုစနစ်နည်းပါးခြင်းကြောင့် မြို့ပေါ်နေလူတန်းစားတို့အတွက် အန္တရာယ်နှင့် စိန်ခေါ်မှုများကို စတင်ကြုံတွေ့နေရပြီဖြစ်သည်။

မြို့ပြတွင်နေထိုင်သူ လူဦးရေငါးသန်းကျော်ရှိခဲ့နေသည့် ရန်ကုန်သည် ၂၀၁၁ နောက်ပိုင်း ငါးနှစ်တာကာလအတွင်း တရားဝင်လျှောက်ထားပြီး ဆောက်လုပ်သည့် အဆောက်အအုံပေါင်းနှစ်သောင်းနီးပါးအထိ ရှိခဲ့သည်။ စည်ပင်သာယာ(အင်ဂျင်နီယာဌာန)ရှိ စာရင်းများအား တွက်ချက်ကြည့်ရာတွင် တရားဝင်အဆောက်အအုံအလုံး ၁၀၀ ဆောက်လျှင် တရားမဝင် စည်းကမ်းမဲ့အဆောက်အအုံများဆောက်လုပ်မှုသည် ၁၂ လုံး အထိရှိလာနေသည်။

အခန်းပေး၊ အခန်းယူ ကန်ထရိုက်စနစ်သည် ယခင်ကရန်ကုန်မြို့တွင် များပြားစွာတွင်ကျယ်မှု မရှိသေးသော်လည်း ယခုအခါတွင်မူ ပြင်းထန်သော ပြိုင်ဆိုင်မှုများနှင့်အတူ စီးပွားလုပ်ငန်းဈေးကွက်တစ်ခုဖြစ်လာခဲ့ပြီဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးသာအေးက "ဒါဟာ အဂတိတွေ အရမ်းထွန်းကားလာတဲ့အချိန်မှာ အားလုံးကအဂတိအောက်ရောက်သွားတယ်ဆိုတဲ့သဘောပဲ" ဟု ပြောသည်။

နာဂစ်ကာလအပြီး ၂၀၀၈ နောက်ပိုင်းတွင် နေအိမ်များအား အရင်းအနှီးလုပ်၍ ကန်ထရိုက်တိုက်ဆောက်သည့်ဈေးကွက် ပိုမိုကျယ်ပြန့်စွာပေါ်ပေါက်လာသည်။ ကန်ထရိုက်တာများသည် ဈေးကွက်နှင့် အပြိုင်တိုက်ခန်းများရောင်းကောင်းစေရန်အတွက် တိုက်ခန်းဈေးနှုန်းကိုအပြိုင်အဆိုင် လျှော့ရောင်းလာကြသည်ဟု မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဦးကိုကိုကြီးက ရန်ကုန်ကန်ထရိုက်တိုက်များအကြောင်း ပြောသည်။

**"ဆောက်လုပ်ရေး ကန်ထရိုက်တာတွေက မြတ်တယ်ဆိုပြီး ဝင်လုပ်ကြတယ်။ တိုက်ခန်းဈေးနှုန်းနဲ့အတူ ကန်ထရိုက်တိုက်ဆောက်ရင် တကယ်တမ်းထည့်သုံးရမယ့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းတွေကိုပါ လျှော့လိုက်ကြတာတော့ အဆိုးဆုံးပဲ"**

ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ ခြောက်နှစ်ရှိပြီဖြစ်သည့် အင်ဂျင်နီယာ မခိုင်ချိုကတော့ ဆောက်လုပ်ပြီးစီးသည့် ကန်ထရိုက်တိုက်များ အရည်အသွေးညံ့ရခြင်းမှာ ဆောက်လုပ်သောကန်ထရိုက်က ငွေအမြတ်များရန် အသုံးပြုရမည့် ဆောက်လုပ်ရေးပစ္စည်းများကို လျှော့ချခြင်း (ပစ္စည်းခိုခြင်း)၊ အမြန်ပြီးရန် စံချိန်စံညွှန်းများအတိုင်းမဆောက်လုပ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုပ်သားများကပစ္စည်းခိုးခြင်း၊ အဆောက်အအုံအရည်အသွေးစစ်ဆေးသူတို့ အဂတိလိုက်စားခြင်း၊ လုပ်ငန်းခွင်ရှိ အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးလုပ်သားတို့၏ အရည်အသွေးနိမ့်ပါးခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုသည်။

**"ကျွန်မဆိုလိုတာက ကန်ထရိုက်တိုင်းတော့မဟုတ်ပါဘူး"**

ကန်ထရိုက်တိုက် တစ်လုံးဆောက်လုပ်တော့မည်ဆိုပါက မြေသားစစ်ဆေးမှု၊ ဗိသုကာပုံထုတ်မှုများစတင်ပြုလုပ်ရန်လိုအပ်ပြီး ဗိသုကာပုံအားကြည့်၍ အဆောက်အအုံတည်ဆောက်ရာတွင် ဆောက်လုပ်ရေးသုံးပစ္စည်းများအား မည်မျှသုံးမည်၊ မည်သည့်ဆိုဒ်သုံးမည်၊ ဖောင်ဒေးရှင်းအနက်၊ ကျောက်ပြားထုဘယ်လောက် စသည်တို့ကို စနစ်တကျတွက်ချက်ရန် လိုအပ်သည်ဟုဆောက်လုပ်ရေးအင်ဂျင်နီယာ မခိုင်ချိုက ရှင်းပြသည်။

ရန်ကုန်မြို့တွင် ကန်ထရိုက်တိုက် ဆောက်လုပ်မှုအများဆုံးနှင့် တရားမဝင်ကန်ထရိုက်တိုက်ဆောက်လုပ်မှုအများဆုံးမှာ သဃ်ႋန်းကျွန်းမြို့နယ်ဖြစ်ပြီး မရမ်းကုန်း၊ အင်းစိန်၊ လှိုင်နှင့် တောင်ဥက္ကလာပတို့သည်လည်း တရားမဝင် ကန်ထရိုက်တိုက်ဆောက်လုပ်မှု အများဆုံးဖြစ်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (အဆောက်အုံနှင့် အင်ဂျင်နီယာဌာန)မှ သိရသည်။

အင်ဂျင်နီယာမခိုင်ချိုက **"ကန်ထရိုက်တိုက်တွေက ခိုရမဲ့နေရမှာခိုတာမဟုတ်ဘဲနဲ့ အားလုံးကိုခိုလိုက်တာ။ ခိုသင့်တဲ့နေရာဆိုတာ ဆေး၊ အမိုးသွပ်ပြား၊ တံခါးတို့ ခိုတာက အန္တရာယ်မရှိဘူး။ structure (အဆောက်အုံ) မှာ ခိုတာကတော့ တော်တော့်ကို အန္တရာယ်များပါတယ်"** ဟု ပြောပြသည်။

အင်ဂျင်နီယာများ၏အရည်အသွေးမြင့်လာစေရန် ၂၀၁၃ ခုနှစ် နိုဝင်ဘာနောက်ဆုံးပတ်က အင်ဂျင်နီယာကောင်စီဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည်။

**"မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေအရ အင်ဂျင်နီယာရဲ့အရည်အသွေးကို ကျွန်တော်တို့က သတ်မှတ်ခွင့်ရှိတယ်။ ကန်ထရိုက်အဆောက်အအုံတွေများလာတာတော့ သက်ဆိုင်ရာ စည်ပင်သာယာနဲ့ဆိုင်တယ်။ စည်ပင်သာယာရဲ့အလုပ်ပါ"**

ကန်ထရိုက်အဆောက်အအုံများ ရန်ကုန်မြို့တွင် အမြောက်အမြား ဆောက်လုပ်လာခြင်းမှာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မသက်ဆိုင်ကြောင်း အင်ဂျင်နီယာကောင်စီဗဟိုကော်မတီဝင် ဦးကိုကိုကြီးက ဆိုသည်။

အင်ဂျင်နီယာကောင်စီမှ ဦးဆောင်ပြီး ပြည်သူ့ဆောက်လုပ်ရေး၊ UN Habitat တို့နှင့် ပူးပေါင်းကာ ၂၀၁၂ ခုနှစ်က စတင်ရေးဆွဲခဲ့သည့် အခန်း (၇)ခန်းပါ Building Code (အဆောက်အအုံများဆောက်လုပ်ရာတွင် လိုက်နာရမည့် အရည်အသွေးဆိုင်ရာစည်းမျဉ်း)ကို ၂၀၁၄ တွင်ရေးဆွဲခဲ့ပြီးဖြစ်သည်။

**ပြည်သူ့ဆောက်လုပ်ရေးအနေဖြင့် Building Code ကို စမ်းသပ်ကာလတစ်နှစ်သုံးစွဲခွင့်ပြုထားပြီး ၂၀၁၅ နှစ်ကုန်ပိုင်းတွင် အတည်ပြုနိုင်မည်ဟု ဦးကိုကိုကြီးက ခန့်မှန်းသည်။**

ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသာအေးက **"building code ပေါ်ရင်ကောင်းပေမယ့် ခုနကပြောသလိုမလုပ်ဘဲ ဘေးမှာချထားရင် အလကားပါပဲ။ ဆောက်လုပ်ရေးလုပ်ငန်းမှာတစ်ခုတည်းအားနည်းလို့ မဟုတ်ဘူး။ ကဏ္ဍစုံမှာယိုယွင်းမှုဖြစ်တာပါ"** ဟု building code ရေးဆွဲထားရှိမှုအပေါ် မှတ်ချက်ပြုသည်။

ရန်ကုန်ရှိ ကန်ထရိုက်တိုက်ဆောက်လုပ်သည့် လောကတွင် လက်တစ်လုံးခြား လိမ်လည်မှုများလည်းရှိနေသေးသည်။ မြို့နယ်အချို့ရှိ လမ်းကြားများတွင် ကန်ထရိုက်တိုက်ဆောက်ရန်အတွက် အဆောက်အအုံဆောက်လုပ်ခွင့်တင်ရာတွင် သုံးထပ်တိုက်သာဆောက်လုပ်မည်ဟု စည်ပင်သာယာအဆောက်အအုံဌာနသို့ အဆောက်အအုံ ပုံစံတင်သွင်းကြသော်လည်း စည်းကမ်းနှင့်ဥပဒေအားမျက်ကွယ်ပြု၍ ခြောက်ထပ်၊ ခုနစ်ထပ်အထိ ဆောက်လုပ်လျက်ရှိလာကြသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဦးကိုကိုကြီးက **"အိမ်ရှေ့မှာကျောက်ပုံလေးပုံတာတောင် သက်ဆိုင်ရာအနေနဲ့ သိခဲ့ပြီး အိမ်ကြီးတစ်လုံးလုံး လမ်းကျဉ်းတွေထဲမှာ ဆောက်တာတွေ ဖြစ်သွားတယ်ဆိုတော့ ကျွန်တော်နားမလည်ဘူး။ လက်လှမ်းမမီဘူး"**

**"စည်းကမ်းမှာလမ်းအကျယ်ရဲ့ နှစ်ဆထက်ပိုပြီး ဆောက်လုပ်ခွင့်မရှိဘူး။ အဲ့ဒီထက်ပိုဆောက်ရင် ဥပဒေချိုးဖောက်တာပဲ။ အဲ့ဒီလိုတွေ အများကြီးရှိတယ်လို့ ကျွန်တော်ယူဆတယ်"**

၂၀၁၄ခုနှစ် သန်းခေါင်စာရင်းစစ်တမ်းများအရ သဃ်ႋန်းကျွန်း၊ မရမ်းကုန်း၊ အင်းစိန်၊ လှိုင်နှင့် တောင်ဥက္ကလာပမြို့နယ်တို့တွင် အိမ်ခြေစုစုပေါင်း သုံးသိန်းနီးပါးရှိသည့်အနက် လေးပုံတစ်ပုံမှာ ကွန်ဒို၊ ကန်ထရိုက်တိုက်၊ တိုက်ခန်းတွဲများဖြင့် နေထိုင်ကြသူများ ဖြစ်နေကြသည်။

ဆောက်ထားသည်မှာ ငါးလခန့်သာ ရှိသေးပြီး အစိမ်းနုရောင်ဆေးသားဖြင့် သစ်လွင်လျက်ရှိနေသော သဃ်ႋန်းကျွန်းမြို့နယ် စံပြဈေးအနီးရှိ ကန်ထရိုက်တိုက်ငါးလွှာသို့ ပြောင်းရွှေ့ခဲ့သည်မှာ ရှစ်ရက်သာရှိသေးသည့် မအိချယ်ရီအောင်က သူငှားရမ်းနေထိုင်သည့် ကန်ထရိုက်တိုက်တွင် နေထိုင်နေရသည့်စိုးရိမ်ပူပန်မှုကို ခုလိုပြောသည်။

**"ကျွန်မတစ်ယောက်တည်း နေရတာမကြောက်ပါဘူး။ ဒါပေမယ့် တိုက်ခန်းအမြင့်မှာနေရတော့ ငြိုကျမှာကြောက်တယ်"**

ကန်ထရိုက်တိုက်ဆောက်လုပ်ခွင့်ရရှိစေရန်တင်ရမည့် ဆောက်လုပ်ခွင့်လိုင်စင် အင်ဂျင်နီယာလက်မှတ်ရထားသူအချို့ကတော့ ကြီးကြပ်မှုမရှိဘဲ အဆောက်အအုံပုံစံအား လက်မှတ်ထိုးပေးမှုများရှိလာနေသည်။

သားကောင်အား အမဲလိုက်သလို လိုက်နေသော်လည်း ရန်ကုန်မြို့၏ ကန်ထရိုက်လုပ်ငန်းတွင် အဂတိလိုက်စားမှုနှင့် ဥပဒေအရပြဋ္ဌာန်းထားသော မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအား လက်တစ်လုံးခြား လိမ်လည်နေသ၍ ရန်ကုန်မြို့ရှိ ကန်ထရိုက်တိုက်ခန်းနေ ပြည်သူများမှာ အန္တရာယ်အငွေ့အသက်များ ခံစားနေရပေလိမ့်မည်။

မြန်မာနိုင်ငံ ငလျင်ကော်မတီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးစိုးသူရထွန်းက ရန်ကုန်မြို့သည် ငလျင်ပြတ်ရွေ့ထဲတွင် မပါဝင်သော်လည်း ဒေးဒရဲပြတ်ရွေ့နှင့် နီးကပ်နေသောကြောင့် ငလျင်ဒဏ်ကိုအနည်းနဲ့ အများခံရနိုင်သည်။ တိုးပွားလျက်ရှိသည့် ရန်ကုန်လူဦးရေ၊ အဆောက်အအုံအရေအတွက်များကြောင့် ရန်ကုန်သည် အခြားမြို့များထက် ငလျင်ဒဏ်ကို ပိုခံရနိုင်သည်ဟု ရန်ကုန်ငလျင်အခြေအနေနှင့်ပတ်သက်၍ ပြောထားသည်။

၁၉၃၀ ခုနှစ်က လှုပ်ခဲ့သည့် အင်အား ၇ ဒသမ ၃ အဆင့်ရှိ ပဲခူးငလျင်(ဖြူးငလျင်)တွင် ပဲခူး၌ လူပေါင်း ၅၀၀ ခန့် အသက်ဆုံးရှုံးခဲ့ပြီးရန်ကုန်တွင်လည်း လူပေါင်း ၅၀ခန့် အသက်ဆုံးရှုံးဆုံးခဲ့သည်ဟု ဦးစိုးသူရထွန်းက ထောက်ပြထားသည်။

ကန်ထရိုက်တိုက်များ ဆောက်လုပ်ရာတွင် တာဝန်ခံ အင်ဂျင်နီယာသည် ဆောက်လုပ်ရေးဆိုင်ရာ ဥပဒေအရ အဆောက်အအုံနှင့် ပတ်သက်သည့် စံချိန်စံညွှန်းများအား တာဝန်ယူပါကြောင်း ခံဝန်လက်မှတ်ရေးထိုးပြီး မိမိဆောက်လုပ်မည့် အဆောက်အအုံအား သွားရောက်ကြီးကြပ်ရန် လိုအပ်သည်။ ယင်းသို့မဟုတ်ဘဲ လက်မှတ်ထိုးပြီးနောက် သွားရောက်ကြီးကြပ်မှုမရှိဘဲ ဆောက်လုပ်နေမှုများသည် အန္တရာယ်တစ်ခုဖြစ်လာနိုင်သည်ဟု ဆောက်လုပ်ရေးကျွမ်းကျင် အင်ဂျင်နီယာမခိုင်ချိုက ဝေဖန်သည်။

ရန်ကုန်မြို့ပေါ်တွင် ကန်ထရိုက်ဖြင့်နေထိုင်နေရသည့် ဆောက်လုပ်ရေးလုပ်ငန်း ကျွမ်းကျင်အင်ဂျင်နီယာ မခိုင်ချိုတစ်ယောက်ကသူ၏ ဘဝကို ယခုကဲ့သို့ ညည်းတွားပြောဆိုသည်။

**"နေမယ့်သာနေနေရတာ။ သူများနိုင်ငံတွေမှာလို ငလျင်လှုပ်တာတွေ၊ ဘာတွေ သိပ်မရှိသေးလို့။ အဲ့ဒီလိုသာရှိခဲ့မယ်ဆိုရင် ကန်ထရိုက်တိုက်က တော်တော်လေး ကြောက်ဖို့ကောင်းတယ်"**

## သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်လက္ခဏာများနှိုးဆော်ချက်

သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်လက္ခဏာများမှာ-

- ကလေးဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း
- (၂) ရက်မှ (၃) ရက်ကြာတွင် ကလေးဖျားရာမှ (ကိုယ်ပူနေရာမှ) ရုတ်တရက်အဖျားကျကာ ခြေ၊လက်များ အေးစက်လာခြင်း
- ကလေးမှိန်းနေခြင်း
- ခန္ဓာကိုယ်အနှံ့တွင် အနီစက်များထွက်လာခြင်း
- ဆက်တိုက်အန်ခြင်း၊ အန်သည့်အခါတွင် ကော်ဖီရောင်အဖတ်များပါခြင်း
- ဝမ်းဗိုက်အောင့်ခြင်းတို့ဖြစ်၍

ကလေးဖျားပြီး အထက်ပါလက္ခဏာများဖြစ်ပေါ်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ သွားရောက်၍ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **(ကျန်းမာရေးဝန်ကြီးဌာန)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ပဲခူး စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့ဝင်များ၊ စီမံကိန်းကျေးရွာ ၁၀ ရွာမှ ကျေးရွာကော်မတီဝင်များ၊ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။ အဆိုပါ စီမံကိန်းအရ ဒိုက်ဦးမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေကျပ်သိန်းပေါင်း ၃၀၀၀ ဖြင့် ကျေးရွာ ၁၀ ရွာအား တစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကျော်ကျော်-IPRD)**



## ထရာဗစ်ကို အခြားအမျိုးသားများထက်ပိုမိုသဘောကျရသည့် အကြောင်းအရင်းကို ဖွင့်ဟလာခဲ့တဲ့ ရီဟားနား

ရီဟားနားက လက်ရှိတွဲနေတဲ့ချစ်သူသစ် ထရာဗစ်ကို သူ့အနေနဲ့ တခြားသူတွဲခဲ့တဲ့အမျိုးသားများထက်ပိုမိုနှစ်သက်ရတဲ့အကြောင်းအရင်းက ထရာဗစ်က သူ့ကိုတစ်ချိန်လုံးပြုံးပျော်နေအောင်ပြုလုပ်နိုင်စွမ်းရှိလို့ပါလို့ ဆိုခဲ့ပါတယ်။ အသက်(၂၇)နှစ်အရွယ်ရီဟားနားနဲ့ (၂၃)နှစ်အရွယ် ထရာဗစ်တို့နှစ်ဦးက ဒီစက်တင်ဘာလဆန်းမှာ စတင်တွဲနေခဲ့ပြီး သူတို့နှစ်ဦး အပြင်ကို အတူတူတွဲထွက်လာတဲ့ပုံရိပ်တွေဟာ မီဒီယာစာမျက်နှာထက်ပေါ်မှာ ပလူပျံအောင်မြင်တွေ့နေရပါတယ်။

ရီဟားနားက "ထရာဗစ်က ဟာသဉာဏ်ရှိတဲ့သူဖြစ်တာကြောင့် သူနဲ့ တွေ့ဆုံနေခဲ့တဲ့ အခိုက်အတန့်တွေဟာ အမြဲတမ်းပြုံးပျော်နေရပါတယ်။သူ့ရဲ့ မျက်လုံးတွေဟာ တကယ့်ကို ဆွဲဆောင်မှုအပြည့်ရှိသလို ကျွန်မက သူ့ရဲ့ ပရိသတ်ပါ" လို့ဆိုပါတယ်။

အခုနောက်ပိုင်း ရီဟားနားကို ထရာဗစ်ရဲ့ ရှိုးပွဲတွေမှာ မြင်တွေ့နေရတတ်ပြီး ဒီအချိန်မှာတော့ ရီဟားနားက ထရာဗစ်ကို သဲသဲလှုပ်ပိုပြီးချစ်ပြနေတာလို့ ဂီတအသိုင်းအဝိုင်းကလူတွေကဆိုခဲ့ပါတယ်။

ယုယ - စုစည်းသည်။

## ကမ္ဘာတစ်ဝန်းထုတ်လွှင့်ပြသသွားမယ့်ကိုရီးယားကာတွန်းဇာတ်လမ်းတွဲ




ကိုရီးယား တာနာရုပ်သံလွှင့်လုပ်ငန်း၏ အကြီးမားဆုံးစီမံချက်တစ်ခုအနေဖြင့် တင်ဆက်မည့် Beat Monsters'ကာတွန်းဇာတ်လမ်းတွဲကို လာမည့် ၂၀၁၆ခုနှစ်အတွင်း အာရှ၊ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသများတွင် စတင်ထုတ်လွှင့်သွားမည်ဟု ကာတွန်းဘရူးဒေါ့ကွန်းကဖော်ပြသည်။ ယင်းကာတွန်းဇာတ်လမ်းတွဲတွင် အပိုင်းတို(၆၀)ကျော်ပါဝင်မည်ဖြစ်ပြီး ကိုရီးယား ယဉ်ကျေးမှုအားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ မြှုပ်နှံငွေ ဒေါ်လာသန်း ၃၀၀ကျော်ဖြင့် လည်ပတ်သော စီမံချက်၏အစိတ်အပိုင်းတစ်ရပ်အဖြစ်တင်ဆက်သွားမည့် ဇာတ်လမ်းတွဲတစ်ခုဖြစ်သည်။

တာနာအဖွဲ့နှင့်အတူ ကိုရီးယားဆိုင်နာဂျီမီဒီယာလုပ်ငန်း၊စတူဒီယို ဂွိုင်ဒေါတို့ကလည်း အရုပ်လှုပ်ရှားမှုအတွက် စက်ပိုင်းဆိုင်ရာနှင့်နည်းပညာပိုင်းဆိုင်ရာ ပိုင်းဝန်းအားဖြည့်ကြမည်ဖြစ်သည်။ယင်းဇာတ်လမ်းတွဲကို ၂၀၁၆နှောင်းပိုင်းတွင် ထုတ်လွှင့်ပြသရန်စီစဉ်ထားခြင်းဖြစ်ပြီး တာနာ၏ကလေးအစီအစဉ် ရုပ်သံလိုင်းများဖြစ်သော တိုနာမီ၊ဘုံမာရန်တို့တွင် ထုတ်လွှင့်သွားမည်ဖြစ်သည်။

ဆိုင်နာဂျီမီဒီယာလုပ်ငန်းမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက အိမ်ထောင်စုသန်းပေါင်းများစွာသို့ ထုတ်လွှင့်ပေးနေသည့်တာနာရုပ်သံလွှင့်လုပ်ငန်းနှင့် ပူးပေါင်းခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊အရုပ်ပိုင်းအပြင်လိုအပ်ပါက အသံထပ်နည်းပညာအတွက်ပါ ပံ့ပိုးခွင့်ရချင်ကြောင်းပြောကြားခဲ့သည်။

## ဖခင်မျိုးဗီဇမှ ခွဲထွက်လာခဲ့သည့် အိုင်ဗီ



ရက်အဆိုတော် ဂျေးဇီးနှင့် ပေါ့ပ်အဆိုတော် ဘီယွန်စေးတို့တွင် အလွန်ချစ်စရာကောင်းသည့် သမီးလေးအိုင်ဗီရှိနေခြင်းမှာ ထူးဆန်းအံ့သြဖွယ်ရာဖြစ်ရပ်ပင် ဖြစ်သည်ဟု အမေရိကန် မီဒီယာများက ရေးသားကြသည်။ အထူးသဖြင့် ဂျေးဇီးမှာ အင်မတန် ရုပ်ဆိုးသူဖြစ်သော်လည်း သမီးငယ် အိုင်ဗီမှာ အနုပညာရှင်များ၏ သားသမီးများအကြား ချစ်စရာအကောင်းဆုံး ကလေးအဖြစ် ထိပ်ဆုံးနေရာ၌ ရပ်တည်နေသည်။

ဂျေးဇီးနှင့် ဘီယွန်စေးတို့သည် ၂၀၀၂ ခုနှစ်တွင် စတင်လက်တွဲခဲ့ကြပြီးနောက် ၁၀စုနှစ်တစ်ခုအကြားအိုင်ဗီကိုမွေးဖွားခဲ့သည်။ ဘီယွန်စေးမှာ ချောမောလှပသူဖြစ်သော်လည်း ခင်ပွန်းဖြစ်သူ ဂျေးဇီးမှာရုပ်ဆိုးသူဖြစ်သောကြောင့် သားသမီး မွေးဖွားလာလျှင်လည်း ယခုလောက် ချစ်စရာကောင်းမည်ဟု မမျှော်လင့်ထားသော်လည်း အိုင်ဗီမှာ ဖခင်၏မျိုးဗီဇမှ လုံးလုံးခွဲထွက်လာခဲ့သူဖြစ်သည်ဟုလည်း ဖော်ပြကြသည်။ အိုင်ဗီမှာ လက်ရှိတွင် သုံးနှစ်အရွယ်ရှိပြီဖြစ်သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၄ - ၉ -၂၀၁၅ (တနင်္လာနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့်
  - ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေး အရသာ ဂီတရိပ်သာ (အပိုင်း-၁၃၇)
- ၆း၂၀ "မပော်သစာ" (အပိုင်း-၁)
- ၆း၄၅ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၁၃)
- ၈း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၁၈)
- ၈း၄၅ တေးဂီတအစီအစဉ်
- ၁၀း၀၀ ASEAN Culture Fair (2014)
- ၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "ရာဇာတာတီး" (ရာဇာနေဝင်း၊ ဆုပန်ထွာ) (ဒါရိုက်တာ-ဥက္ကာဗို)

ညနေ

- ၆း၁၅ AFC Women's Olympic Football Tournament Rio 2016 အာရှဇုန်ဒုတိယအကျော့ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Jordan Vs Myanmar)

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၀ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (သတ္တမ ဆယ်စုနှစ်) (အပိုင်း-၁)
- ၆း၄၀ ဗုဒ္ဓဝါဒဖြစ်စဉ် ကရုဏာလမ်းစဉ်
- ၁၀း၃၅ ပြည်သူတို့ရဲ့ စကားသံများ
- ၁၂း၃၅ Tasty Trip
- ၁း၀၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၁း၄၅ မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း (အပိုင်း-၁၄) "ပန်တျာငွေးငွေးမြင့်အငြိမ့်" (မင်းသမီး- ယမင်းအောင်၊ လူရွှင်တော်-ဒေါ်လာ၊ မင်းနောင်၊ ဖိုးတာ၊ နေမင်း)
- ၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သမိုင်း၊ ပထဝီဝင်၊ စိတ်ပညာအထူးပြုများ) (သမိုင်း)
- ၅း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၇း၀၀ "ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ" "ဝံသာနုဒီမိုကရက်တစ်ပါတီ" "ခေတ်သစ်ပြည်သူ့ပါတီ" ပြည်သူ့နီတိ "အလင်းလက်ဆုံးသော"(ဇော်ဝင်းမောင်၊ ဝင်းသပြေထွန်း) (ဒါရိုက်တာ-မိုးဇော်ကို) -နိုင်ငံခြားဇာတ်လမ်းတွဲ -ညသူရဲကောင်း (အပိုင်း-၂၅)

### MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော်+ ရတနသုတ်
- ၅း၄၀ "ဘဝနှစ်ဖြာ ကြီးပွားချမ်းသာကြောင်း"တရားတော် (ဓမ္မဒူတ ဒေါက်တာဘဒ္ဒန္တ ပညိသာရာဘိဝံသ)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ရေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေဖျော်ဖြေပွဲနှင့် Mr & Ms Monsoon 2015 နှင့် Mr. & Ms Charity 2015 ရွေးချယ်ပွဲ)
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၈၄)
- ၁၀း၅၀ ထောင်မင်းသားနှင့်တွေ့ဆုံခြင်း
- ၁၁း၀၀ သွားမယ်စားမယ် (OHSAMA)
- ၁၁း၃၀ Forever Music Tribute မာရဇ္ဇ (အပိုင်း-၂) (ပထမပိုင်း)
- ၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၄၉)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၃၇)
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅၂)
- ၃း၃၅ လက်ကမ်းသင့်လှပရဟိတ
- ၃း၅၅ Cartoon Series (Welcome To Sky Ville)
- ၄း၅၅ ခေတ်သစ်ပျိုမေ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅၃)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၃၈)
- ၈း၁၅ Drive It
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၈၅)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၅၀)
- ၁၁း၀၀ MRTV-4 Stage
- ၁၁း၂၅ World of Knowledge (Hidden Worlds: Australia's Dingo Island)
- ၃း၂၀ Global Panorama (ကိုကိုလှိုင်၊မျိုးမြတ်သူ)
- ၄း၁၀ World of Knowledge (Hidden Worlds: Australia's Dingo Island)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၈း၀၅ VOAအင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားတေးကဗျာ
- ၈း၁၅ ရွှေဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၅၄)
- ၆း၂၀ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂျောင်းဒိုဂွန်း (အပိုင်း-၂၇) -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -မေးမြန်းစူးစမ်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခနတံတိုင်းရဲ့ တစ်ဖက်တစ်ချက် (အပိုင်း-၁၃)

**အားကစား**

# တင်းနစ်လောကကိုကျောမခိုင်းမီ ယူအက်စ်အိုးပင်းချန်ပီယံဖြစ်လာခဲ့သည့် ပင်နီတာ



အီတလီနိုင်ငံသူအချင်းချင်း ထိပ်တိုက်တွေ့ဆုံသည့် ယူအက်စ်အိုးပင်းအမျိုးသမီးဗိုလ်လုပွဲ ပွဲစဉ်မှာ ပင်နီတာက ဗင်စီကို ၇-၆ (၇-၄)၊ ၆-၂ဖြင့်အနိုင်ကစားကာ သူ၏ပထမဆုံးဂရင်းစလင်းချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ထို့ကြောင့် ပင်နီတာမှာ အီတလီနိုင်ငံသူများထဲတွင် ၂၀၁၀ ပြင်သစ်အိုးပင်း၌ ချန်ပီယံဖြစ်ခဲ့သော စကီယာဗိုးနီပြီးနောက် ဒုတိယမြောက်ဂရင်းစလင်းချန်ပီယံဆုဆွတ်ခူးနိုင်သည့် အီတလီတင်းနစ်မယ်အဖြစ် မှတ်တမ်းရေးထိုးနိုင်ခဲ့ပြီး ယခုပွဲအပြီးတွင် တင်းနစ်လောကမှ အနားယူပြီဟု ကြေညာခဲ့သည်။

"ကျွန်မက အရာရာကိုအစီအစဉ်ချပြီး စနစ်တကျကြိုတွေးပြီးသားဆိုတော့ အခုပြောချင်တာက နှုတ်ဆက်ခဲ့ပါတယ် တင်းနစ်လောကကြီးလို့ပေါ့။လွန်ခဲ့တဲ့တစ်လအလိုကတည်းက ကျွန်မယူအက်စ်အိုးပင်း ပြိုင်ပွဲကြီးပြီးရင်နားမယ်ပေါ့လေ။ အခုပွဲဟာ ကျွန်မရဲ့ နောက်ဆုံးပွဲဖြစ်ပြီး ဒီလိုအပိတ်လှခဲ့မယ်လို့တော့ ကြိုပြီးမစဉ်းစားမိခဲ့ပါဘူး။ ကျွန်မပြောတဲ့ နောက်ဆုံးဆိုတာဟာ ဒီနှစ်ကုန်ရင် ကျွန်မနားမယ်။ နယူးယောက်မြို့မှာကစားတာကတော့ ဒါဟာနောက်ဆုံးပါပဲ" ဟု ပင်နီတာက ပွဲအပြီးတွင်ပြောကြားခဲ့သည်။

ပင်နီတာအနေဖြင့် ယခုကဲ့သို့ တင်းနစ်လောကမှ အနားယူတော့မည်ဟုကြေညာခဲ့ခြင်းမှာ ပရိသတ်များအတွက်ပို၍အမှတ်ရစရာဖြစ်ရပ်ဖြစ်ခဲ့ပြီး ပွဲအပြီးတွင် ပင်နီတာနှင့် ဗင်စီတို့ ဆုဖလားများကိုင်ဆောင်ထားကာ အတူတကွယှဉ်တွဲထိုင်နေခြင်းမှာ အီတလီအားကစားလောကအတွက် ဂုဏ်ယူစရာဖြစ်ခဲ့သည်။

ယခုနိုင်ပွဲကြောင့် ပင်နီတာမှာ ကမ္ဘာ့အဆင့်(၈)နေရာသို့ခုန်တက်သွားခဲ့ပြီး တရုတ်တွင်ကျင်းပမည့်ပွဲစဉ်နှစ်ပွဲ၊ စင်ကာပူတွင်ကျင်းပမည့် WTAပွဲစဉ်ကို ယှဉ်ပြိုင်အပြီး တင်းနစ်လောကကို အပြီးတိုင်နှုတ်ဆက်သွားမည်ဖြစ်သည်။ ၎င်း၏ဗိုလ်လုပွဲလာရာလမ်းကြောင်းတစ်လျှောက်တွင် ထိပ်တန်းတင်းနစ်မယ်နှစ်ဦးဖြစ်သော ဟိလစ်နှင့် ကတ်ဗီတိုဗာတို့နှစ်ဦးအားအနိုင်ကစားကာ ကျော်ဖြတ်လာခဲ့ရသည့်အတွက် ယခုပွဲစဉ်မှာ သူ့အတွက်အမှန်တကယ်ခက်ခဲမည့် ခယောင်းလမ်းဖြစ်ခဲ့မည်မှာ သေချာသည်။

ယခုယူအက်စ်အိုးပင်းဗိုလ်လုပွဲ၏ ထူးခြားချက်မှာ အခင်ရဆုံးမိတ်ဆွေနှစ်ဦးဗိုလ်လုခဲ့ရခြင်းဖြစ်သလို သူတို့နှစ်ဦးစလုံးသည် အကြိုဗိုလ်လုပွဲ ပွဲစဉ်များတွင် ကမ္ဘာ့အဆင့်(၁)နှင့်(၂) ပြိုင်ဘက်ကစားသမားများကို အသီးသီး အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ■

## စက်တင်ဘာ ၁၂/၁၃ ရက်နေ့မှ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ်** | | | | |
| မန်ယူ | ၃ | - | ၁ | လီဗာပူး |
| ဆန်းဒါးလန်း | ၀ | - | ၁ | စပါး |
| **စီးရီးအေ** | | | | |
| ဖီယိုရင်တီးနား | ၁ | - | ၀ | ဂျီနိုအာ |
| ဖရိုစီနိုနီ | ၀ | - | ၂ | ရိုးမား |
| ဂျူဗင်တပ် | ၁ | - | ၁ | ချီယေဗို |
| ဗီရိုနာ | ၂ | - | ၂ | တိုရီနို |
| အမ်ပိုလီ | ၂ | - | ၂ | နာပိုလီ |
| ပါလာမို | ၂ | - | ၂ | ကာပီ |
| ဆာစူအိုလို | ၂ | - | ၂ | အတ္တလန္တာ |
| **စပိန်လာလီဂါ** | | | | |
| ဂီဂျွန် | ၀ | - | ၁ | ဗလန်စီယာ |
| အက်သလက် | ၁ | - | ၂ | ဘာစီလိုနာ |
| ဘက်တစ် | ၁ | - | ၀ | ဆိုစီဒက် |
| ဂရန်နာဒါ | ၁ | - | ၃ | ဗီလာရီးယဲလ် |
| ဘီလ်ဘာအို | ၃ | - | ၁ | ဂီတာဖေး |

**မောင်မောင်ဇော်**

## အားကစားလောကသတင်းတိုများ

- မန်ယူနည်းပြဗန်ဟားလ်က မန်ယူအသင်းနှင့် စာချုပ်သက်တမ်းထပ်မံတိုးမြှင့်ရန် ဆန္ဒရှိနေကြောင်း သိရသည်။
- ဒေးဗစ်ဘက်ခမ်းက မန်ယူအသင်းခေါင်းဆောင်ရွန်းနီအား မေဂျာလိဂ်ကလပ် မိုင်ယာမီသို့ လာရောက်ကစားစေချင်သည်ဟု ပြောကြားခဲ့သည်။
- ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာက ယခုနှစ်ဘောလုံးရာသီမှာ ၎င်းအတွက် ဂျူဗီကစားသမားဘ၀နောက်ဆုံးရာသီဖြစ်နိုင်သည်ဟု ပြောကြားခဲ့ပြီးနောက် ဘာစီလိုနာသို့သာ ပြောင်းရွှေ့ရန်ဆုံးဖြတ်ထားသည်ဟု တူရင်မှလာသော သတင်းများက ဖော်ပြသည်။
- လီဗာပူးအသင်းသည် လာလီဂါကလပ်ဗီလာရီးယဲလ်အသင်းမှ တောင်ပံတိုက်စစ်မှူး ဂိုမက်စ်အား ပြောင်းရွှေ့ကြေးပေါင်၄သန်းဖြင့် ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ရော်ဘီဖော်လာသည် ပီတာဘရော့ နည်းပြသစ်ဖြစ်လာရန် ရည်မှန်းထားသည်ဟု အင်္ဂလန်မှလာသော သတင်းများ၌ ဖော်ပြသည်။

## အိုးထရက်ဖို့ဒ်သူရဲကောင်းသစ်

မန်ယူနှင့်လီဗာပူးတို့ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အနိုင်ဂိုးတစ်ဂိုးသွင်းယူခဲ့သူ မာရှယ်လ်မှာ အိုးထရက်ဖို့ဒ်၏သူရဲကောင်းအသစ်တစ်ဦးပင်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနကဖော်ပြသည်။ အဆိုပါပွဲစဉ်၌ မာရှယ်လ်မှာ ပွဲချိန် ၆၅ မိနစ်တွင် မာတာ၏နေရာတွင် လူစားဝင်ကစားသမားအဖြစ်ဝင်ရောက်ကစားခဲ့ပြီး ၂၁ မိနစ်အကြာတွင် လီဗာပူးကစားသမားနှစ်ဦးဖြစ်သော စကားလ်နှင့် ကလိုင်းတို့နှစ်ဦးအားကျော်ဖြတ်ကာ မန်ယူအတွက် ပွဲသိမ်းအနိုင်ဂိုးတစ်ဂိုးကို သွင်းယူပေးခဲ့သည်။

မန်ယူနည်းပြ ဗန်ဟားလ်ကမူ မာရှယ်လ်၏ ခြေစွမ်းမှာ လေ့ကျင့်ရေးကွင်းမှာပင် ၎င်းအတွက်မှတ်မှတ်ထင်ထင်ဖြစ်စေခဲ့သော်လည်း လူစားဝင်ကစားသမားအဖြစ်သာ အသုံးပြုခဲ့ခြင်းမှာ ငယ်ရွယ်သည့် ကစားသမားတစ်ဦးအပေါ် ကြီးမားသည့် ဖိအားမပေးလို၍ဖြစ်ကြောင်း၊ ယခုကဲ့သို့ မာရှယ်လ်မှာ ပွဲဦးထွက်မှာပင် ဂိုးသွင်းနိုင်ပြီဖြစ်သောကြောင့် ပရိသတ်များက သူ၏သွင်းဂိုးများကို ပိုမိုမျှော်လင့်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မာရှယ်လ်၏ကစားဟန်နှင့် ဘယ်ခြေနှစ်ဖက်စလုံးညာခြေလျင်မြန်စွာ အသုံးပြုနိုင်ခြင်းမှာ ယခင်က အာဆင်နယ်တိုက်စစ်မှူး သီယာရီအွန်နရီကဲ့သို့ပင်ဖြစ်ပြီး ယင်းကဲ့သို့ လူငယ်ကစားသမားများ ပေါ်ထွက်လာခြင်းက ပရီမီယာလိဂ်ကို ပိုမိုအကျိုးသက်ရောက်စေလိမ့်မည်ဖြစ်ကြောင်းလည်း ဘီဘီစီသတင်းဌာနမှ အားကစားအစီအစဉ်တင်ဆက်သူ အီယန်ရိုက်က သုံးသပ်ခဲ့သည်။

## ပရီမီယာလိဂ်အသင်းတွေကို အသဲခွဲမယ့် ဘာစီလိုနာ

မန်ယူနောက်ခံကစားသမားဟောင်း ရီယိုဖာဒီနန်က ယခုနှစ်တွင်လည်း ချန်ပီယံလိဂ်တွင် ဘာစီလိုနာသာ ထပ်မံ ဗိုလ်စွဲရန်အလားအလာများနေပြီး ပရီမီယာလိဂ်အသင်းများအနေဖြင့် ပြီးခဲ့သည့်နှစ်ကကဲ့သို့ပင် စောစောစီးစီးအောင်ဖျာလိပ်ရမည်ဟု ဟောကိန်းထုတ်လိုက်သည်။ ပြီးခဲ့သည့် ဘောလုံးရာသီတွင် မန်စီးတီး၊ ချယ်လ်ဆီး၊ အာဆင်နယ်နှင့် လီဗာပူးတို့အားလုံး ကွာတားဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့ခြင်းမရှိပေ။ လီဗာပူးဆိုလျှင် အုပ်စုအဆင့်ဖြင့်ပင် ကျနပ်ခဲ့ရပြီး အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ကသာအဝေးဂိုးစည်းမျဉ်းကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ရီယိုဖာဒီနန်က "ချန်ပီယံလိဂ်မှာ အင်္ဂလန်အသင်းတွေအတွက် အခွင့်အရေးရှိမှာမဟုတ်ပါဘူး။ ချန်ပီယံလိဂ်ဖလားဟာ အခုထိ နျူးကမ့်ကွင်းမှာပဲ နားခိုနေတုန်းပါပဲ။ရာသီမစခင်ကတည်းက ကျွန်တော်ပြောထားတယ်လေ။ချယ်လ်ဆီးဟာ ဟာဇက်ပေါ်မှာအလုံးစုံမှီနေတယ်လို့။ အခုတော့ ဟာဇက်လည်းမကောင်းရော ချယ်လ်ဆီးရဲ့ ရလဒ်တွေလည်း ဆိုးကုန်ရောမဟုတ်လား။ အာဆင်နယ်ကတော့ ပရီမီယာလိဂ်မှာထက် ချန်ပီယံလိဂ်မှာဆိုပိုကောင်းအောင်ကစားနိုင်လေ့ရှိပါတယ်။ မန်စီးတီးကတော့ စုစည်းမှုရှိတဲ့အသင်းဆိုတော့ သူတို့ကိုလည်း နည်းနည်းတော့မျှော်လင့်လို့ရပါတယ်။မန်ယူကလည်းအမြင့်ဘောတွေနဲ့သာအလုပ်ဖြစ်နေပြီး ဦးနှောက်သုံးမှုနည်းနေသေးတော့ ဘာမှသိပ်ပြီး လုပ်ပြနိုင်ဖို့မရှိပါဘူး" ဟုဆိုခဲ့သည်။

**ရှိုင်းယန်ဟောဒင် - စုစည်းသည်။**

## ပရီမီယာလိဂ်ဖလားကာကွယ်ဖို့ ချယ်လ်ဆီးစောစောစီးစီးအရှုံးသတ်ခဲ့ပြီလား




ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက လွန်ခဲ့တဲ့လေးလလောက်က သူကသာချယ်လ်ဆီးကို အကောင်းဆုံးဦးဆောင်နိုင်တဲ့ နည်းပြတစ်ဦးလို့ ဂုဏ်ယူစွာဆိုခဲ့ပေမယ့် အခုတော့ဒီစကားအပေါ် သံသယဝင်သူတွေကဝင်ခဲ့ပါပြီ။ ဒါကဘာကြောင့်လဲဆိုရင် စက်တင်ဘာ၁၂ရက်မှာယှဉ်ပြိုင်ခဲ့တဲ့ပရီမီယာလိဂ်ပွဲစဉ်(၅)မှာ ချယ်လ်ဆီးက အဲဗာတန်ကို သုံးဂိုး-တစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့ပြီး အမှတ်ပေးဇယားနေရာမှာလည်း အဆင့်(၁၆)နေရာအထိထိုးဆင်းသွားခဲ့လို့ပါပဲ။

ဒီရလဒ်က ချယ်လ်ဆီးအတွက် ၂၉ နှစ်တာကာလသက်တမ်းမှာ အဆိုးရွားဆုံးရာသီအစဖြစ်ခဲ့ပြီး မော်ရင်ဟိုကိုင်တွယ်ခဲ့တဲ့ဘယ်အသင်းကမှ ရာသီအစမှာပဲ အဆင့်(၁၆)နေရာမှာရပ်တည်နေတယ်ဆိုတာ ဘယ်သော အခါမျှ ထုံးစံမရှိခဲ့ပါဘူး။ ဒါ့အပြင် ချယ်လ်ဆီးရဲ့ ပရီမီယာလိဂ်ဖလား အဓိကပြိုင်ဘက်အဖြစ် မော်ရင်ဟို သတ်မှတ်ထားတဲ့ မန်စီးတီးကလည်း ငါးပွဲကစားပြီး ပွဲတိုင်းအနိုင်ရထားတာကြောင့် ချယ်လ်ဆီးကို ၁၁မှတ်အထိဖြတ်ချနိုင်ခဲ့ပြီဖြစ်ပါတယ်။

အခုလိုချယ်လ်ဆီးရဲ့ အရှုံးတွေကြောင့် မော်ရင်ဟိုအနေနဲ့ နည်းဗျူဟာအပိုင်းမှာ ပြန်လည်ချိန်ဆဖို့ လိုနေတာလားလို့ မေးခွန်းတွေရှိနေပေမယ့် ဒါဟာနည်းဗျူဟာပိုင်း အားနည်းချက်ကြောင့်မဟုတ်ဘဲ နောက်တန်းခံစစ်ကို ကျစ်လျစ်အောင်မတည်ဆောက်နိုင်ခဲ့ခြင်းရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကြောင့်ဖြစ်ပါတယ်။ချယ်လ်ဆီးနောက်တန်းရဲ့ ကစားပုံမှာ ဂျွန်တယ်ရီတစ်ဦးတည်းကိုသာ အပြစ်ဖို့လို့မရဘဲ ဂယ်ရီကာဟေးလ်၊ အိုင်ဗန်နိုဗစ်တို့ဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ၁၁ဂိုးအထိသွင်းယူခံခဲ့ရတဲ့အတွက် လူသစ်အစားထိုးဖို့မဖြစ်မနေကြိုးပမ်းရမှာပါ။ နောက်တန်းခံစစ်ကြောင်းအတွက် အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းကိုခေါ်ယူဖို့ကြိုးပမ်းခဲ့ပေမယ့် အပြောင်းအရွှေ့ကာလပိတ်သိမ်းခဲ့တဲ့တိုင် မဖြစ်မြောက်ခဲ့တာကြောင့် မော်ရင်ဟိုအနေနဲ့ ရှိတဲ့လူအင်အားနဲ့ပဲ ခရီးဆက်နေရတာဖြစ်ပါတယ်။

မော်ရင်ဟိုက ပေါ်တို၊အင်တာမီလန်၊ရီးယဲလ်တို့မှာ နောက်တန်းခံစစ်ကို ကျစ်လျစ်အောင်တည်ဆောက်ပြီး ကွင်းလယ်ကစားကွက်အားနဲ့ ချန်ပီယံဆုဖလားတွေကို အလီလီရယူနိုင်ခဲ့ပေမယ့် ဒီတစ်ကြိမ်တော့ ခံစစ်အားနည်းချက်တွေကြောင့် လက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်ကို စောစောစီးစီးလက်လွှတ်ရမယ့်အနေအထားကို ဆိုက်နေပါပြီ။

တိုက်စစ်မှာလည်း ကော်စတာက ဂိုးသွင်းခွင့်တွေဖြုန်းတီးနေသလို ဖယ်လ်ကာအို၊ ရီမီတို့ကလည်း ဂိုးသွင်းခြေမရတာကြောင့် တိုက်စစ်ကလည်းပြိုင်ဘက်နောက်တန်းကစားသမားတွေကိုမကျော်နိုင်ဘဲ ရဂိုးမဲ့ပွဲတွေကိုတောင် မြင်တွေ့နေရတာဖြစ်ပါတယ်။ ဒါ့အပြင် ဂိုးသမားကော်တွိုက်စ်ကလည်း ဒူးဒဏ်ရာခွဲစိတ်ကုသမှုကြောင့် သုံးလလောက်ဝင်ရောက်ကစားပေးနိုင်ဦးမှာ မဟုတ်သလို ကွင်းလယ်က ဖာဘရီဂတ်စ်နဲ့ မာတစ်တို့အတွဲကလည်း အတွဲအဖက်မမိဖြစ်နေတာကြောင့် မော်ရင်ဟိုအနေနဲ့ ပြင်မယ်ဆို ရှေ့၊ နောက်၊ အလယ်အားလုံးပြင်ရမှာပါ။

သေချာတာတစ်ခုကတော့ ဒီရာသီမှာ မန်စီးတီးက ကစားပုံအလွန်ကောင်းနေသလို မန်ယူကလည်း မာရှယ်လ်ကို စတင်ထည့်သွင်းကစားပြီးတဲ့နောက်ကစားပုံသွက်လာပြီး ဂိုးတွေဝေဝေဆာဆာသွင်းယူတဲ့အနေအထားကို ပြောင်းလဲနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးအနေနဲ့ ဒီမန်ချက်စတာမြို့အခြေစိုက်အသင်းနှစ်သင်းကို ကျော်ဖြတ်ပြီး ချန်ပီယံဆုကို ကာကွယ်ဖို့ဆိုတာ. . .

# စိတ်ကြွရူးသွပ်ဆေးပြား အများအပြားနှင့် ဘိန်းဖြူများသိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစီမံချက် သံလွင်စစ်ဆင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၁ ရက်က ဟိုပုံး-မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လွိုင်လင်ဘက်မှ ဟိုပုံးဘက်သို့ မနန်းအေးကူ မောင်းနှင်လာသော မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၅၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ စက်တင်ဘာ ၁၁ ရက်က မိုင်းတုံမြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု နားကောင်းမူကျေးရွာ ရပ်ကွက်(၂)နေ မပီနဲ၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၂၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၆၀ ကို လည်းကောင်း၊ စက်တင်ဘာ ၆ ရက်က ကျိုင်းတုံမြို့နယ် နောင်တုန်ကျေးရွာရှိ နေဝင်းကိုကို(ခ)ကိုစိုင်း၏ နေအိမ်ကိုရှာဖွေရာ ငွေကျပ် ၃ ဒသမ ၂၅၅ သိန်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၃၀ ကို လည်းကောင်း၊ စက်တင်ဘာ ၈ ရက်က ချမ်းမြသာစည်မြို့နယ် ၈-၄ ရပ်ကွက် (၆၅×၆၆)လမ်း ခိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြား ရွှေနီလာလမ်းပေါ်ရှိ PARAGON ဟိုတယ်ရှိ စိုင်းမောင်ဦးနှင့် သန်းဇော်တို့ တည်းခိုသည့် အခန်းအမှတ်(၅၀၄) ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၅ ပြား၊ ငွေကျပ် ခုနစ်သိန်းနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

**မနန်းအေးကူအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**



## ယာဉ်တိုက်မှုကြောင့် တစ်ပြိုင်တည်း ကျူးလွန်သူအားအရေးယူ

**မကွေး စက်တင်ဘာ ၁၃**

မကွေးမြို့ အောင်မေတ္တာရပ် အောင်မေတ္တာအဝိုင်းလမ်းမကြီးမှ မောင်းနှင်လာသော ယာဉ်မောင်း ဝင်းတင် (ယာဉ်မောင်းလိုင်စင်မရှိသူ) မောင်းနှင်လာသည့် Toyata landcruiser KZI ယာဉ်သည် အောင်မေတ္တာ(၇) လမ်းထိပ် အရောက်တွင် မျက်နှာချင်းဆိုင်မှ သိန်းလွင်နှင့် မယဉ်မြတ်မွန်တို့ မောင်းနှင်လာသည့် ဆိုင်ကယ်အား ဝင်တိုက်မိပြီး မောင်းနှင်ထွက်ပြေးရာ ကိုက်(၁၀၀)ခန့်အကွာတွင် ကျော်မင်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ထပ်မံတိုက်မိပြီး ကိုက်(၅၀) ခန့် အကွာတွင် ငြိမ်းဇော်သူနှင့် မခိုင်သူဇာတို့ စီးနင်းလာသည့် ဆိုင်ကယ်အား ထပ်မံတိုက်မိခဲ့သည်။

ဆက်လက်ပြီး မောင်းနှင်ထွက်ပြေးရာ ကိုက်(၂၀)အရောက်တွင် ယာဉ်မောင်း မနှင်းနုဝါ မောင်းနှင်လာသည့် ဆိုင်ကယ်အားဝင်တိုက်မိပြီး ဆက်လက်မောင်းနှင်ခဲ့ရာ ကင်းဘုန်းကြီးကျောင်းရှေ့အရောက်တွင် ထက်ဆန်းလင်း ကင်းကျောက်ကုန်းရပ်နေသူအား ဝင်ရောက်တိုက်မိခဲ့ပြီး ကင်းဘုရား အုတ်တံတိုင်းအား ဝင်ရောက်တိုက်မိ ရပ်တန့်သွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုများတွင် တိုက်မိခဲ့သူများအနက် မနှင်းနုဝါတွင် နဖူးပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး မကွေးတိုင်းဆေးရုံကြီးတွင် သေဆုံးသွားခဲ့သဖြင့် ဝင်းတင်အား မကွေးမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

## ဆောမြို့တွင် အချုပ်သားလေးဦး အချုပ်ခန်းဖောက်ထွက်ပြေးမှုဖြစ်ပွား

**ဆော စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် ဆောမြို့ရဲစခန်းမှ အချုပ်သားလေးဦး စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက အချုပ်ခန်းအားဖောက်၍ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

လွတ်မြောက်သွားသူ လေးဦးမှာ ပုဒ်မ ၃၇၆ အမှုမှ ဝင်းကျော် (၃၅)နှစ်၊ ပုဒ်မ ၃၈၀ (ဆိုင်ကယ်)အမှုမှ ဖိုးကျော်(ခေါ်) ကျော်ဇင်မြင့်(၂၇)နှစ်၊ ပုဒ်မ ၃၈၀ အမှုမှ ရဲမင်းပိုင်(၂၃)နှစ်နှင့် စည်သူအောင် (၂၄)နှစ်တို့ဖြစ်ကြောင်းနှင့် အချုပ်ခန်းအနောက်ဘက် ကာရံထားသော တိုင် (၄×၂)လက်မ ပျဉ်းကတိုးပျဉ်ချပ်အား သံဖြတ်လွှဖြင့်ဖြတ်၍ ပုဆိုး၊ တဘက်၊ အင်္ကျီများအသုံးပြုကာ အချုပ်ခန်းအတွင်းမှ ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆောမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

❒

## ထော်လာဂျီကို ကျော်တက်သည့်ဆိုင်ကယ်နှင့် ခရီးသည်တင်မှန်လုံယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၉/၀-၁)ကြားတွင် စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ယာဉ်တိုက်မှု ဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ကန်ကြီးထောင့်ဘက်မှ ပုသိမ်ဘက်သို့ ကန်ကြီးထောင့်မြို့နယ် ရေတွင်းကုန်းကြီးကျေးရွာနေ အောင်မျိုးသူ(၃၂)နှစ်မောင်းနှင်ပြီး ဇနီးဖြစ်သူ မနန့်ပုံကြီး (၃၀)နှစ်နှင့် သမီးဖြစ်သူ မအိအိစံ(၃)နှစ်တို့ လိုက်ပါလာသည့် ၄၆ယ/----Luojia-၁၁၀ အပြာရောင် ဆိုင်ကယ်မှာ ရှေ့မှမောင်းနှင်နေသည့် ထော်လာဂျီယာဉ်အား ကျော်တက်စဉ် ပုသိမ်ဘက်မှ ကန်ကြီးထောင့်ဘက်သို့ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နေ ညီညီအောင်(၃၆)နှစ်မောင်းနှင်လာသည့် ထက်ဦးခရီးသည်တင်မှန်လုံယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့သဖြင့် မနန့်ပုံကြီးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး အောင်မျိုးသူနှင့် မအိအိစံတို့တွင် ဒဏ်ရာများရရှိခဲ့၍ ပုသိမ်မြို့ ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း အောင်မျိုးသူနှင့် ညီညီအောင်တို့အား ကန်ကြီးထောင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

## ကလောနှင့်လောက်ကိုင်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် သံလွင်စစ်ဆင်ရေးအား ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမှ သာစည်သို့ မာရှောက်လိန် မောင်းနှင်ပြီး မောင်ဟိုက် **(ဝဲပုံ)** လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၀၀၀ သိမ်းဆည်းရမိသည်။



အလားတူ စက်တင်ဘာ ၁၀ ရက်က နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု (၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ ရပ်ကွက်(၂)ရှိ ပျံကျယာယီအဆောက်အအုံအတွင်း ဝင်ရောက်ရှာဖွေရာ မယေ့ကော်ပါ ၁၆ ဦးထံမှ ဘိန်းဖြူ သုည ဒသမ ၀၃၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ လောက်ကိုင်မြို့ ရပ်ကွက်(၂) ကော်မင်းလမ်းသွယ်(၆) လမ်း ကြက်သားအရောင်းဆိုင်ခန်း အမှတ်(၆၀၆)နေ မကျင်ရှန်ကတ်၏ နေအိမ်ကို ရှာဖွေရာ ဆိုင်ခန်းအတွင်း ဘိန်းဖြူ သုည ဒသမ ၃၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

## ဘိန်းဖြူမှုန့် ဆပ်ပြာခွက် ၁၆ ခွက် သိမ်းဆည်းရမိ

**နောင်ချို စက်တင်ဘာ ၁၃**

နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် စက်တင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီခွဲက အမှတ်(၂၄) မူးယစ်တပ်ဖွဲ့စု လားရှိုး-နောင်ချို လှုပ်ရှားတပ်ဆွယ်မှ ဒုရဲအုပ်နိုင်စိုး ဦးစီးသော တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေး ဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်စဉ် ဒုဋ္ဌဝတီခရီးသည်တင် မှန်လုံယာဉ်အမှတ် (SHN) 7A/--ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်၏ ဘောက်ပစ္စည်းများထားသည့် ဘောက်အတွင်း အေးဝါးမိုး လေဘယ်ကတ်ပါ ပီနန်အိတ်အတွင်း အနီရောင် ခေါင်းအုံးလေးလုံးထဲမှ ဘိန်းဖြူမှုန့် ၁၂ ဂရမ်စီပါ ရောင်စုံဆပ်ပြာခွက် စုစုပေါင်း ၁၆ ခွက် (အလေး ချိန် ၁၉၂ ဂရမ်) ကို ရှာဖွေသိမ်းဆည်း ရမိသည်။

အဆိုပါ ဘိန်းဖြူမှုန့် ဆပ်ပြာခွက် တစ်ခွက်လျှင် သယ်ဆောင်ခကျပ် တစ်သိန်းနှုန်းဖြင့် သယ်ဆောင်လာကြောင်း သိရပြီး မူးယစ်ဆေးဝါး သယ်ဆောင်လာသူ မအေးဝါးမိုး(ခ) ဥမ္မာစိုး (၃၃)နှစ် နန့်ရင်းရပ်ကွက် မိုးကောင်းမြို့ ကချင်ပြည်နယ်နှင့် သယ်ဆောင်ခိုင်းသူ ထွန်းလင်း (၄၅)နှစ် ရွာသစ်ရပ်ကွက် မိုးကောင်းမြို့ ကချင်ပြည်နယ် နှစ်ဦးတို့အား နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

❒

## "ရှုဝံကြယ်" တိုင်းရင်းဆေးတိုက်အတွက် ထောက်ခံချက်



ကျွန်မသည် လွန်ခဲ့သော (၁၀)နှစ်ခန့်က ချော်လဲ၍ ဒူးအဆစ်လည်ပြီး အရွတ်ရှည်ထွက်သွားပါသည်။ လမ်းကောင်းမွန်စွာ မလျှောက်နိုင်သဖြင့် "ရှုဝံကြယ်" တိုင်းရင်းဆေးတိုက်မှ ထုတ်လုပ်သော အဆစ်ရောင်ရောဂါ သောက်ဆေးနှင့် အကြောပြေဆေး(၂)မျိုးလုံးကို နေ့စဉ် တစ်နေ့လျှင်(၃)ကြိမ် သောက်သုံးချိန်မှစ၍ ယခုအချိန်တွင် လမ်းကောင်းမွန်စွာလျှောက်နိုင်ပြီဖြစ်ပါသဖြင့် "ရှုဝံကြယ်" တိုင်းရင်းဆေးတိုက်မှ ထုတ်လုပ်သော ဆေးများမှာ တိုင်းရင်းပရဆေး အစစ်အမှန်များဖြင့် ထုတ်လုပ်ထားသော ဆေးဖြစ် သောကြောင့် ဘေးထွက်ဆိုးကျိုးမရှိဘဲ ရောဂါ ပျောက်ကင်းသက် သာကြောင်း ထောက်ခံအပ်ပါသည်။

| | |
|---|---|
| "ရှုဝံကြယ်"တိုင်းရင်းဆေးတိုက် | ဒေါ်ညွန့်ညွန့်ရွှေ |
| ဖုန်း- ၀၉-၅၁၅၈၉၁၀ | [၁၂/သဃက(နိုင်)၀၃၁၂၄၅] |
| ၀၁-၅၃၅၉၅၃ | တိုက်(၁)၊ အမှတ်(၀၀၃)၊ |
| အမှတ်(၁၁၊စီ)မဟာမြိုင်လမ်း၊ | ကြို့ကုန်းရိပ်သာ၊ အင်းစိန်မြို့နယ်။ |
| စမ်းချောင်းမြို့နယ်။ | ဖုန်း-၀၉-၅၁၀၄၆၆၃ |

မျိုး
380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

မျိုးမြတ်သူ ဝင်းစိန်ဆရာတော်ဖူး ဇင်းကျိုက်ရေတံခွန်
18.9 9:00pm မော်လမြိုင်ဘုရားစုံဖူး 25000
28.9 အဘထွက်ပွဲ တားငြိမ်း 45000
ဝင်မြင့်ရွာညအိပ် ပုပ္ပါးညအိပ်
09 254058712: 09 31568500

ဦးအောင်ဟိန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
■နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
●အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ●ရေးနည်း(Pre.,Vol:1,2,3)
•392468 09517184
ဆရာဖြစ်အင်္ဂလိပ်စာ (Ceritificate/Diploma)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

ရတနာနဂါးမိုး
EASY GO TRAVEL & TOURS
(၃)ည(၄)ရက်ခရီးစဉ်
4 Star Hotel (၂)ည
18.9.2015အတွင်းအထူးPromotionအစီအစဉ်ကို ရယူလိုက်ပါ။
Ph:01377351, 377352, 227925, 095091205, 257781722

ပြည်တွင်းရေးရာ

# လျှပ်စစ်ဗို့အားပြည့်မီစွာသုံးစွဲနိုင်ရေး လျှပ်စစ်ဓာတ်အားခွဲရုံ အသစ်တိုးချဲ့တပ်ဆင်

**ခင်ဦး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် ခင်ဦးမြို့ပေါ်ရပ်ကွက်များ လျှပ်စစ်ဗို့အားပြည့်မီစွာသုံးစွဲနိုင်ရေးအတွက် စက်တင်ဘာလ ပထမပတ်မှစတင်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ 11/0.4 kV (200) kVA ခွဲရုံအသစ်ကို အောင်သီရိရပ် မူလတန်းလွန်ကျောင်းရှေ့တွင် တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း၊ အန္တရာယ်ရှိသော ဆွေးမြည့်လျှပ်စစ်သစ်သားတိုင်များကို ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြကန်သာရပ် အနောက်ပိုင်းရှိ 11/0.4 kV (100) kVA ခွဲရုံတွင် ဆွေးမြည့်သစ်သားတိုင်နှင့် သစ်သားလက်တန်းနှစ်တိုင်စင်အား ကွန်ကရစ်တိုင် သံလက်တန်းဖြင့် အစားထိုးလဲလှယ်ခြင်း၊ မြကန်သာရပ် အရှေ့ပိုင်းတွင် ဆွေးမြည့်လျှပ်စစ်သစ်သားတိုင် ၂၀ တိုင်အား ကွန်ကရစ်တိုင်နှင့် သံလက်တန်းဖြင့် အစားထိုးလဲလှယ်တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါခွဲရုံ အသစ်တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက ခင်ဦးမြို့ပေါ် လေးရပ်ကွက်၌ လျှပ်စစ်ဗို့အား ပြည့်မီစွာသုံးစွဲနိုင်တော့မည် ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။ **ခင်ဦးစိုးဝေ**

# တောင်တွင်းကြီးမြို့နယ် စမ်းကုန်းကျေးရွာမီးလင်းရေး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်

**တောင်တွင်းကြီး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စမ်းကုန်းကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ လျှပ်စစ်မီးရရှိရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်လေးတို့က ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်း ၁၅၄ စုံတို့အား ကျေးရွာအုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(၅၈၀)**

# ကုက္ကိုကုန်းရွာမကျေးရွာမှ အသက်ရာကျော်အဘိုးအား နိုင်ငံတော်သမ္မတက ဂုဏ်ပြု

**တောင်တွင်းကြီး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းအုပ်စု ကုက္ကိုကုန်းရွာမကျေးရွာမှ အသက် ၁၀၃ နှစ်ကျော်ရှိ အဘိုးဆလိုင်းဦးဘိုလှအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ၎င်း၏နေအိမ်၌ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းတို့က နိုင်ငံတော်သမ္မတကပေးအပ်သော ထောက်ပံ့ငွေကျပ်နှစ်သိန်းနှင့် ဂုဏ်ပြုလွှာချီးမြှင့်ခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

# မင်းဘူးမြို့နယ်တွင် ခရမ်းချဉ်စိုက်ပျိုးခြင်းကို ရိုးရိုးစိုက်ပျိုးခြင်းထက် တိုင်ထောင်စနစ်ဖြင့်စိုက်ပျိုးခြင်းက ပိုမိုအဆင်ပြေလျက်ရှိ

**မင်းဘူး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ ကျေးရွာများဖြစ်သော ကျောက်တန်း၊ ရေမြက်၊ ပေါက်ပင်တွင်း၊ ရေတွင်းကုန်းကျေးရွာများမှ တောင်သူများ ခရမ်းချဉ်စိုက်ပျိုးရေးကို အမှီပြု၍လုပ်ကိုင်ကြရာတွင် ရိုးရိုးစိုက်ပျိုးခြင်းထက် တိုင်ထောင်စနစ်ဖြင့်စိုက်ပျိုးခြင်းက ပိုမိုတွက်ခြေကိုက်ကြောင်း၊ ရာသီဥတုဒဏ်ကိုခံနိုင်ပြီး အထွက်နှုန်းကောင်းမွန်ကြောင်း ရေတွင်းကုန်းကျေးရွာမှ ခရမ်းချဉ်စိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

အဆိုပါတောင်သူများသည် မိုးရာသီနှင့် ဆောင်းရာသီကို အဓိကအားထား၍ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ ခရမ်း၊ ဘူးနှင့်ပန်းမျိုးစုံများအပြင် တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးသည့် ခရမ်းချဉ်စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်၍ ခရမ်းချဉ်သီးများ ယခုနှစ်၌ ဈေးကောင်းရရှိသဖြင့်တောင်သူများ ဝင်ငွေကောင်းပြီး အဆင်ပြေလျက်ရှိကြောင်းလည်း သိရသည်။

အဆိုပါစိုက်ခင်းများတွင် ခရမ်းချဉ်စိုက်ခင်းများမှာ အရင်းအနှီးအကုန်အကျသက်သာသည့်အပြင် မိသားစုဝင်ငွေ ပိုမိုမြန်စွာရရှိကြောင်း၊ ယခင်နှစ်များက ခရမ်းချဉ်စိုက်ခင်းကို ရိုးရိုးစိုက်ပျိုးခဲ့သဖြင့် အပင်ဖြစ်ထွန်းအောင်မြင်သော်လည်း အသီးသေးအထွက်နည်းပြီး မြန်မြန်အပင်ကျမြန်ကြောင်း၊ မနှစ်ကစတင်၍ စိုက်ပျိုးရေးပညာရှင်များ၏ နည်းပေးလမ်းပြခြင်း၊ တိုင်ထောင်စနစ်ဖြင့် ညွှန်ကြားပြသပေးခြင်းတို့ကြောင့် မနှစ်ကထက် ယခုနှစ်တွင် အပင်ဖြစ်အား ပိုမိုကောင်းမွန်သည့်အပြင် အသီးထွား၊ ဈေးကောင်းရရှိပြီး ရေရှည်အသီးဆွတ်ရကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ မနှစ်တစ်နှစ်က ခရမ်းချဉ်ကို ဒီအတိုင်းစိုက်ခဲ့ကြတယ်။ အပင်ဖြစ်ထွန်းတာပဲရှိတယ်။ အသီးကျတော့သေးတယ်။ ဈေးလည်းအရနည်းတယ်။ မနှစ်ကစပြီး စိုက်ပျိုးရေးပညာရှင်တွေရဲ့ နည်းပေးတဲ့အတိုင်း တိုင်ထောင်စနစ်နဲ့စိုက်ပျိုးကြည့်တယ်။ အပင်ဖြစ်တာ၊ အသီးသီးတာအစ ကွာခြားတာတွေ့ရတယ်။ မနှစ်က ဈေးကောင်းမရတော့ အရင်းပဲရတယ်။ ခရမ်းချဉ်က ပျိုးစထောင်တဲ့ရက်စပြီး လေးဆယ့်ငါးရက်ဆို စပြီးအသီးဆွတ်ရတယ်။ ပျိုးထောင်ရက် နှစ်ဆယ့်ငါးရက်ဆို ခွဲစိုက်တယ်။ ခရမ်းချဉ်မျိုးစေ့ကို မင်းဘူးမြို့ကဝယ်တယ်။ စိုက်နည်းပျိုးနည်းကိုလည်း စနစ်တကျနားလည်အောင် ရှင်းပြပေးတယ်။ ရေတွင်းတူးပြီး ရေစုပ်စက်နဲ့ ရေသွင်းပေးတယ်။ နှစ်ရက်ခြားတစ်ခါဆွတ်ရတယ်။ တစ်ခါဆွတ် အချိန်နှစ်ရာလောက်ရတယ်။ စိုက်ခင်းထဲမှာကို တစ်ပိဿာ ရှစ်ရာကျပ်ကနေ တစ်ထောင့်နှစ်ရာကျပ်အထိရောင်းရတယ်။ တချို့က အိမ်မှာလက်ကားလာယူကြတယ်။ မနှစ်ကထက် အခုနှစ်ဈေးကောင်းရတော့ ခရမ်းချဉ်စိုက်တောင်သူတွေ ဝင်ငွေကောင်းပြီး အဆင်ပြေကြတယ်"ဟု ရေတွင်းကုန်းကျေးရွာမှ တောင်သူတစ်ဦးက ဆက်လက်ပြောပြသည်။

**ခွဲထက်ရှင်**







**ပြင်ဆင်ဖတ်ရှုပါရန်**
၂၆-၇-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် မင်္ဂလာဒုံမြို့နယ်၊ မြေကွက်အမှတ်(၁၉၆)၊ မခြူးသက်ရွယ် အမည်ဖြင့် မြေတိုင်းရပ်ကွက် ၅၃၀-စီ အစား မြေတိုင်းရပ်ကွက် ၄၉၇ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**PH Global Co.,Ltd.**
No. (990), Kyike Wine Pagoda Road, Mayangone Tsp, Yangon. Contact No. 01-522609, 009-421075447
PH Global Co.,Ltd is currently looking for motivated and delegated employees in construction area. All Engineering post must be fluency in both oral and written English. Int`l experience is more perferable
***(Project contract with attractive salary)***
**Project Engineer (Male - 5 Posts)**
B.E (Civil), age bet. 35 to 40, 5 years experience in related fields, must have well knowledge of planning, designing and supervising of the whole project, must be able to lead the project team and well control to sub-contractor.
**Civil Engineer (Male/Female - 10Posts)**
B.E (Civil), age under 35, 3 years experience in related fields, must be able to estimate costs and material needs, and establish completion dates,must to sub-contractor
**QC and Time Scheduling Engineer (Female - 5 Posts)**
B.E (Civil) age under 35, 3 years experience in related fields must have good quality control skills and time scheduling skills, well known in material specification and well experience in execution plan.
**Quality Survey Engineer (Female - 5 Posts)**
B.E (Civil), age under 25, must be able to use Auto CAD, 2 years experience in related fields , well experience in material specification and estimating costs.
**Showroom Sale (Female - 10 Posts)**
Any Graduate, Age under 25.
**Driver (Male - 3 Posts)**
Age bet 25 , 3 years experience in related fields
Preferable living near Thamine Junction.

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုထက်ဦးအောင် [၁၄/ပသန(နိုင်)၂၃၆၀၀၁]၏ PP No. MA 018555 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၅၆၆၄၁၄

**ဝန်ထမ်းအလိုရှိသည်**
VMG Decoration
Cat,3D Max ကျွမ်းကျင်၊
လုပ်ငန်းအတွေ့အကြုံရှိရမည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၃၁၀၃၂၆၁






# မိုးကောင်းရိုး ချောင်းကူး သံကူကွန်ကရစ်တံတားသစ်ကို ငွေကျပ်သိန်း ၂၀၀ အကုန်အကျခံ၍ တည်ဆောက်

**ပုလဲ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် အလယ်ဘုံကျေးရွာ၌ မိုးကောင်းရိုးချောင်းကူး သံကူကွန်ကရစ်တံတားသစ်ကို ငွေကျပ်သိန်း ၂၀၀ အကုန်အကျခံ၍ ဩဂုတ်လမှစတင်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်လမ်းဦးစီးဌာနအင်ဂျင်နီယာများ၏ ကြီးကြပ်မှု ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄) ၏ စက်ယန္တရားကူညီမှုများဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် အလယ်ဘုံကျေးရွာနေ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းက "ဒီသံကူကွန်ကရစ်တံတားသစ်တည်ဆောက်နိုင်ဖို့အတွက် ရွာမှာရှိတဲ့ ဥတ္တရာကျောင်းဆရာတော် ဘဒ္ဒန္တ အာဒိစ္စနှင့် ဓမ္မာရာမကျောင်းဆရာတော် ဘဒ္ဒန္တ သုမင်္ဂလတို့ရဲ့ ဦးဆောင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီတံတားက အလယ်ဘုံရွာမနဲ့ အလယ်ဘုံရွာသစ်ကို ဆက်သွယ်ပေးတဲ့ တံတားဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က မိုးကောင်းရိုးချောင်းကူး သစ်သားတံတားဟာ ချောင်းရေနဲ့ မျောပါပြီးကတည်းက ပြန်ပြီးတံတားသစ်မတည်ဆောက်နိုင်တာကြောင့် ရွာသူ၊ ရွာသားတွေကော၊ ကျောင်းသား၊ ကျောင်းသူတွေပါ သွားလာဆက်သွယ်မှုမှာ ဒုက္ခရောက်နေတာ ကြာခဲ့ပါပြီ။ အခုတော့ ရာသီမရွေး သွားလာနိုင်တော့မှာဖြစ်ပါတယ်။ ဒီသံကူကွန်ကရစ်တံတားကို သမဝါယမဝန်ကြီးဌာန ပြည်ထောင်ဝန်ကြီး ဦးကျော်ဆန်းရဲ့ မတည်ငွေကျပ်သိန်း ၃၀၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေးက ဘိလပ်မြေအိတ် ၂၀၀၊ ရန်ကုန်မြို့နေ ဒေါ်ဌေးဌေးမိသားစုက ငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေ ပြည်သူများရဲ့ထည့်ဝင်လှူဒါန်း ငွေကျပ်သိန်း ၇၀ နဲ့ ဩဂုတ် ၂၄ ရက်ကစတင်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ မြို့နယ်လမ်းဦးစီးဌာန အင်ဂျင်နီယာတွေရဲ့ ကြီးကြပ်မှု၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)ရဲ့ စက်ယန္တရားကူညီမှုများဖြင့် တည်ဆောက်လျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါ မိုးကောင်းရိုးချောင်းကူး သံကူကွန်ကရစ်တံတားသစ်သည် အရှည် ၆၀ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၂၀ ပေရှိသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ငွေကျပ်သိန်း၂၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သမိုင်းဝင် ရှိမ္မကားရွှေတောင်ဦးဘုရားပွဲတော် စည်ကားစွာကျင်းပ

**ဝက်လက် စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရှိမ္မကားကျေးရွာ ဧရာဝတီမြစ်ကမ်းဘေး ရွှေတောင်ဦးတော်ပေါ်တွင်တည်ထားသော သမိုင်းဝင်မဟာလောကရံသီ ရွှေတောင်ဦးမြတ်စွာဘုရားပွဲတော်ကို စက်တင်ဘာ ၁၀ ရက်မှစ၍ စည်ကားစွာကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရှိမ္မကားရွှေတောင်ဦးမြတ်စွာဘုရားကို ကုန်းဘောင်မင်းဆက် ဘိုးတော်မင်းတရားကြီး တည်ထားကိုးကွယ်ခဲ့ပြီး ရှေးဟောင်းသမိုင်းဝင် စစ်ကိုင်း ရွှေတောင်ဦး၊ မုံရွာရွှေတောင်ဦး၊ ခက်သင်ရွှေတောင်ဦး၊ မခေါက်ရွှေတောက်ဦး စသည့်မြန်မာနိုင်ငံရှိ ထင်ရှားသော ရွှေတောင်ဦးဘုရားများတွင် တစ်ဆူအပါအဝင်ဖြစ်ပြီး နှစ်စဉ် ဘုရားပွဲတော်ကို ဝါခေါင်လပြည့်ကျော် ၁၁ ရက်မှစ၍ ငါးရက်ကြာ စည်ကားစွာကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှပြည်သူများ လာရောက်၍ ဘုရားဖူးမြော်ကြည်ညိုကြရာ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပြည်သူ့လွှတ်တော် အားကစားယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် တာဝန်ရှိသူများလည်း လာရောက်၍ ဘုရားဖူးမြော်ခြင်း၊ ရွှေတောင်ဦးမြတ်စွာဘုရားအား ရွှေသင်္ကန်းကပ်လှူခြင်း၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**



ကယားပြည်နယ် လွိုင်ကော်မြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ထိန်းရဲများက မြို့အတွင်းမောင်းနှင်လျက်ရှိသော မော်တော်ဆိုင်ကယ်၊ ကား၊ သုံးဘီး၊ ထော်လာဂျီနှင့် အခြားစက်တပ်ယာဉ်များအား ယာဉ်စည်းကမ်းအတိုင်း လိုက်နာမှုမရှိပါက အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ကိုစိုင်း(လွိုင်ကော်)

## မိုးစပါး လျာထားဧကကျော်လွန်၍ စိုက်ပျိုးနိုင်

**ဒီပဲယင်း စက်တင်ဘာ ၁၃**

ဒီပဲယင်းမြို့နယ်သည် သဖန်းဆိပ်ဆည်ရေသောက်ဖြစ်ပြီး ရွှေဘိုခရိုင်အတွင်း နှစ်စဉ် နွေစပါး၊ မိုးစပါး အများဆုံးစိုက်ပျိုးနိုင်သော မြို့နယ်ဖြစ်ပြီး ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ၂၇၅၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါးစိုက်ပျိုးရန် ၁၂၅၄၀၀ ဧက လျာထားသတ်မှတ်ထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းထွန်းထံမှ သိရသည်။

ဒီပဲယင်းမြို့နယ်အနေဖြင့် မိုးရွာသွန်းမှုများခဲ့သော်လည်း မိုးစပါးစိုက်ပျိုးထားမှုကို ထိခိုက်ပျက်စီးမှုမရှိဘဲ ယခင်နှစ်အလားတူ မိုးစပါးလျာထား ၁၂၅၄၀၀ ဧကထက်ကျော်လွန်၍ တောင်သူများအားလုံး ကွင်းပိတ်စိုက်ပျိုးနိုင်ပြီး ရွှေဘိုပေါ်ဆန်း၊ ဧရာမင်းစပါးနှင့် ရွှေသွယ်ရင်စပါးမျိုးများကို အဓိကထားစိုက်ကြကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်သည်လည်း ဇူလိုင်လအတွင်းက မိုးများအဆက်မပြတ်ရွာသွန်းပြီး ရေဆိုးချောင်းများ ရေကြီး၊ ရေလျှံမှုရှိခဲ့သော်လည်း လယ်ယာမြေများ ပျက်စီးမှုမရှိဘဲ မိုးစပါးပျိုးခင်းများ အနည်းငယ်သာ ထိခိုက်ပျက်စီးခဲ့သည်။ ပျိုးခင်းများ အချိန်မီပြန်လည်ပျိုးထောင်ရန်အတွက်လည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား စပါးမျိုးများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**အောင်လင်း(ပြန်/ဆက်)**

## ကျောင်းသားများအတွက် စက်ဘီး ၂၈ စီးပေးအပ်

**ကမမောင်း စက်တင်ဘာ ၁၃**

ကရင်ပြည်နယ် ကမမောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ လှစင်ကုန်းကျေးရွာမှ ကျောင်းတက်ပညာသင်ကြားနေသော အထက်တန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စက်ဘီးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ပေးအပ်သော တန်ဖိုးငွေကျပ် ၉၈၀၀၀၀ ကျပ်ရှိ စက်ဘီး ၂၈ စီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောင်းတက်ဝေးပြီး မဝယ်နိုင်သော ကျောင်းသား၊ ကျောင်းသူများအတွက်ဖြစ်ပြီး စက်တင်ဘာ ၉ ရက်က ကမမောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းလတ်ပိုင်နှင့် တာဝန်ရှိသူများက မလှစင်ကျေးရွာသို့ သွားရောက်ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကွန်ပျူတာပုရောဟိတ်

တြိစက္ကဇာတာအားစစ်ဆေးနိုင်သည့်တခုတည်းသောကွန်ပျူတာ

ကလေးဇာတာ၏အားကြီးသောဂြိုဟ်နံများဖြင့်လုပခေတ်မီနာမည်လေးများ(၁၈၀)ကျော် နာမည်များနှင့်အတူတသက်တာဇာတာစစ်ဟောစာတမ်း(၃၆)မျက်နှာ အိမ်ထောင်ရေးစီးပွားရေးကျန်းမာရေးပညာရေးစိတ်နေစိတ်ထားအကျင့်စရိုက် ကလေးတသက်တာအချိန်ကာလအပိုင်းအခြားအလိုက်ဟောကိန်းများ အဆောင်ယတြာများ/အမြင့်တန်းသို့ထိုးတင်ပေးထားသောနာမည်များဖြစ်ပြီး ပယောဂသမ္ဘတ္တိကံ/ဘုရား/ဝိရိယ/သတိများထူးခြွန်ထက်မြက်ပြီးအောင်မြင်စေရမည် ရောင်စုံအလှအခန့်မင်္ဂလာတြိစက္ကဇာတာနှင့်ကင်ပွန်းတပ်ချိန်နှင့်ရက်များ လာရွေး/နိုင်ငံခြားemail၇၀၀၀ိ/မြို့တွင်းVPLနှင့်၈၀၀၀ိ/နယ်အမြန်ချော၉၀၀၀ိ ကလေးပုံကိုViberဖြင့်ပို့လျှင်စာအုပ်ဖုံးဒီဇိုင်းတွင်တင်ပေးမည်/ခွဲမွေးချိန်/လုပ်ငန်းနာမည်ပေး တိုက်၂၂၁/အခန်း၆၀၂/ဗိုလ်တထောင်ဈေးလမ်းမကျယ်(အလယ်)/ပုဇွန်တောင်မြို့နယ်/ရန်ကုန်

ဆရာဦးသိန်းမြင့် A.G.T.I(Mech.Engg) ထံဖုန်းသာဆက်လိုက်ပါ 0931079394

095179128/0931300995/ViberPh:09972122177/09972228316

IPW

အင်းပေါက်ဝကုမ္ပဏီလီမိတက်

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ မြောက်ဦးနဝရတ်ဟိုတယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။ (နေထိုင်ရေးဟိုတယ်မှစီစဉ်ပေးမည်။)

၁။ Hotel Manager ကျား/မ(၁)

- Certificate (သို့) Diploma (သို့) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ
- Hotel Manager အတွေ့အကြုံရှိသူ။
- စီမံခန့်ခွဲကြီးကြပ်နိုင်သူ၊ English စကားပြောဆိုနိုင်သူ၊ E-Mail အသုံးပြုနိုင်သူ။
- ဆက်ဆံရေးပြေပြစ်သူ၊ ရေရှည်လုပ်ကိုင်နိုင်သူ။

၂။ Chef ကျား/မ(၁)

- Certificate (သို့) Diploma (သို့) သက်ဆိုင်ရာအသိအမှတ်ပြုလက်မှတ်ရရှိထားသူ
- လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူ
- ဆက်ဆံရေးပြေပြစ်သူ၊ ရေရှည်လုပ်ကိုင်နိုင်သူ။

၃။ Receptionist ကျား/မ(၁)

- အသက် ၁၈နှစ်နှင့်အထက်
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။ English စကားပြောဆိုနိုင်သူ
- ဆက်ဆံရေးပြေပြစ်သူ၊ ရေရှည်လုပ်ကိုင်နိုင်သူ

လျှောက်လွှာပေးပို့လိုပါက မျှော်မှန်းလစာနှင့်တကွ CV အား Email:innpaukwa@gmail.com(သို့) Fax.(01) 202587 သို့ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လျှောက်ထားနိုင်ပါသည်။ လူကိုယ်တိုင်လျှောက်ထားလိုပါက အင်းပေါက်ဝ ကုမ္ပဏီလီမိတက်၏ ရန်ကုန်ရုံး- အမှတ်(၂၆)၊ ၄၃လမ်း၊ (အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၂၅၄၀၊ ၂၉၈၉၄၃သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ (ကျပ်ငွေ)ဖြင့် စက်ပစ္စည်းကိရိယာတန်ဆာပလာများ ဝယ်ယူလိုပါသဖြင့် အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါအမှတ်စဉ် 05-DISI(စက်မှုစစ်ဆေးရေးပစ္စည်း- GAS DETECTOR)
(ခ) တင်ဒါအမှတ်စဉ် 06-DISI(ရုံးသုံးစက်ပစ္စည်း-မီးအားမြှင့်စက်နှင့် ရေသန့်စက်)

၂။ (က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်- ၇-၉-၂၀၁၅ရက်(တနင်္လာနေ့)၊ ၉း၃၀နာရီ
(ခ) တင်ဒါပိတ်မည့်ရက်၊ အချိန် - ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) ၁၆း၃၀နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၌ ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ၊ ဖုန်းအမှတ်-၀၆၇-၄၀၈၂၉၁၊ ၄၀၈၄၄၅သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသ လျက်ရှိသော လူနာများအား ဆေးကုသပေးရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၁။ ဆေးနှင့်ဆေးပစ္စည်းများ
၂။ ဓာတ်ခွဲခန်းသုံးဆေးရည်များ
၃။ ဓာတ်မှန်ခန်းသုံးပစ္စည်းများ

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၇-၉-၂၀၁၅ရက်
တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - ၅-၁၀-၂၀၁၅ရက်၊ ညနေ ၁၆း၀၀ နာရီထိ

တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဝယ်ယူမည့်ဆေးဝါး/ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရေးကော်မတီ
မြောက်ဥက္ကလာပဆေးရုံကြီး၊ ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၁-၉၆၉၀၂၉၅

ရွှေလမ်းခရီး... အဆင့်မြင့်ဘုရားဖူးပို့ဆောင်ရေး

* ပုဂံ၊ ညောင်ဦး (စွယ်တော်လေးဆူ)၊ (ပြည့်ငါးပြည့်)၊ ပုပ္ပါး၊ ပခုက္ကူ။
* တောင်ကြီး (မွေတော်ကက္ကူ)၊ (ထမ့်စမ်းလိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ၊ ကလော။
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ။ သောကြာနေ့တိုင်း
* ကယားပြည်နယ်-လွိုင်ကော်၊ တောင်ကွဲစေတီ၊ ငွေတောင်ဆည်၊ ကလောဘုရားစုံ။
* မော်လမြိုင်၊ နွားလဘိုတောင်၊ ကျိုက္ကမီ၊ စက်စဲ၊ ဝင်းစိန်တောရ၊ ကျိုက်ထီးဆောင်း။

(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/စက်လှေခ၊ တည်းခိုခန်းခ ဝရိတ်ငြိမ်း)

အာဘာဇအောင်မင်းခေါင် ထွက်ရပ်ပူဇော်ပွဲ ကြိုတင်ရောင်းပြီ။

* ကျိုက်ထီးရိုး * ဇလွန်ပြည်တော်ပြန် * ပြည် အကောက်တောင် * ချောင်းသာ

အမှတ်(၃၁၇)၊ ပန်းဆိုးတန်းလမ်း(ဂုံးကျော်တံတားဘေး) 095124678,09401589907,098627170

သင်္ချာကျော်ဖြိုးနိုင် M.Sc. (Maths). Final

Aircon စာသင်ခန်းဖြ

၇၊၈၊၉၊၁၀တန်း သင်္ချာသီးသန့်၊

အာသာစုံပိုင်းနှင့် ဘောဒါ (၆)လပြတ်

(သင်ကျက်စစ်)Guideပါ လစဉ်ရှယ်ပိုင်း ၁၀၀၀၀ိ/ကျပ်

လစဉ်ရိုးရိုးပိုင်း ၆၀၀၀၀ကျပ်

၁၀-၉-၂၀၁၅ စမည်

အမှတ်-၂၁၂ ပထမထပ်၊ ပန်းဆိုးတန်း(အလယ်)၊ အနော်ရထာလမ်းထိပ်


Ph:09-250359833, 09-253034191, 09-796313677

ဝန်ထမ်းအလိုရှိသည်။

1. Company Assistant ကျား/မ (၃)ဦး
   ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ အင်္ဂလိပ်စာ ရေး၊ဖတ်၊ပြောကျွမ်းကျင်ရမည်။Computer Typing ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
2. Photoshop + DTP ကျား/မ (၃)ဦး
   ဘွဲ့ရရှိပြီးသူဖြစ်ရမည်။Design ကိုကျွမ်းကျင်စွာဆွဲနိုင်ရမည်ဖြစ်ပြီးMyanmar, English typing ကျွမ်းကျင်စွာရိုက်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
3. Audit မ (၃)ဦး
   ဘွဲ့ရရှိပြီးသူဖြစ်ရမည်။Auditပိုင်းတွင်အနည်းဆုံးလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။
4. အရောင်းဝန်ထမ်း ကျား/မ (၁၀)ဦး
   ပညာအရည်အချင်းအနည်းဆုံး(၁၀)တန်းရှိရမည်။ဖြတ်လတ်တက်ကြွ၍အရောင်းကိုစိတ်ပါဝင်စားသူဖြစ်ရမည်။ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရမည်။
5. လုံခြုံရေး ကျား/မ (၃)ဦး
   လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီးနေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

အမှတ် (၅၂/၅၄)၊ အခန်း(၁၆)၊(၄)လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

**ယမန်နေ့မှအဆက်**

မောင်ရိုန်သည် သူ့အဆိုနှင့် သူ့ဆိုင်းနှင့် မဆီမဆိုင် ဝန်ကကပြီး ရေချိုးခန်းများနှင့် အိမ်သာတို့ဘက်ဆီ ကြွသွား၏။

အခန်းအသီးသီးမှ ထွက်ကြည့်နေကြသော ကျောင်းသားများက ထိုအခါကျမှ ရယ်မောပြီး မောင်ရိုန်နောက်လိုက်ကြလေသတည်း။ ။

**ကြေးငွေ ဂဟောမစပ်လေ**

သီတင်းကျွတ် ကျောင်းပိတ်ရက် ဆိုက်ရောက်လာသော အချိန်၌ ပြည်မြို့ကို အစိုးရတပ်များက ပြန်လည် သိမ်းပိုက်ပြီးစ ဖြစ်လေသောကြောင့် ရန်ကုန်နှင့် ပြည်ပြန်လည် အဆက်အသွယ်ရလာ၏။ အဆက်အသွယ်ရလာသည် ဆိုရသော်လည်း မော်တော်ကားလမ်းအားဖြင့်သာ ဖြစ်၏။

အချိန်မှန်ပြေးဆွဲနေသော ဘတ်(စ်)ကားများ မရှိသောကြောင့် ပြည်ခရိုင်မှ ကျောင်းသူ ကျောင်းသားများသည် ရသမျှ ကားတို့ကို တောင်းသမျှဈေးပေး၍ စီးလုံးငှားပြန်ကြရသည်။ အချို့ကျအားဖြင့် ကျောင်းသား တစ်ဦးလျှင် ကားခ ငွေသုံးဆယ် ထည့်ဝင်ရသည်။

ပိုးပုဆိုးနှစ်ထည်နှင့် သက္ကလတ်တိုက်ပုံ တစ်ထည်ကို လတ္တာလမ်း အပေါင်ဆိုင်၌ တရားအားထုတ်စေရစ်ပြီး သက်ခိုင်သည် လမ်းစရိတ်ရရှိခဲ့၏။

ရန်ကုန်မှသည် ပြည်အရောက် လမ်းတစ်လျှောက်၌ ပြည်တွင်းသောင်းကျန်းမှု၏ ရလဒ်ဖြစ်သော အနိဋ္ဌာရုံမျိုးစုံကို ကြုံကြရသည်။

အစိုးရ အာဏာသည် မော်တော်ကားလမ်းပေါ်၌သာ တည်နေသည်။ ကားလမ်းဝဲယာရှိ ရွာများတွင် သောင်းကျန်းသူများသာ ကြီးစိုးနေလေသေးရကား အထိတ်တလန့်နှင့် ခရီးသွားကြရသည်။

မြို့ငယ်မြို့ကြီးများ ဝင်တိုင်းလဲဗျီးခေါ် စစ်ဝန်ထမ်းတပ်သားများ၏ အစစ်အဆေးကို ခံကြရသည်။ စစ်ဝန်ထမ်းတပ်သားများကား အရေးပေါ်ဖွဲ့စည်းထားသော တပ်သားများဖြစ်ကြသောကြောင့် စစ်ဝတ်စုံလည်း မပြည့်စုံ။ ရိက္ခာလည်း မလုံလောက်။ လက်နက်ပစ္စည်းလည်းမကောင်းလှ။ အဆိုးဆုံးကား စစ်စည်းကမ်းဟူ၍ လုံးဝမရှိခြင်းပေတည်း။

မြို့အဝင် ဂိတ်တစ်ခု ရောက်တိုင်းကားရပ်ပေးရသည်။ စစ်ဝန်ထမ်းတပ်သားများက ကားပေါ်တက်၍ အော်ဟစ်ငေါက်ငမ်းပြီး သေတ္တာများကို ဖွင့်လှစ်ရှာဖွေနေချိန်တွင် ဒရိုင်ဘာများက ဗိုလ်လုပ်သူထံ သွား၍ ဂိတ်ကြေးပေးကြရသည်။ ဂိတ်ကြေးကို မကျေနပ်လျှင် လွှတ်မပေးဘဲ အကြောင်းရှာလျက်ကားများကို ဆိုင်းထားတတ်သည်။ အပြောမတတ် အဖြေမတတ်သော ဒရိုင်ဘာများနှင့် ခရီးသည်များ အရိုက်ခံကြရသည်။

သက်ခိုင်တို့ စီးလာသော ကားများ၏ဘေးတွင် 'နေရပ်ပြန် တက္ကသိုလ် ကျောင်းသားများ' ဟူသော စာတန်းပါသဖြင့် အခြားကားများနှင့်စာသော် အတော်အတန် သက်သာရာရသည်။ အငေါက်အငမ်း အဆဲအဆိုခံရခြင်းမှမူ မလွတ်။ ကျောင်းသားချည်းများသက်သက်သာဆိုလျှင် လမ်းတွင် ဘာဖြစ်ကြမည် မသိ။ ကျောင်းသူများ ပါလာကြသောကြောင့် တတ်နိုင်သမျှ သည်းခံကြရသည်။ ပေါင်းတည်မြို့သို့ပြန်သော တက္ကသိုလ် မြန်မာစာဌာနမှ ကျောင်းသားကျောင်းသူတို့၏ အချစ်တော် ဆရာဦးသူရွှေကလည်း ပါလာသောကြောင့် ထိန်းသိမ်းကွပ်ကဲမှုလည်း စနစ်တကျ ရှိနေ၏။

ဂိတ်တစ်ခု၌ ကားရပ်ထားရစဉ် သက်ခိုင်နှင့် ယှဉ်တွဲစီးလာသော ယုမောင်က သက်ခိုင်၏ နားနားကပ်ကာ တိုးတိုးပြော၏။

"မြင်လားကွ သက်ခိုင်၊ အစိုးရတပ်သားတွေ ရမ်းကားတာ"

"အစိုးရတပ်သားတွေလို့တော့ သိမ်းကျုံးမပြောနဲ့ ယုမောင်၊ အစိုးရတပ်သားအမျိုးမျိုးရှိတယ်၊ ဒီငတိတွေကတော့ အာဏာရပါတီရဲ့ ခါးပိုက်ဆောင်တပ်သားတွေ လိုလိုပါပဲ၊ ဗမာ့တပ်မတော်သားတွေ မဟုတ်ဘူး၊ လဲဗျီးဆိုတဲ့ ကောင်တွေက မင်းတို့ ရဲဘော်ဖြူတို့၊ ကွန်မြူနစ်တပ်နီတို့နဲ့ မအေ့လင် အဖေချင်းသာ ကွာသာ၊ စရိုက်ချင်းကတော့ အတူတူပဲ"

ယုမောင်သည် မကျေနပ်ဟန်နှင့် စွပ်စွဲသည်။

"မင်းက မင်းအဖေက ဗမာ့တပ်မတော်က ဗိုလ်မှူးဖြစ်တာနဲ့ မင့်တပ်ကို မင်းကာကွယ်ပြောနေတာ၊ အစိုးရတပ်ဆို အစိုးရတပ်ပေါ့ကွ. . .'

"မင်း နားမလည်းသေးပါဘူး ယုမောင်၊ ယူနီဖောင်းဝတ်ပြီး သေနက်ကိုင်ထားတိုင်း မင်းက အစိုးရတပ်ချင်း အတူတူပဲလို့ ထင်နေတယ်၊ ဘားမားအားမီးလို့ ခေါ်တဲ့ ဗမာ့တပ်မတော်ဟာ အခုအချိန်အထိ သောင်းကျန်းမှုနှိမ်နင်းရေးထဲ ခြေစုံပစ်ဝင်မလာသေးဘူး၊ သောင်းကျန်းမှု နှိမ်နင်းရေးဟာ အခြေခံအားဖြင့် ရဲအလုပ်၊ စစ်ရဲအလုပ်၊ အေး. . . တပ်မတော်က ကိုယ်ထိလက်ရောက်ဝင်လာချိန်ကျရင်တော့ မင်းတို့ သောင်းကျန်းသူတွေ ကောင်းကောင်းနှာခေါင်း ကျည်ပွေ့တွေ့မှာပဲ"

"မင်းက အပြောသိပ်ကြီးတာပဲ၊ အေးလေ စောင့်ကြည့်ရသေးတာပေါ့"

"အေး. . . ဟုတ်တယ်၊ စောင့်ကြည့်ကြရသေးတာပေါ့"

ကားများ ဆက်ထွက်လာခဲ့ကြ၏။

တိုက်ပွဲဖြစ်၍ မီးလောင်ပြာကျနေသော ရွာငယ်များကို တွေ့ရ၏။

မီးကျွမ်းနေသော ထရပ်ကားများ၊ ဘေးကာတွင် ကျည်ဆန်ပေါက်များနှင့် တုံးလုံးပက်လက် လမ်းဘေးထိုးကျပျက်စီးနေသော ဘတ်(စ်)ကားများကိုသာမက အခွံချည်းကျန်သော အမ်းမဒ်ကားများကိုပါ တွေ့ရ၏။

တံတားများ ကျိုးပျက်နေရာ တံတားသေး တံတားသိမ်းများသာမက အဓိကရ သံမဏိတံတားကြီးများပင်လျှင် ချောင်းအတွင်းသို့ စောက်ထိုးမိုးမျှော်ကျကာ ပျက်စီးချင်တိုင်း ပျက်စီးနေ၏။

ပျက်စီးနေလေသမျှသည် ပြည်သူ့ချွေးနဲ့စာဖြင့် ဖန်တီးရယူထားသည့် ပစ္စည်းများချည်းဖြစ်ကြ၏။ ဖျက်ဆီးသူများကား ပြည်သူကို ချစ်လှပါသည်ဟု ဆိုကြသူများချည်းဖြစ်ကြ၏။ 'နင်တို့ ချစ်တာ ငါ့တို့ ကြောက်လှပါပြီ' ဟု ပြည်သူတို့သည် ထအော်ရန်သာ ရှိတော့၏။

သို့ရာတွင် ပြည်သူတို့က ထမအော်သေး။ အော်ရကောင်းမှန်းလည်း သိဟန်မတူကြ။ သူတို့က သူတို့အလုပ်နှင့် သူတို့များနေဟန်ရှိသည်။

ရန်ကုန်မှ ထွက်ပြီး မှော်ဘီကိုကျော်၍ ပေါင်းတည်လွန်သည်အထိ အန့်ဦးကို ပေးမည့်မူးမူးသည့် စပါးပင်များကား လယ်ကွင်းတို့၌ လယ်သမားများကိုမူ မြင်တွေ့ရသည်။

သူတို့အတွက်မူ တိုင်းပြည် ဘာဖြစ်နေသည်တိုင်စေ. . . လယ်တောကိုမစွန့်နိုင်ကြ။ စွန့်၍လည်းမဖြစ်။ သူတို့သာ လယ်တောကို စွန့်ခဲ့သော် ဘယ်သူမျှလည်း ဘာကိုမျှ ဖြစ်အောင် လုပ်နိုင်ကြမည်မဟုတ်။ သောင်းကျန်းသူတို့သည် လည်းကောင်း၊ အစိုးရသည် လည်းကောင်း ဘယ်သူမျှ ဘာကိုမျှဖြစ်အောင် လုပ်နိုင်ကြသည်မဟုတ်။ လုပ်ချင်သူတို့ လုပ်ချင်ရာလုပ်နိုင်အောင် ကာလပျက်အတွင်း၌ပင် လယ်သမားတို့သည် လယ်တော၌ ဆင်းနေကြရရှာ၏။

ပေါင်းတည်နှင့် နတ္တလင်းကြားရှိ ဖိုးသာအောင်ကုန်း တံတားကြီးကားမရှုမလှ ကျိုးပျက်ကျနေသည်။ လူများရော ကားများပါ ကူးတို့နှင့်ကူးကြရ၏။

ဖိုးသာအောင်ကုန်း ချောင်းကမ်းပါးကိုခွာ၍ ကားသည် ဆက်ထွက်လာသောအခါ ကားပေါ်ရှိ ကျောင်းသူကျောင်းသားတိုင်း ပျော်ကြသည်။ အကြောင်းကား ဖိုးသာအောင်ကုန်းချောင်းသည် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်နှစ်ခုကို ခြားနားထားသော သဘာဝနယ်နိမိတ် မျဉ်းကြောင်းဖြစ်၏။ ထို့ကြောင့်လည်း ကျောင်းသား ကျောင်းသူများပျော်ကြသည်။ ကိုယ့်ခရိုင်. . . ကိုယ့်နယ် ကိုယ့်မြေဆီ ပြန်ရောက်ကြပြီ မဟုတ်တုံလော။

ယုမောင်က သူ့မယ်ဒလင်ကို ယူကာ ဆို၏။

"သက်ခိုင်ရေ. . . မင့်တယောလည်း ထုတ်ကွာ၊ တို့ ပျော်ပျော်ပါးပါး သီချင်းဆိုကြရအောင်"

သက်ခိုင်က ခေါင်းခါသောကြောင့် ယုမောင်က မေး၏။

"မင်းက ပျော်ပျော်ပါးပါး မတီးမှုတ်ချင်းဘူးလား၊ ဘာလဲ. . . မင်းက မင့်မမနွယ်ကို လွမ်းနေပြီလား"

သက်ခိုင်သည် လက်ခနဲ မီးလျှံတစ်ချက်ဝင်းသော မျက်လုံးများနှင့် ယုမောင်ကို ကြည့်သည်။

"မင်းပါးစပ်ကို ထိန်းပါ ယုမောင်၊ မင်းစိတ်ကို မထိန်းနိုင်လို့ ယုအတွက် ကိစ္စတွေပေါ်တုန်းက တို့ ကံကောင်းလို့ သူငယ်ချင်းဘဝ မပျက်ခဲ့ရတယ်၊ အခု မင်းက ပါးစပ်မထိန်းနိုင်ဘဲ ငါ့ကို မမနွယ်နဲ့ စပြန်ပြီလား၊ မစပါနဲ့ သူငယ်ချင်း၊ သူငယ်ချင်းချင်း မုန်းကုန်ရရင် မကောင်းပါဘူး"

ယုမောင်သည် သက်ခိုင်ကို စေ့စေ့ပြန်ကြည့်သည်။ ပထမ၌မူ သူ့မျက်လုံးများ၌ ဒေါသပါ၏။ ခဏ၌မူ ပြန်လည်ပျော့ပျောင်းသွား၏။

"အေးပါကွာ. . ငါ မှားပါတယ်၊ ဒါထက် မင်းက ဘာလို့ တယောမတီးချင်ရတာလဲ"

**(ဆက်လက်ဖော်ပြပါမည်။)**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


### အငြိမ်းစားဥပဒေအရာရှိများတွေ့ဆုံပွဲနှင့် သက်ကြီးဆရာများအား ဂါရဝပြုပွဲသို့ ဖိတ်ကြားခြင်း

ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအသီးသီး၌ ဥပဒေအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ နံနက်စာသုံးဆောင်ရင်း ပြည်လည်တွေ့ဆုံ၍ သက်ကြီးဆရာသမားများအား ဂါရဝပြုနိုင်ကြရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀း၀၀နာရီ
နေရာ - M-3 စားသောက်ဆိုင်
ဗဟန်းအားကစားဝင်းအနီး၊ ဗဟန်းမြို့နယ်
ရန်ကုန်မြို့

**အလုပ်မှုဆောင်အဖွဲ့**
**အငြိမ်းစားဥပဒေအရာရှိများအသင်း(ယာယီ)**



### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၃)အထည်စက်ရုံဝါ စိုက်ကွင်း(စစ်ကိုင်း)ပိုင် မြေပေါ်ရှိ အသုံးမလိုတော့သည့် လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများနှင့် အဆောက်အအုံပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖြင့် ရောင်းချလိုပါကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါအမှတ် - ၁/၂၀၁၅-၂၀၁၆
တင်ဒါဖြန့်ရက် - ၁၄-၉-၂၀၁၅
တင်ဒါပိတ်ရက် - ၂-၁၀-၂၀၁၅

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနများတွင် စုံစမ်းနိုင်ပါသည်။
(က) စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ထုတ်လုပ်ရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂
(ခ) အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)-မြေပြင်မျက်မြင်အခြေအနေကြည့်ရှုနိုင်ရန်။

**ဖုန်း-၀၇၂-၂၂၃၄၀**



### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် e-government လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်ပါလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ရုံးတွင်း Network ချိတ်ဆက်ခြင်းလုပ်ငန်း
(ခ) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း

တင်ဒါပုံစံများကို ၁၅-၉-၂၀၁၅ရက်မှစတင်၍ ရောင်းချပေးမည်ဖြစ်ပြီး ၂၃-၉-၂၀၁၅ရက် ၁၆း၀၀နာရီအထိ နောက်ဆုံးထားပေးသွင်း ရန်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၆၁၉သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်ထောင်စုဝန်ကြီးရုံး၊ ပညာရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၁၃)၊ နေပြည်တော်**



### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၇/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း
(က) စက်နှင့်စက်အရန်ပစ္စည်းများ- Maintenance Parts & Service For GC Clarus 500(1No), Teflon & Gland Packing(2Items), Distributed Gasket(1200 Nos),Variable Frequency Drive (VFD)(1No)
(ခ) ဓာတုဗေဒပစ္စည်းများ-Hydrochloric Acid (400 MT), PP Yarn Grade Plastic Resin(300MT), Inert White Ball and Inert Resin(2Items)

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း
(က) ဓာတုဗေဒပစ္စည်းများ- Primary Reformer Catalyst (11.6$M^3$), Secondary Reformer Catalyst(12$M^3$), Methyl Diethanolamine (MDEA)(50MT)

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၉-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၄-၁၀-၂၀၁၅ရက်(၁၂း၀၀)နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်။**
**Ph:067-411123, 067-411193**



### အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SPRING SKY V.51 သင်္ဘောသည် ၁၅-၉-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၄-၉-၂၀၁၅ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၇-၉-၂၀၁၅ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဆောင်ရွက်မည့် System Improvement လုပ်ငန်းများအတွက် လိုအပ်သော Transformer များ၊ လိုင်းပစ္စည်းများ၊ ACSRများ၊ Insulated Cable ကြိုးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၄-၉-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် - ၁၄-၁၀-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့။**
**အမှတ်-၁၉၇/၁၉၉၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။**
**ဖုန်း-၀၁-၂၂၀၈၁၆**

# မြေနေရာခက်ခဲမှု သန့်ရှင်းသာယာမှုများအတွက် ကလောနှင့် အောင်ပန်း မြို့တို့ မီးသင်္ဂြိုဟ်စက်များတည်ဆောက်ရန် စတင်ဆောင်ရွက်

**ကလော စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နှင့် အောင်ပန်းမြို့တို့တွင်ရှိထားပြီးသော သင်္ချိုင်းများသည် မြို့သူမြို့သားလူထုအင်အားနှင့်မမျှသောကြောင့် မြေနေရာခက်ခဲမှု သန့်ရှင်းသာယာမှုများအတွက် မီးသင်္ဂြိုဟ်စက်များတည်ဆောက်ရန် မြို့နယ်အုပ်ချုပ်မှုကော်မတီ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့များ ညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယခုအခါ မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ကလောမြို့မ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးကုသလ၊ ကလော-အောင်ပန်းမြို့ မီးသင်္ဂြိုဟ်စက်ဆောက်လုပ်ရေးဥက္ကဋ္ဌ ဦးတင်လှဦး၊ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာရေးကော်မတီဥက္ကဋ္ဌ ဦးနန္ဒာလှမြင့်နှင့် ကော်မတီဝင်များ၊ ဖြူစင်မေတ္တာ လူမှုရေးအဖွဲ့ခေါင်းဆောင် ဦးလှဝင်းနှင့် မြို့မိမြို့ဖများ၊ မြို့တွင်းမြို့ပြင် ရပ်ဝေးရောက်ဒေသသူ ဒေသသားများ၊ စေတနာရှင်အလှူရှင်များထံမှ အလှူငွေများ ကောက်ခံခဲ့သည်။

ယင်းသို့ အလှူငွေကောက်ခံရာ ကလောမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးနန္ဒာလှမြင့်နှင့် ဇနီးဒေါ်သဇင်အေးမိသားစုက မီးသင်္ဂြိုဟ်စက်များအတွက် တစ်မြို့လျှင် ငွေကျပ်သိန်း ၅၀ စီ စုစုပေါင်းကျပ်သိန်း ၁၀၀ ထည့်ဝင်လှူဒါန်းခဲ့သည့် မတည်ငွေနှင့် ကလောဈေးနေ့၊ အောင်ပန်းဈေးနေ့များတွင် မီးသင်္ဂြိုဟ်စက်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးကူညီမှုအသင်းအဖွဲ့များ လှည့်လည်အလှူခံကြရာ ကလောမြို့အတွက် ၄၆၇ သိန်း ကျော်နှင့် အောင်ပန်းမြို့အတွက်ကျပ် ၄၇၅ သိန်းကျော် ရရှိခဲ့သည်။ ရရှိထားသောအလှူငွေဖြင့် အုတ်မြစ်ချစတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။



ကလောဈေးနေ့နှင့် အောင်ပန်းဈေးနေ့များတွင် မီးသင်္ဂြိုဟ်စက်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးကူညီမှုအသင်းအဖွဲ့များက လှည့်လည်အလှူခံကြစဉ်။

မီးသင်္ဂြိုဟ်စက် တစ်လုံးအတွက် ကျပ်သိန်း ၅၈၀ ခန့် ခန့်မှန်းထားပြီး အချိန်တစ်လခွဲခန့်နှင့် ဆောက်လုပ်ပေးရန်စာချုပ်ချုပ်ဆို စတင်လုပ်ကိုင်နေကြောင်း၊ မီးသင်္ဂြိုဟ်စက်များသည် ဒီဇယ်မီးစနစ်နှင့် GAS သုံးစနစ်များသုံး၍ အရိုးပြာများ ၁၅ မိနစ် မိနစ် ၂၀ ခန့်နှင့် သင်္ဂြိုဟ်နိုင်သည့်စက်များဖြစ်ကြောင်း၊ နောင်အခါ Transformer များတည်ဆောက်ပြီး လျှပ်စစ်နှင့်ပါ မီးသင်္ဂြိုဟ်၍ရမည်ဖြစ်ကြောင်း၊ အထိမ်းအမှတ်အရိုးပြာအိုးမြှုပ်ရန် မြေကနဦးအသုံးချခနှင့် နှစ်စဉ်ထိန်းသိမ်းစောင့်ရှောက်ခများ ထည့်ဝင်ကြရမည်ဖြစ်ကြောင်း၊ သင်္ချိုင်းများတွင် သန့်ရှင်းရေးဝန်ထမ်းများထားပြီး စနစ်တကျတည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး ဒုတိယဦးစီးမှူးဦးညီညီကျော်က ပြောသည်။

(၀၉၁)

# စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ ဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၈ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းနှင့် တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇံတို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးသူက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး) ကိုယ်စား ပါမောက္ခ ဒေါက်တာအောင်မြင့်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအကြောင်းကိုလည်းကောင်း၊ FDA အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါက်တာအေးငြိမ်းမြတ်က အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကျင့်စဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဒေါက်တာတင်တင်မြိုင်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဆွေတင့်ကြူးတို့က ကဏ္ဍအလိုက်ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ယင်းနောက် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက လုံခြုံစိတ်ချမှုမရှိသော ကုန်ပစ္စည်းများ၊ လုံခြုံစိတ်ချရမှုရှိသော ကုန်ပစ္စည်းများ၊ စားသုံးရန်သင့်-မသင့်သော ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

# ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်စေရေး ဘိန်းအစားထိုး ဆောင်းသီးနှံမျိုးစေ့နှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်

**ဖယ်ခုံ စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်စေရေးနှင့် အစားထိုးသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ဆောင်းသီးနှံ (GAP) စနစ်စိုက်ပျိုးရန် နေကြာအထူးအထွက်တိုးမျိုးနှင့် ဓာတ်မြေသြဇာ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးချိုချို၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်၊ စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်မိုက္ကရိုဝေ့စ်ဌာနများမှ တာဝန်ခံများတက်ရောက်ပြီး ခေါင်းအိကျေးရွာ၊ ရီနွဲကျေးရွာ၊ ရီလုံရိကန်ကျေးရွာ၊ ကုန်းဆုံကျေးရွာနှင့် လွယ်ပေါ်ကျေးရွာတို့မှ တောင်သူများအား စုစုပေါင်းစိုက်ဧက ၁၀၀ ဧက စိုက်ပျိုးနိုင်ရန် နေကြာမျိုးစေ့နှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုထွေး(ဖယ်ခုံ)**

**ရောင်းရန်ရှိသည်**

(၁) တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ပေ(၁၄၀×၁၀၀)ပေါ်ရှိ ခေတ်မီ ၄ထပ်တိုက်သစ်။
(၂) တက္ကသိုလ်ရိပ်သာလမ်းဟောင်းကန်စပ် ၀. ၂၅ဧက၊
(၃) ပြည်လမ်းမတန်း(၅)မိုင် ပေ(၅၅×၉၀)ပေါ်ရှိ ခေတ်မီ ၂½ထပ်တိုက်
(၄) ရတနာလမ်းမတန်း ပေ(၄၀×၁၅၀)မြေ၊
(၅) ကမ္ဘာအေးဘုရားလမ်းမတန်း (ဗဟန်း)ပေ(၂၈×၉၀)
(၆) သာသနာ့ရိပ်သာလမ်း(ဗဟန်း)ပေ(၄၇×၁၁၀)ပေါ်ရှိ ခေတ်မှီ ၃ထပ် တိုက်သစ်၊
(၇) ပါရမီလမ်းမတန်း ပေ(၄၀×၆၀)
(၈) ရန်ကင်း၊ သစ္စာလမ်းမတန်း ပေ(၃၀×၆၅)
(၉) သံသုမာလမ်းမတန်း ပေ(၂၀×၆၀)

မွေးမြန်မာ တိုက်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ငှားဝန်ဆောင်မှုလုပ်ငန်း
ဖုန်း-၅၅၇၂၇၆၊ ၀၉-၅၀၂၂၁၅၉၊ ၀၉-၅၀၄၉၀၆၆၊ ၀၉-၅၀၃၅၅၂၉၊ ၀၉-၄၃၁၄၃၅၅၅

**Nice Work Construction & Interior Decoration Co.,Ltd**

1. Structure Engineer M/F (2) Posts
- Estimate ကျွမ်းကျင်စွာတွက်တတ်သူ
- Project Drawing များကို ကျွမ်းကျင်စွာ ဖတ်တတ်သူ
- လိုအပ်ပါက Site ထဲသို့သွားနိုင်ရမည်။
- BE/B.Tech/A.G.T.I (Civil/Archi)
- လုပ်ငန်းအတွေ့အကြုံ (၃)နှစ်
- အသက်(၂၅)နှစ်နှင့် အထက်

2. Driver M (1) Post
- အခြေခံလစာ (180,000/-)
- လှိုင်မြို့နယ်အတွင်းရှိ အဆောင်တွင် နေထိုင်နိုင်ရမည် (သို့) လှိုင်မြို့နယ်တွင် နေထိုင်သူဦးစားပေးပါမည်။

(၃၁.၉.၂၀၁၅) နောက်ဆုံးထား၍ လျှောက်ထား နိုင်ပါသည်။
အမှတ်(၁၁၀၃)၊ ရွှေလကွန်ဒို၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၈၆၁၀ ၂၅၃/၄၊ ၀၉ ၂၅၀၀၄၁၆၈၈
Email - inmaikha2011@gmail.com

**မီးသတိပြု**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါလေလံတင်ရောင်းချရန် ကြော်ငြာခြင်း**

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍ မရတော့သည့် မန္တလေးစက်ရုံ၌ ချောဆီပျက်(၈၆၂၅)ဂါလန်နှင့် ပြင်ဦးလွင်စက်ရုံ၌ (၁၆၆၉)ဂါလန် စုစုပေါင်းချောဆီပျက်(၁၀၂၉၄)ဂါလန်အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်။

| တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
| --- | --- | --- |
| ၁/၂၀၁၅-၂၀၁၆/မမ | ချောဆီပျက်(၁၀၂၉၄)ဂါလန် | (1)Lot |
| တင်ဒါပိတ်ရက်/အချိန် | ၂၄-၉-၂၀၁၅ | ၁၂း၀၀နာရီ |
| တင်ဒါဖွင့်ရက်/အချိန် | ၂၄-၉-၂၀၁၅ | ၁၃း၀၀နာရီ |
| တင်ဒါဖွင့်မည့်တည်နေရာ | -အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)ရုံး မန္တလေး | |
| တင်ဒါတင်သွင်းရမည့်နေရာ | -အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)ရုံး မန္တလေး | |

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၇-၉-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)၊ မန္တလေး**
**မန္တလေးဘူတာကြီး၊ တတိယထပ်၊ အထက်မြန်မာပြည်အုပ်ချုပ်ရေးဌာန**
**ဖုန်း-၀၂-၃၅၈၂၈၊ ၀၂-၃၅၈၂၉**

**NAY LIN AUNG**
FINANCE & ACCOUNTANCY ACADEMY
**LCCI(UK) Level I,II,III**
For 2-2016 Exam
တာမွေကျောင်းခွဲ
နံနပ်ါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။
အမှတ် (၃၆၁)၊ (၂၀ီ,၂ဒီ)၊ ပထမထပ်၊ ပုလဲသီရိဆောက်လုပ်ရေးတိုက်၊ ဗညားဒလလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ၀၁-၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၃၆၁၇၃၈၃၀
လှည်းတန်းကျောင်း - ၀၁-၅၀၄၇၃၇၊ ၀၁-၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၂၆၄၆

**TRINITY COLLEGE FOUNDATION STUDIES**
PATHWAY TO
THE UNIVERSITY OF MELBOURNE
RANK #1 IN AUSTRALIA RANK #33 IN THE WORLD
Invite following Information Seminar to all students and parents who are interested to study in Australia
15th Sep 2015 ( Tuesday )
4:00-5:30 PM @ Grace Education Services
* Scholarship available for top students.
Pls. bring your academic document.
No.92, 51 St., Middle Blk, Pazundaung Tsp, Yangon
T: 09 51 40 80 2; 09 79 18 22 66 5



## လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ပြုလုပ်

**မြန်အောင် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရွှေကျင်တိုက်နယ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက်က ရွှေကျင်ရဲစခန်းမှူး ရဲအုပ်ဝင်းမင်းထွန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ညောင်တုံးလဲကျေးရွာ၊ ဒေါင်းကျကျေးရွာနှင့် မဲဇင်းကျေးရွာတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် ရွှေကျင်စခန်းနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ ရွှေကျင်ရဲစခန်းမှူး ရဲအုပ်ဝင်းမင်းထွန်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ကျော်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု(၇)မှ ရဲတပ်ကြပ်သန်းဇော်မင်းတို့က ညောင်တုံးလဲကျေးရွာအုပ်စု၊ အ. ထ. က ဇလုပ်မ၊ အ. လ. က(ခွဲ) ဒေါင်းကျဟောင်း၊ အ. လ. က အိုးလည်ပင်းနှင့် အ. မ. က မဲဇင်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမိုလ်(ပြန်/ဆက်)**

## ရွှေဆွဲကြိုး ခါးပိုက်နှိုက်ခံရမည်ဟုပြောဆိုကာ ဖြုတ်သိမ်းပေးပြီး နှိုက်ယူသူအား CCTV မှတ်တမ်းဖြင့် ဖော်ထုတ်အရေးယူ

**အမရပူရ စက်တင်ဘာ ၁၃**

မန္တလေးခရိုင် အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာရှိ ကျောက်စိမ်းစေတီတွင် စက်တင်ဘာ ၂ ရက် မွန်းတည့် ၁၂ နာရီက ဒေါ်ခင်ဝင်း ၆၁ နှစ် ပြင်စာကျေးရွာ ပြင်ဦးလွင်မြို့နယ် နေသူသည် မိတ်ဆွေများနှင့်အတူ ဘုရားဖူးပြီး ပြန်လာရာ အရှေ့မုခ်လှေကားသို့ရောက်ရှိစဉ် အမည်မသိ အမျိုးသမီးတစ်ဦးက ဒေါ်ခင်ဝင်း၏ လည်ပင်းတွင်ဆွဲထားသော ရွှေဆွဲကြိုးတစ်ကုံး အလေးချိန် ၁ ကျပ်သား တန်ဖိုး ၇၃၀၀၀၀ ခန့်အား ‘ခါးပိုက်နှိုက်ခံရမယ်၊ ဖြုတ်သိမ်းထား’ ဟုပြော၍ ၎င်းအမျိုးသမီးမှ ဖြုတ်ယူကာ ဒေါ်ခင်ဝင်းလွယ်ထားသော ဘေးလွယ်အိတ်အတွင်း ထည့်ပေးပြီး ထွက်သွားခဲ့သည်။

ဒေါ်ခင်ဝင်းက ကျောက်စိမ်းပုတီးဝယ်ယူရန် ဘေးလွယ်အိတ်အတွင်းမှ ပိုက်ဆံထုတ်ယူစဉ် ရွှေဆွဲကြိုးမှာ ပျောက်ဆုံးနေကြောင်း သိရသဖြင့် စက်တင်ဘာ ၉ ရက်တွင် ဒေါ်ခင်ဝင်းက တိုင်တန်း၍ မြစ်ငယ်နယ်မြေရဲစခန်းက (ပ)၂၇၉/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉ နှိုက်ဖြင့် အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

ယင်းတိုင်တန်းမှုနှင့်ပတ်သက်၍ အမှုစစ်ဒုရဲအုပ်မြစိုးက ကျောက်စိမ်းစေတီတွင် တပ်ဆင်ထားသော CCTV မှတ်တမ်းအား ကြည့်ရှုစစ်ဆေး၍ မသင်္ကာတရားခံပုံသဏ္ဌာန်နှင့်ကိုက်ညီသူအား နယ်ထိန်းတပ်ဖွဲ့ဝင်များက ရှာဖွေခဲ့ရာ မစောနုရီ(၄၇)နှစ် ကျန်စစ်သားရပ်ကွက် မြင်းမူမြို့နေသူအား တွေ့ရှိဖမ်းဆီးစစ်ဆေးရာ ဒေါ်ခင်ဝင်း၏ ဆွဲကြိုးအား နှိုက်ယူခဲ့ပြီး မန်းမြို့ဈေးရှိ မယဉ်ယဉ်စိုးထံ ကျပ် ၆၉၀၀၀၀ ဖြင့် ရောင်းချထားကြောင်း ပေါ်ပေါက်၍ သက်သေခံပစ္စည်းအား သိမ်းဆည်းပြီး အမှုဖွင့်ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ပြည်သူ့ဝန်ဆောင်မှုရုံးဝန်ထမ်းများ ဆင့်ပွားသင်တန်း ဂန့်ဂေါတွင် ဖွင့်လှစ်ပို့ချ

**ဂန့်ဂေါ စက်တင်ဘာ ၁၃**

ပြည်သူလူထု၌ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့စေသော ဝန်ဆောင်မှုပေးရန်၊ လာဘ်ပေးလာဘ်ယူမှု အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှုများ အလေ့အကျင့်များ မွေးမြူပေးရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှုတိုးပွားစေရန်၊ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဂန့်ဂေါမြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံးကို ဖွင့်လှစ်ထားရာ ပြည်သူ့ဝန်ဆောင်မှုရုံးဝန်ထမ်းများ ဆင့်ပွားသင်တန်း ဖွင့်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဂန့်ဂေါခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်သော သင်တန်းဖွင့်ပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က အမှာစကားပြောကြားပြီး ပြည်သူ့ဝန်ဆောင်မှုရုံး တာဝန်ခံအရာရှိ ဦးစောလွင်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**(၄၆၅)**

## သီတဂူစက္ခုဒါနဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ကျွန်းလှ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား ဒုတိယအကြိမ် မျက်စိစမ်းသပ် ခွဲစိတ်နိုင်ရန်အတွက် စက်တင်ဘာ ၁၂ ရက် နံနက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို IBEC နာယကဆရာတော် ဦးသောဘိတ၏ မိန့်ကြားမှုဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ မြို့မိမြို့ဖများဦးဆောင်ပြီး ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံအတွင်းအပြင်နှင့် လူနာဆောင်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ဘုတ်ပြင်းမြို့နယ်အတွင်းတွင် အိုင်အိုဒင်းပြည့်ဝမှုရှိသည့် ဆားရောင်းချမှု ရှိ–မရှိ လိုက်လံစစ်ဆေးဆောင်ရွက်

**ဘုတ်ပြင်း စက်တင်ဘာ ၁၃**

ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများထံ အိုင်အိုဒင်းပြည့်ဝမှုရှိသည့် ဆားရောင်းချမှု ရှိ-မရှိ လိုက်လံစစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းများအား စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက မြို့နယ်အစားအသောက်ကြီးကြပ်ရေးအဖွဲ့မှ မြို့မဈေးအတွင်း စားသောက်ကုန်ပစ္စည်းများ လက်လီ၊ လက်ကားရောင်းချသည့် ကုန်စုံဆိုင်များသို့ ကွင်းဆင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ဈေးဆိုင်များတွင် သိုလှောင်ရောင်းချလျက်ရှိသည့် အိမ်သုံးဆားများ၌ အိုင်အိုဒင်းဓာတ်အပြည့်အဝပါဝင်မှုရှိ-မရှိကို IDD Test ဆေးရည်ဖြင့် စစ်ဆေးပြီး အိုင်အိုဒင်းဓာတ်ပြည့်ဝမှုမရှိသည့် ဆားများကို စားသုံးခြင်းကြောင့်ဖြစ်ပွားနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများအကြောင်း ပညာပေးဆွေးနွေးပြီး ကိုယ်တိုင်စမ်းသပ်စစ်ဆေးနိုင်ရေး IDD Test ဆေးဘူးများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

Native Speaker ဆရာ၊ဆရာမများ ကိုယ်တိုင်သင်ကြားသော
Communicative English Course



English Language (Four Skills) ကိုအချိန်တိုအတွင်း နိုင်ငံခြားသားများနှင့် မိမိကိုယ်ကို ယုံကြည်မှုရှိစွာ ပြောဆိုဆက်သွယ်နိုင်စေရန် ထိရောက်ခေတ်မီသော သင်ကြားမှုနည်းစနစ်များဖြင့် Native Speaker ဆရာ၊ဆရာမများကိုယ်တိုင် သင်ကြားပေးမည် ဖြစ်ပါသည်။

လျှောက်လွှာပိတ်ရက် - (21.9.2015)

STAR RESOURCES ACADEMY
အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ ဒဂုံစင်တာ(၂)ရှေ့၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-(၀၁) ၅၂၃ ၂၀၀၊ ၂၃၀ ၄၀၂၀၊ ၂၃၀ ၄၀၂၁၊ ၅၂၃ ၆၂၃၊ ၀၉-၅၀ ၂၀ ၃၀၂။ www.star-resourcesacademy.com

### ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
### စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာန
### မုံရွာမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခုတင်(၁၀၀) နှင့်အောက် ခရိုင်/မြို့နယ်နှင့် တိုက်နယ် ဆေးရုံများတွင် အသုံးပြုရန် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူလိုက်ပါသည်။

၂။ (က) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၉-၂၀၁၅ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၁၃-၁၀-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး-မုံရွာမြို့။

၃။ အိတ်ဖွင့်တင်ဒါအသေးစိတ်အချက်အလက်များကို စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး-မုံရွာမြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၇၁-၂၁၅၁၁၊ ၀၇၁-၂၃၂၄၅ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**တိုင်းဒေသကြီးကုသရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး-မုံရွာမြို့။**

လက်ကမ်းဖေးကူ သဒ္ဓါဖြူ ချယ်ရီဦးနှင့်လှူ
ချယ်ရီဦး တွင်နာရီဝယ်ယူရင်း ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းနိုင်မည့်အခွင့်အရေး...
LET'S SAVE OUR PEOPLE
ချယ်ရီဦး နာရီဆိုင်များတွင်(၁၅.၈.၂၀၁၅ မှ ၃၀.၉.၂၀၁၅)အတွင်း ရောင်းရငွေများမှ (၃%)ကို မျှဝေ၍ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များတွင် ချယ်ရီဦး Customer များ၏အလှူအနေဖြင့် လှူဒါန်းပေးသွားမည်ဖြစ်ပါသည်။
ချယ်ရီဦး Customer များ၏ ရေဘေးသင့်ပြည်သူများအတွက် အလှူကို သတင်းမီဒီယာများမှ အတိအလင်း ဖော်ပြပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
CHERRY OO : 01 381751, 01 375491, 09 73145658, 02 72992.
www.cherryoo.com
cherryoowatchgallery

ပြည်တွင်းရေးရာ

# မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်နှင့် ဟေမာမာလာရပ်ကွက် ပြည်သူများနှင့် မန္တလေးမြို့တော်ဝန် တွေ့ဆုံဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးမြို့တော်ဝန်စည်ပင်သာယာရေးဝန်ကြီး ဌာနဝန်ကြီး ဦးအောင်မောင်းသည် စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီခွဲက မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းသို့တွေ့ဆုံရာ၌ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးပြေဝင်း၊ မန္တလေးမြို့တော်စည် ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးခင်မောင်တင်၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းဖေနှင့် အဖွဲ့ဝင်များ၊ စကြာနွယ်စဉ်ရပ်ကွက် ရပ်မိရပ်ဖများ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်က ဆွေးနွေးပြောကြားရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်သန့်ရှင်းရမည်၊ မန္တလေးမြို့တော်သာယာလှပရမည်၊ မြို့တော်နေပြည်သူလူထု စိတ်ချမ်းသာရမည်ဟူသော အဓိကရည်ရွယ်ချက် ၃ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ် ၆ မြို့နယ်တွင် အမှိုက်ကင်းစင်သော မြို့တော်ဖြစ်စေရေးအတွက် အိမ်တိုင်ရာရောက် အမှိုက်သိမ်းစနစ်၊ အချို့ရပ်ကွက်များတွင် အုတ်ကန်၊ သံကန်များဖြင့် သတ်မှတ်ချိန်အတိုင်း အမှိုက်သိမ်းစနစ်များအတိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သာယာလှပရေးအတွက် စိမ်းလန်းစိုပြည်သော ဥယျာဉ်မြို့တော်ဖြစ်စေရေး ဦးတည်ကာ နှစ်စဉ်နှစ်တိုင်း ပန်းအလှပင်၊ အရိပ်ရအပင်များ စိုက်ပျိုးလျက်ရှိသော်လည်း ယခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၀၀၀၀ ကျော်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယင်းအပြင် လမ်းများကောင်းမွန်စေရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက်လည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိသော စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာ လမ်း၊ တံတား၊ ရေဆိုးထုတ်မြောင်းများ ဖောက်လုပ်ပေးရေးကိစ္စရပ်များကို တင်ပြဆွေးနွေးရာ မြို့တော်ဝန်ကသက်ဆိုင်ရာ ဌာနမှူးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ဟေမာမာလာမြောက်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းညွန့်၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# တုတ်၊ ဓား လက်နက် ကိုင်ဆောင်မှု ရှိ-မရှိ စစ်ဆေး

**ပုသိမ် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လူကိုအန္တရာယ်ပြုနိုင်သော တုတ်၊ ဓား၊ လက်နက် သယ်ဆောင်မှု၊ ကိုင်ဆောင်မှု ရှိ-မရှိ စစ်ဆေးခြင်းကို ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး၊ ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှ ရဲတပ်ကြပ် ဇော်မင်းထက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၁၁ ရက် ည ၁၀ နာရီမှ စက်တင်ဘာ ၁၂ ရက် ၀၀း၃၀ နာရီအထိ စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် ပုသိမ်မြို့ မိုးလေဝသလမ်းဆုံနှင့် မြို့တော်ခန်းမရှေ့တို့တွင် မော်တော်ကား ၉၃ စီး၊ ဆိုင်ကယ် ၁၆၈ စီးနှင့် ဆိုက္ကား ၁၁ စီးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# တရားမဝင် ကျွဲများသယ်ဆောင်လာသူ နှစ်ဦး ဖမ်းမိ

**ပုသိမ် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် (၁၉) ရပ်ကွက်အနောက်ဘက်ရှိ လယ်ကွင်းထဲတွင် လူနှစ်ဦးက ကျွဲ ခုနစ်ကောင်အားဆွဲလာသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် (၁၉)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းက မြို့မရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့သည်။ ယင်းကြောင့် ဖျာပုံမြို့မရဲစခန်းမှ ဒုရဲအုပ်နိုင်အောင်ထွန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဇော်မျိုးထက်(၂၅)နှစ် ဖျာပုံမြို့နေသူနှင့် သိန်းစိုး(၂၅) နှစ် ဖျာပုံမြို့နေသူတို့အား ကျွဲမ ခြောက်ကောင်၊ ကျွဲထီး တစ်ကောင် ခန့်မှန်းတန်ဖိုးကျပ် ၁၄၀၀၀၀၀ အား အထောက်အထားမဲ့ သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသည်။ ယင်းကြောင့် ဒုရဲအုပ်နိုင်အောင်ထွန်း၏ တိုင်တန်းချက်အရ ဖျာပုံမြို့မရဲစခန်းမှ အမှုဖွင့်ပြီး ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပုသိမ် ပြန်/ဆက်)**

# စာကြည့်တိုက်အကြောင်း ပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

**မိုးမောက် စက်တင်ဘာ ၁၃**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းအဖွဲ့သည် အနာဂတ်၏ သားကောင်းရတနာများ စာပေအသိရရှိရန်ရည်ရွယ်ချက်ဖြင့် အ. မ. က ( ၁ ) ကျောင်းတွင် စာကြည့်တိုက်အကြောင်း အသိပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးလဇိန်ဂမ်က ပြည်သူ့နီတိနှင့်ပတ်သက်၍ ဆုံးမစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်လွန်နန်းထွေးက စာကြည့်တိုက်အကြောင်းနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးစာအုပ်မှ စာတိုငညို (ဝန်ဇင်းမင်းရာဇာ) အကြောင်း စာပေဖြင့်နှိုင်းယှဉ်၍ ဟောပြောခဲ့သည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများကို တစ်နာရီခွဲခန့် စာအုပ်၊ စာပေများကို ဖတ်ရှုလေ့လာစေသည်။ ကျောင်းသားများက ယခုကဲ့သို့ စာဖတ်ရခြင်းကို နှစ်သက်ကြောင်းနှင့် နောင်တွင် ယခုလိုလာရောက်ပေးစေလိုကြောင်း ဆရာကြီးကပြောကြားခဲ့သည်။

**ဗန်းမော်ခရိုင်(ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေသည် စက်တင်ဘာ ၁၀ ရက်တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ၁ ပေကျော်လွန်ရောက်ရှိခဲ့ရာမှ စက်တင်ဘာ ၁၂ ရက်တွင် မြစ်ရေများ တဖြည်းဖြည်းပြန်လည်လျော့နည်း ကျဆင်းလျက်ရှိသည်။ မိုးစပါးစိုက်တောင်သူများအနေဖြင့် စပါးပျိုးချိန် စိုက်ချိန်များ နောက်ကျမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)



## မွေးနေ့ဆုတောင်း

## မြေးကြီး မောင်ခန့်မင်းသန့်စင်(Lucky)

ဖေဖေ ဗိုလ်မှူးသန့်ဇင်ကျော်နှင့် မေမေ ဒေါ်ရွှေစင်မေထွန်းတို့၏သား မောင်ခန့်မင်းသန့်စင်(Lucky)၏ ၁၄-၉-၂၀၁၅ရက်တွင် ရောက်ရှိသော (၆)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းမြောက်မြားစွာ သက်ရှည်ကျန်းမာ၊ တတ်သိလိမ္မာတဲ့ သားလိမ္မာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးပါသည်။

| | |
|---|---|
| ဘိုးဘိုး | - ဦးမြတ်ကျော်(ကျောင်းအုပ်ကြီး-ငြိမ်း၊ နွားထိုးကြီးမြို့) |
| ဘွားဘွား | - ဒေါ်လှပြုံးယဉ် |
| ဦးလေးများ | - ဦးကျော်မိုးမြင့်-ဒေါ်စောသဥ္ဇာ၊ ကိုရဲသော်ထက်အောင် |
| ဒေါ်ဒေါ်များ | - ကိုနေဝင်းမြင့်-မလီလီမြတ်ကျော်၊ ကိုကျော်မင်းသိန်း-မဆုရည်ဖြိုး(ခ)မသိင်္ဂီမေမြတ်ဦး |
| ညီ၊ ညီမများ | - မောင်မင်းဘုန်းပြည့်သာ၊ မရွှေရည်မိုးမြင့်၊ မဝိုင်းရွှေရည်နေဝင်းမြင့် |
















# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁ရက်**တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ပေ၊ ၃လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၇-၉-၂၀၁၅ရက်**မှ စတင်၍ **၂၁-၁၁-၂၀၁၅ရက်**ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ။** နံနက် ၉နာရီမှ ၁၁နာရီထိ

(ခ) **သင်္ချာ။** မွန်းလွဲ ၁နာရီမှ ၃နာရီထိ

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက်**တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇-၁၂-၂၀၁၅ရက်**မှ **၂၈-၁၂-၂၀၁၅ရက်**များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်ကျပ်-**၁၄၀၀၀၀/-**၊ ဒုတိယနှစ်ကျပ်-**၁၄၅၀၀၀/-**၊ တတိယနှစ်ကျပ်-**၁၅၀၀၀၀/-**ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့် စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်း ခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I (Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်။


oppo
R7 Lite
ပရီမီယံ သတ္တုစပ်ကိုယ်ထည်နှင့်ကင်မရာစမတ်ဖုန်း
Coming Soon . . .
01:10
25/4/2015 (Fri)
ပရီမီယံ သတ္တုစပ်ကိုယ်ထည်
လျင်မြန်စွာရိုက်ယူနိုင်သည့် New Flash Shot
Real 2.5D
ဆန်းသစ်ချောမွေ့သော 2.5D မျက်နှာပြင်
ColorOS 2.1 ၏ ပြည့်စုံသောစနစ်များ
OPPO Myanmar WeChat ကို follow လုပ်ရင်း OPPO R7 Lite
အလုံး (၆၀) နှင့်အခြားဆုမဲပေါင်း (၃၀,၀၀၀) ကျော်ရယူလိုက်ပါ။
YANGON Service Centre Ph : 01 1223513
MANDALAY Service Centre Ph : 02 71281
OPPOMobileMM
OPPOMyanmar

မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း
myanmar Retailers association

# ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း (MMRA) ၏ Myanmar Convention Center (MCC) ခန်းမ၌ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ဒုတိယအကြိမ်နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် "Expanding Retail Business" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့သော ဟောပြောဆွေးနွေးပွဲကြီးကို လက်လီလုပ်ငန်းရှင်ပေါင်း ၁၃၀၀ ကျော်တက်ရောက်ခဲ့ပြီး အောင်မြင်စွာဖြင့် ကျင်းပနိုင်ခဲ့ပါသည်။

ထိုဟောပြောဆွေးနွေးပွဲကြီးတွင် လက်လီရောင်းချသူများ၏ လုပ်ငန်းများ ချဲ့ထွင်နိုင်ရန်အတွက် Keynote Speech ချီးမြှင့်ပေးပါသော ဆရာကြီး ဒေါက်တာအောင်ထွန်းသက်

- Franchise Business Model နှင့်ပတ်သက်၍ အခွင့်အရေးနှင့် စိန်ခေါ်မှုများ Panel တွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ဆွေးနွေးပေးပါသော ဆရာကြီး ဒေါက်တာအောင်ထွန်းသက် နှင့် Panelists များ
- လက်လီလုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့ရရှိနိုင်မည့်နည်းလမ်းများ Panel တွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ဆွေးနွေးပေးပါသော ဦးသူရကိုကို နှင့် Panelists များ
- လက်လီလုပ်ငန်းများအတွက်အရေးပါလာမည့်နည်းပညာများနှင့်အင်တာနက်ဈေးရောင်းချမှုအခွင့်အလမ်းများ Panel တွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ဆွေးနွေးပေးပါသော ဒေါက်တာဦးထွန်းသူရသက် နှင့် Panelists တို့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

ထို့အတူ ဤအခမ်းအနားကိုကျင်းပနိုင်ရန်အတွက်

- Diamond Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ပါသော Europe & Asia Commercial Co.,Ltd (EAC)
- Platinum Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ပါသော Ooredoo Myanmar, Myanmar Information Technology Pte Ltd, Pahtama Group Co.,Ltd, Premium Co.,Ltd, Myanmar Indobest Co.,Ltd
- Gold Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ပါသော Royal Myanmar Teamix, Rinnai Corporation, MA MA Instant Noodle, Sunday Coffeemix, Global Wave Technology, Shwe Gandamar International Trading Ltd., Yoma Bank, Jumbo Vape

အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူအသင်းသားများနှင့် စိတ်ပါဝင်စားစွာဖြင့် တက်ရောက်ချီးမြှင့်ပေးပါသော လက်လီလုပ်ငန်းရှင်များအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

**လက်လီရောင်းချသူများအနေဖြင့် အသင်းဝင်လိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

၈ လွှာ၊ အဆောင် (စီ)၊
မင်္ဂလာဈေးသစ်၊ စက်ရုံလမ်းနှင့်
ဗညားဒလလမ်းထောင့်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

၀၉ ၃၁၄ ၂၂၅ ၅၅၊
၀၉ ၃၁၄ ၂၂၇ ၇၇

Info@mramyanmar.com
https://www.facebook.com/myanmar.retailerassociaton

ICBC

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

CHDB

**Industrial and Commercial Bank of China (ICBC)**

**နှင့်**

**ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank)**

**တို့**

၉.၉.၂၀၁၅ ရက်နေ့တွင် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆောက်လုပ်ရေး ၊ မြို့ပြ နှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်ဖော်ဆောင်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များနှင့်ရှယ်ယာရှင်များ
ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်





ယခုခရီးစဉ်အား အသေးစိတ်သိရှိလိုပါက ဖော်ပြပါ **Travel Agent** များတွင်ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ပါပြီ။

Cherry Chapter Travel & Tours
Tel: 09 788 800 800, 09 32 322 322

GO GO UP Travels & Tours Company Limited
Tel: 01 523 602, 09 795 289 800

Mai Hsoong Travel Limited
Tel: 01 373 776, 09 421 068 173

nature link travels
Tel: 01 376 977, 09 421 131 979

Orchestra
Tel: 01 200 883, 01 294 612

PSMW Travel & Tours Co.Ltd.
Tel: 09 259 269 501, 09 259 269 503

ခရီးသွားချစ်သူ
Tel: 09 250 267 810, 09 97 575757 3

TRIANGLE 9 Travel & Tours
Tel: 01 860 4081, 09 250 003 282

Organized by SKL Co., Ltd.

*The world is a book, and those who do not travel read only a page.*
*- Saint Augustine*

## (၆)နှစ်ပြည့်မွေးနေ့ဆုတောင်း
## မောင်ခန့်မင်းသန့်စင်(သားခန့်)
### Grade I (မြို့မဂုဏ်ကိုယ်ပိုင်အထက်တန်းကျောင်း)

ပါးပါးဗိုလ်မှူးသန့်ဇင်ကျော်-မေမေဒေါ်ရွှေစင်မေထွန်းတို့၏ တစ်ဦးတည်းသောသား ဘိုးဘွားတို့ မြေးအငယ်ဆုံးလေး၏ ၁၄-၉-၂၀၁၅ရက်တွင် ကျရောက်သော (၆)နှစ်ပြည့်မွေးနေ့မှစ၍ ကျန်းမာပျော်ရွှင်စွာဖြင့် ထူးချွန်ထက်မြက်ပြီး ဘာသာသာသနာအကျိုးဆောင်ရွက်နိုင်သော သားကောင်းရတနာလေးဖြစ်ပါစေ။

| | |
|---|---|
| ဘိုးဘိုးဘွားဘွား | ဦးသန်းထွန်း-ဒေါ်ခင်စိန် |
| ကြီးကြီး | ဒေါ်လှလှသန်း |
| ဘဘ မားမား | ဦးခင်ဝင်း-ဒေါ်ချိုချိုသန်း |
| ဘဘ မေမေအေး | ဦးရဲမင်းထွန်း-ဒေါ်အေးအေးခင် |
| ကိုကို မမများ | ကိုကြီးစည်သူ၊ ကိုလေးရဲခေါင်၊ ဇေကရီမျိုးကျော်၊ စိုးစန္ဒီမျိုးကျော်၊ စုကြ္ကန္ဒာထွန်း၊ သဇင်ထက်မြင့် (ရွှေပိတောက်ရိပ်မွန်) |

အရွယ်ရောက်ပြီးမြန်မာလူငယ်အားလုံးအတွက်
ခင်မောင်လွင် ( အေးရှားမာစတာစ်)၏

## အင်္ဂလိပ်ဘာသာစကားနှင့် စိတ်ဓါတ်မြှင့်တင်ရေး သင်တန်း



**ထင်ကြားစည့်ထာထာရစ်များ**
- လူမှုဆက်သွယ် အင်္ဂလိပ်စကား
- ဝတ်စားဆင်ယဥ်မှု
- ရုံးသုံးကွန်ပျူတာ၊ အင်တာနက်
- စိတ်ဓါတ်မြှင့်တင်ရေး
- ဘဝရှင်သန်ရေးကျွမ်းကျင်မှု

စက်တင်ဘာ (၁၅) ရက်နေ့ စမည်။ ကျောင်းအပ်လက်ခံပြီ။

Asia Masters Hotel School
ACU College
၀၉-၄၂၁၁၀၀၁၁၁
အမှတ် (၁၃/၁၄)၊ ကျိုက်ဝိုင်းဘုရားလမ်း ( သမိုင်းလမ်းဆုံအနီး) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

VAC® VALUE ADDED CONSULTANCY
## မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

**VAC မှာ ဝန်ထမ်းရှာပါ။ VAC မှာ အလုပ်ရှာပါ။**

ဝန်ထမ်းလိုအပ်နေသော လုပ်ငန်းရှင်များအတွက်
အရည်အချင်းပြည့်မီသော ဝန်ထမ်းများ စိစစ်ရွေးချယ်ပေးလျက်ရှိပါသည်။
ဝန်ဆောင်ခ ⟹ ဝန်ထမ်းလစာ၏ 42% မှ 52% ကို လုပ်ငန်းရှင်ထံမှ ကောက်ခံပါမည်။
မည်သည့် ဝန်ဆောင်ခမှ ကြိုတင်ပေးရန် မလိုပါ။

VAC မှတစ်ဆင့်အလုပ်ရလျှင် အလုပ်လျှောက်သူဝန်ထမ်းမှ ဝန်ဆောင်ခပေးရန်မလိုပါ။

## Job Openings for Foreign Telecom Firms

**VAS Manager - Officer** (2)
- Communicate & Manage VAS Provider, Planning VAS Strategy

**Mobile Money Manager - Officer** (2)
- Exp Of Either Mobile Apps Planning/ Develop Exp in Financial Co(Bank)

**Device Marketing Manager - Officer** (2)
- Exp Of working for Handset Manufacturer Or Mobile Shop

**Product Strategy Manager - Officer** (2)
- Exp Of working for Handset Manufacturer Or Mobile Shop

**Trade Marketing Sr Staff - Staff** (4)
- Exp Of Branding , Trade Marketing in Consumer Industry

**Business Intelligent Manager - Officer** (2)
- Exp Of Research Company , Or Consumer Marketing In Any Industry

**Sales Data Analytics & Market Intelligence Manager - Officer** (4)
- Exp On Relevant Field , Soild Analytical & Quantitive Skills

**Business Planning Manager - Officer** (3)
- Strong Knowledge & Exp In Financial Planning ,Budgeting & Cost

**Advertisement & Communication Sr Staff - Staff** (2)
- Exp Of Working In Advetisement Agency , Media

**Media Relation & Digital Media Sr Staff - Staff** (2)
- Exp Of Working In Advetisement Agency , Media

E-mail ဖြင့် အလုပ်လျှောက်နိုင်သည် ။ CVကို MiccroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ f Like Value Added Consultancy
No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

SAMSUNG
## Galaxy Note5



Live Broadcast | SideSync Easy setup & autoconnection | Improved handwriting | 24bit 96-192 kHz UHQA UHQ Audio | Dual SIM

NEXT IS NOW

အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။ SAMSUNG
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)


မင်္ဂလာပါ မြန်မာ
ရန်ကုန် ✈ ဟိုချီမင်း (၂/၁၀)
မြန်မာကျပ်ငွေ
0
(*)
မှစ၍
ပရိုမိုးရှင်း
ကာလနံနက်၁၁း၃၀ မှ
ညနေ ၁း၃၀
www.vietjetair.com
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့။
vietjetAir.com
ခေတ်သစ်ရဲ့ လေကြောင်းလိုင်း တစ်ခုဖြစ်တဲ့ Vietjet ဟာ မြန်မာနိုင်ငံကို ရောက်ရှိလာပါပြီ။
Vietjet မှ လုပသော ဗီယက်နမ်မြို့၏ အတိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များ ဖြစ်သည့် ကမ္ဘာ့ အကြီးဆုံးသဘာဝလိုဏ်ဂူ ဆွန်ဒွန်းဂူ (Son Doong),ဟာလောင်းဒေသ (Ha Long Bay)သို့ မဟုတ် ဒါနန် (Da Nang), နာထရမ် (Nha Trang),ဖူးကျို (Phu Quoc) အစရှိသော ကမ်းခြေများ၏ အလှကို ခံစားနိုင်ရန် ယဉ်ကျေးပျူငှာသော အပြုံးများနှင့် နွေးထွေးစွာ ဖိတ်ခေါ်ချင်ပါသည်။
Vietjet မှ တရုတ်နှစ်သစ်ကူးအတွက် အထူးအစီအစဉ်များ စတင်နေပါပြီ။
ခရီးစဉ်နေ့ရက်များမှာ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့ မှ ဧပြီ ၂၂ ရက်နေ့ထိ ဖြစ်ပါသည်။
အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ၂၀၁၅ စက်တင်ဘာ ၁၆ မှ ၁၈ ရက် အထိ သုံးရက်တွင် ဒေသစံတော်ချိန် နေ့လည် ၁၁း၃၀ မှ ၁း၃၀ အတွင်း www.vietjetair.com မှတစ်ဆင့် မြန်မာငွေ ၀ ကျပ်ဖြင့် လက်မှတ်များကို ဝယ်ယူရရှိနိုင်မည်ဖြစ် ပါသည်။
ခရီးသည်များအနေဖြင့် ယခုအချိန်သည် ရန်ကုန် - ဟိုချီမင်း နှင့် အခြား ဗီယက်နမ်ဒေသတွင်း ခရီးစဉ်များကို ပျံသန်းနိုင်ရန် လက်မှတ်များ စတင်ဝယ်ယူသင့်သော အချိန်ကောင်းဖြစ်ပါသည်။
သင့်စိတ်ကြိုက်ဖြစ်စေမည့် နောက်ဆုံးပေါ် စိတ်အချရဆုံးသော လေယာဉ်များနှင့် ပျံသန်းနိုင်မည်ဖြစ်ပါသည်။ ဇိမ်ကျသော Leather ခုံ များတွင်ထိုင်ပြီး ထူးခြားသော လေယာဉ်တွင်း ဖျော်ဖြေမှုများကို ခံစားရင်း Vietjet ၏ ဖော်ရွေသော လေယာဉ်မယ်လေးများ တည်ခင်းဧည့်ခံသည့် အကောင်းဆုံးသော အစားအသောက်များကို လည်း သုံးဆောင်နိုင်ပါသည်။
Vietjet ၏ ထူးခြားသောအစီအစဉ် ကို www.vietjetair.com တွင် နေ့စဉ် နေ့လည် ၁၁း၃၀ မှ ၁း၃၀ ထိ ရယူပြီး ပျံသန်းလိုက်ပါ။
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
-Mobile: http://m.vietjetair.com
-Facebook: www.facebook.com/vietjetglobal Tab "Booking"
* Terms & conditions
ဟိုချီမင်းမြို့ ✈ ကန်တို ✈ ဒါလတ် ✈ နာတရန် ✈ ဖူကျို ✈ ဘွန်မသွတ် ✈ ကွေနှံ့ ✈ ဒါနန်း ✈ စဝ် ✈ ဝင် ✈ ဟိုက်ဖွန်း ✈ ဟန္နိုင်း ✈ ထိုင်းလန် ✈ စင်ကာပူ ✈ ထိုင်ဝမ် ✈ ကိုရီးယား ✈ ရန်ကုန်

# အသိပေးကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၊ ဒဂုံ-ဇရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ ကော်မတီပိုင် ပေ(၄၀×၆၀) မြေကွက်များအား အရစ်ကျစနစ်ဖြင့် ပေးသွင်းဝယ်ယူ နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်း နံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၊ ရုံးချုပ်၊
မြို့တော်ဘဏ်အပေါ်(ဒုတိယထပ်) ကျောက်တံတားမြို့နယ်
၀၉-၄၂၀၁၇၁၆၁၅
အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊
ကွပ်ကဲမှုရုံး-၀၉-၇၉၅၈၉၉၁၁၇
ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း၊
ကွပ်ကဲမှုရုံး-၀၁-၆၈၀၀၀၇
စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း၊
ကွပ်ကဲမှုရုံး-၀၁-၆၄၁၃၃၁
ဒဂုံ-ဇရာပွဲရုံနှင့်အဝေးပြေးယာဉ်ရပ်နားစခန်း၊
ကွပ်ကဲမှုရုံး-၀၉-၇၃၀၂၄၃၈၈






POST
ရာထူးဝင်ခွင့်သင်တန်း
TEL 09420 129333
ဧဝေးကောက်ပွဲကော်မရှင် ရာထူးဝင်ခွင့်
စနေ၊တနင်္ဂနွေ (၉:၀၀မှ၁၂:၀၀)
တနင်္ဂနွေတရက်တက် (၁၀:၃၀မှ၁:၀၀)
နံနက် (၇:၃၀-၉:၀၀) ညနေပိုင်း (၅:၃၀-၇:၀၀)
ဘာသာစုံ ၃၀၀၀၀ စာမေးပွဲမပြေမြင်အထိ။
သင်တန်းအားလုံး၁၉.၉.၂၀၁၅ဖွင့်မည်
၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်။

ရွှေပင့်ကူ
၆၃ ကြိမ်မြောက် အဘဘထွက်ပွဲ
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ အဘရွာ၊ ပခုက္ကူ
၃ညအိပ်၄ရက် Sep-28ထွက်မည် စားငြိမ်း40000/-
အဘထွက်ပွဲ၊ ပုပ္ပါး၊ အဘရွာ သီးသန့်
၁ညအိပ်၂ရက် Sep-29ထွက်မည် စားငြိမ်း25000/-
09 73130346, 09 423720047

ဝါ ရင့် ပါ မော က္ခ ကြီး များ ကြီး ကြပ် စီ စဉ် သော
MOTHER'S LIGHT
ရွှေသော့ စာမေးပွဲ လမ်းညွှန်
ကြိုတင်ပြင်ဆင်အောင်ပွဲဝင် Exam Guide
2016 Exam:
- အဌမတန်း (တိုင်းဒေသ၊ ပြည်နယ်အဆင့် အစိုးရစစ်စာမေးပွဲ)
Grade-9 (တစ်ဘာသာတစ်အုပ် အနှစ်ချုပ်)
- စတုတ္ထတန်း (ခရိုင်အဆင့်အစိုးရစစ်စာမေးပွဲ)
Grade-5 (ငါးဘာသာတစ်အုပ် အနှစ်ချုပ်)
- သင်ရိုးကုန်စာအုပ်မှ ဖမေးမဖြစ်အရေးကြီးသင်ခန်းစာများကို အနှစ်ချုပ်၍
- လေ့လာကျက်မှတ်ရ လွယ်ကူစေရန်
- ဝါရင့်ဆရာကြီးများ ကိုယ်တိုင်ရေးသားစီစဉ်ထားသည်။
အဌမတန်းပထဝီ - မြန်မာပြည်မြေပုံနှင့် ကွန်တိုမြေပုံ ဖတ်ရှုဖြေဆိုနည်း/ ပထဝီမေ့မိဌာန် ၅ မှတ်ဖိုး
တစ်ခဲနက်ဝယ်ယူအားပေးကြသော အမြို့မြို့အနယ်နယ်မှ အရောင်းဆိုင်ကိုယ်စားလှယ်ကြီးများ၊ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှဆရာ/ဆရာမများ၊ ကျောင်းသားမိဘအုပ်ထိန်းသူအားလုံးကိုအထူးကျေးဇူးတင်ရှိပါသည်။
ဖြန့်ချိရေး - ရွှေလက်ရာစာပေ - အမှတ်(၂၄၇)၊ မြေညီထပ်၊ လမ်း(၃၀)၊ အထက်၊ ဗိုလ်ချုပ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၇၃၁၃၀၉၆၈၊ ၀၉-၅၀၆၃၄၅၁၊ ၀၉-၇၃၂၀၅၇၂၆၊ အမြို့မြို့အနယ်နယ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

Building a Brighter FUTURE
Since 2007
VALUESTAR EDUCATION CENTRE
- Marketing Management
တနင်္ဂနွေနေ့ (နံနက် ၇:၀၀ မှ ၉:၀၀ထိ) ၂၀.၉.၂၀၁၅စမည်။
- Financial Management
ကြာသပတေးနေ့ (ညနေ ၆:၀၀ မှ ၈:၀၀ထိ) ၁၇.၉.၂၀၁၅စမည်။
09-5043580, 09-5200547, 09-450001145
တိုက်(၁၅)၊ ပထမထပ်၊ ဦးထွန်းသင်ခြံလမ်းထိပ်၊ Giordano ပက်ရှင်ဆိုင်မျက်စောင်းထိုး၊ လှည်းတန်း မှတ်တိုင်အနီး။
တိုက်(၅)၊ ပထမထပ်၊ For you & me Beauty Saloon အပေါ်ထပ်၊ လှဆန်းသည့်တိုက်၊ ဦးထွန်းသင်ခြံလမ်း၊ လှည်းတန်း။

MIC Myanmar Imperial College



Myanmar Imperial College ၏ New Campus တွင် နိုင်ငံတကာအဆင့်မီ Campus Facilities များဖြင့် September လတွင်ဖွင့်လှစ်မည်ဖြစ်သော UK မှ တိုက်ရိုက်ချီးမြှင့်မည့် HND Diploma (Business) Course အတွက်ကျောင်းအပ် လက်ခံနေပါပြီ။

UK မှတိုက်ရိုက်ချီးမြှင့်မည့် နိုင်ငံတကာစီးပွားရေးပညာရပ်ကို ပြည်တွင်းတွင်တိုက်ရိုက်သင်ယူလိုသော တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူလူငယ်များတက်ရောက်သင့်ပြီး အချိန်ကာလ နှစ်နှစ်ခွဲတက်ရောက်သင်ကြားပြီးပါက Northampton University - UK မှတိုက်ရိုက်ချီးမြှင့်မည့် BA (Hons) Business & Management ဘွဲ့ကို Myanmar Imperial College တွင်တက်ရောက်ရယူနိုင်ပြီး စီမံခန့်ခွဲမှုနည်းပညာများကိုလက်တွေ့အသုံးချနိုင်မည်ဖြစ်ပါသည်။

စတင်ဖွင့်လှစ်မည့်ရက် - 14th September 2015 / (Mon - Fri) 1:30 - 5:00 PM
MIC ကျောင်းသား၊ ကျောင်းသူများအတွက် အဆောင်၊ ကျောင်းကားစီစဉ်ပေးပါသည်။
09 732 10001 / 09 4211 00222
September Intake!
အမှတ် (၁) ဈေးပြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

Hot Line No-0930500100

# လူကုန်ကူးခံရသူများအတွက် စနစ်တကျ အကူအညီပေးနိုင်ရန် နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်လိုအပ်



နေပြည်တော်  စက်တင်ဘာ  ၁၃

**တတိယအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အဖွင့်မိန့်ခွန်း ပြောကြားသည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့

# ရှုံးပွဲမရှိစံချိန်ဖြင့် လက်ဝှေ့လောကအား အနိုင်ပိုင်းနိုင်ခဲ့သည့် ဖလွိုက်မေဝယ်သာ



အသက်(၃၈)နှစ်ရှိပြီဖြစ်သည့် အမေရိကန်လက်ဝှေ့ချန်ပီယံ ဖလွိုက်မေဝယ်သာက ဘာတိုအား ၁၂ ချီပြည့်ကစားပြီး အနိုင်ထိုးသတ်၍ ၎င်း၏ကစားသမားဘဝကို ရှုံးပွဲမရှိစံချိန်ဖြင့် အနိုင်ပိုင်းကာ ကျောခိုင်းနိုင်ခဲ့သည်။ ဘာတိုမှာ ဖလွိုက်မေဝယ်သာအား ခန္ဓာကိုယ်အရွယ်အစား၊ လက်ရည်အစစအရာရာတို့၌ ယှဉ်နိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန်ပြည့် ခံစစ်ဖြင့်သာကစားသွားခဲ့သည်။

ယခုပွဲမတိုင်မီကပင် ပရိသတ်အများစုက မေဝယ်သာမှာ အနိုင်ရလဒ်အတွက် မိမိထက်အစစအရာရာအားနည်းသော ကစားသမားဖြင့်ထိုးသတ်ခဲ့သည်ဟု ဝေဖန်မှုများရှိခဲ့သော်လည်း မေဝယ်သာကမူဖျော်ဖြေမှု အပြည့်အဝပေးမည့်ပွဲဟု ပွဲကြိုကတိပြုပြောကြားခဲ့ပြီးဖြစ်သည်။ ယခုနိုင်ပွဲကြောင့် မေဝယ်သာမှာ ဒဗလျူဘီစီနှင့် ဒဗလျူဘီအေ ချန်ပီယံ သရဖူဆုများကို ပြန်လည်ရယူနိုင်ခဲ့သလို ကစားသမားဘဝသက်တမ်းတစ်လျှောက် ၄၉ ပွဲလုံးရှုံးပွဲမရှိ ကစားနိုင်သော ကစားသမားအဖြစ်လည်း မှတ်တမ်းသစ်တစ်ခုရေးထိုးနိုင်ခဲ့သည်။ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့**

# အိုလံပစ်အမျိုးသမီးဘောလုံးခြေစစ်ပွဲ အဖွင့်ပွဲအဖြစ် မြန်မာနှင့် ဂျော်ဒန် ယနေ့ယှဉ်ပြိုင်မည်

ချစ်ကိုကို

၂၀၁၆ အိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အဖွင့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၄ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် တရုတ်(တိုင်ပေ)နှင့် ဗီယက်နမ်၊ ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဂျော်ဒန်အသင်းတို့ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကစားမည်ဖြစ်သည်။

အဆိုပါခြေစစ်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ ထိုင်း၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)နှင့် ဂျော်ဒန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အိမ်ရှင်မြန်မာအသင်းနှင့် အတူ ဂျော်ဒန်၊ တရုတ်(တိုင်ပေ)အသင်းတို့မှာ ပထမအဆင့်မှ တက်ရောက်လာခြင်းဖြစ်ပြီး ထိုင်းနှင့် ဗီယက်နမ်အသင်းတို့မှာ ယခုအဆင့်မှ စတင်ကစားရခြင်းလည်းဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲ ပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၄ ရက်တွင် ဂျော်ဒန်၊ စက်တင်ဘာ ၁၆ ရက်တွင် ထိုင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ဗီယက်နမ်၊ စက်တင်ဘာ ၂၂ ရက်တွင် တရုတ်(တိုင်ပေ) အသင်းတို့နှင့် **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❖

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## မာတိကာ


အမေရိကန်စစ်အခြေစိုက်စခန်း နေရာပြောင်းရွှေ့မှုအစီအစဉ် ဂျပန်ပြည်သူ ၂၀၀၀၀ ခန့် ကန့်ကွက် — စာမျက်နှာ - ၄

မြန်မာဘာသာစကားကို ပိုမိုသင်ယူလာသော ဂျပန်နိုင်ငံသားများ — စာမျက်နှာ - ၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစီရင်ခံစာ အမှတ်(၅) ထုတ်ပြန် — စာမျက်နှာ - ၉

ပရီမီယာလိဂ်ဖလား ကာကွယ်ဖို့ ချယ်လ်ဆီးစောစောစီးစီး အဆုံးသတ်ခဲ့ပြီလား — စာမျက်နှာ - ၁၃







themirror.npt@gmail.com www.facebook.com/themirrordaily

# ကြိုတင်မဲ

## ကြိုတင်မဲဆိုတာ ဘာလဲ

ကြိုတင်မဲဆိုသည်မှာ ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ ပေးသောမဲဖြစ်သည်။ တစ်နည်းအားဖြင့် မဲရုံတွင် မပေးသောမဲဖြစ်သည်။

## ကြိုတင်မဲ ဘယ်နှစ်မျိုးရှိပါသလဲ

ကြိုတင်မဲနှစ်မျိုးရှိပါသည်။ မဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသော မဲပေးပိုင်ခွင့်ရှိသူများပေးရမည့် ကြိုတင်မဲနှင့် မဲဆန္ဒနယ်အတွင်း၌ ရှိသော မဲရုံသို့ မသွားရောက်နိုင်သူများ ပေးရမည့် ကြိုတင်မဲတို့ဖြစ်သည်။

## မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများ

မဲဆန္ဒရှင်တစ်ဦးသည် အကြောင်းအမျိုးမျိုးကြောင့် မိမိမဲဆန္ဒနယ်၏ ပြင်ပတွင် ရောက်ရှိနေပါက ပုံစံ(၁၅)ဖြင့် လျှောက်ထားပြီး ကြိုတင်ဆန္ဒမဲပေးနိုင်သည်။

မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများမှာ-

(၁) အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ၊
(၂) တပ်မတော်သားများ၊ ရဲများနှင့် ၎င်းတို့၏ အတူနေအိမ်ထောင်စုဝင်များ၊
(၃) တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊
(၄) သင်တန်းကျောင်းများမှ သင်တန်းသားများ၊
(၅) ဆေးရုံတွင် တက်ရောက်နေသော အတွင်းလူနာများ၊
(၆) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ။

## မဲဆန္ဒနယ်အတွင်းမှ ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများ


မဲဆန္ဒနယ်အတွင်း၌ရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲမပေးနိုင်သူများဖြစ်ကြသည်။ ၎င်းတို့မှာ-

(၁) အနာကြီးရောဂါ စွဲကပ်နေသူများ၊
(၂) ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူများ၊
(၃) နေအိမ်တွင် မီးဖွားနေသူများ၊
(၄) အသက်အရွယ်ကြီးရင့်သူများ၊
(၅) မသန်စွမ်းသူများ၊
(၆) ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေရသူများ၊ (မဲဆန္ဒနယ်အတွင်း၌ရှိသော ဆေးရုံ)
(၇) ရဲအချုပ်စခန်း သို့မဟုတ် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ၊ (မဲဆန္ဒနယ်အတွင်း၌ရှိသော အချုပ်စခန်း၊ အကျဉ်းစခန်း)
(၈) ရွေးကောက်ပွဲကျင်းပသောနေ့တွင် မိမိ၏ ရပ်ကွက်၊ ကျေးရွာမှ ခရီးဝေးသည့် ဒေသသို့ ရွေးကောက်ပွဲတာဝန်ဖြင့် သွားရောက်ရန်ရှိသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ မဲရုံမှူး၊ ဒု-မဲရုံမှူး၊ မဲရုံဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲများနှင့် အစိုးရဝန်ထမ်းများ၊
(၉) လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ။

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ပြီး ကြေညာမည်။
မဲဆန္ဒရှင်ပြည်သူများ သွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ (၄-က)ဖြင့် ပြင်ဆင်ပေးရန်၊
သို့မှသာ မှန်ကန်သည့် မဲစာရင်းဖြစ်ပြီး မဲပေးနိုင်ကြမည်။
မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်ပြီး ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းများ ဆောင်ရွက်သွားကြရန်။

## သင် (၁၈)နှစ် ပြည့်ပြီလား




## ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့များသို့ ပုံစံ(၁)၊ ပုံစံ (၁-က) များ ပေးအပ်ပွဲကျင်းပ

**ဖန်းမော် စက်တင်ဘာ ၁၃**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့များသို့ ပုံစံ(၁)၊ ပုံစံ (၁-က) များ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ဖန်းမော်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖန်းမော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ဒုတိယအကြိမ် တိုင်းရင်းသားလူမျိုးများ၏ မဲစာရင်းကြေညာခြင်းကို စက်တင်ဘာ ၁၄ ရက်မှစ၍ နှစ်ပတ်ကြာကြေညာထားမည်ဖြစ်ကြောင်းအမှာစကားပြောကြားကာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ပုံစံ (၁)၊ ပုံစံ(၁-က)များကို ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အေးအေးမိုး)**

# ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီဥက္ကဋ္ဌ ဦးရဲထွန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီဥက္ကဋ္ဌ ဦးရဲထွန်းဖြစ်ပါတယ်။ မိဘပြည်သူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝတရားရှေ့ထား၍ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တိုင်းတစ်ပါးနယ်ချဲ့ ဗြိတိသျှ(အင်္ဂလိပ်)လူမျိုးတွေရဲ့လက်အောက်မှာ ကျွန်အဖြစ်နဲ့ နှစ်ပေါင်းတစ်ရာကျော် နေခဲ့ရပါတယ်။ ဒီတော့ ကျွန်တော်တို့ အဘိုးအဘွားများက သူ့ကျွန်မခံတော်လှန်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ အလီလီဆင်နွှဲခဲ့တာကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ လွတ်လပ်ရေးကြေညာနိုင်ခဲ့ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အချုပ်အခြာအာဏာပိုင် 'ပြည်ထောင်စုမြန်မာနိုင်ငံ' ရယ်လို့ ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာရပ်တည်လာနိုင်ခဲ့ပါတယ်။

သို့ပေမယ့် လွတ်လပ်ပြီး ၁၄ နှစ်အကြာ ၁၉၆၂ ခုနှစ်မှာ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်တဲ့ တော်လှန်ရေးကောင်စီအစိုးရတက်လာချိန်မှာတော့ လွတ်လပ်ရေးနဲ့အတူ ရရှိခဲ့တဲ့ ပါလီမန်စနစ်လည်း နိဂုံးကမ္ပတ် အဆုံးသတ်သွားရပါတော့တယ်။ အဲဒီနောက် ၁၄ နှစ်အကြာ ၁၉၇၄ မှာတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်မှုနဲ့ တစ်ပါတီစနစ်ကျင့်သုံးတဲ့နိုင်ငံအဖြစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပါတယ်။

အဲဒီနောက် ၁၄ နှစ်အကြာ ဩဂုတ်လ ၈ရက်နေ့မှာတော့ တစ်ပြည်လုံးပါဝင်လာတဲ့ ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်နေ့မှာ တစ်ပါတီစနစ်ကျင့်သုံးတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီပြုတ်ကျပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ)က နိုင်ငံတော်အာဏာအရပ်ရပ်ကို ထိန်းချုပ်လိုက်ပါတယ်။ နဝတအစိုးရကပါတီတွေ တည်ထောင်ခွင့်ပြုခဲ့ပြီး နှစ်နှစ်အကြာ ၁၉၉၀ ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွေ ကျင်းပပေးခဲ့ပါတယ်။ သို့ပေမယ့် ဒီမိုကရေစီအစိုးရတော့တက်မလာသလို ဒီမိုကရေစီနိုင်ငံလည်း ဖြစ်မလာခဲ့ပါဘူး။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

မြန်မာနိုင်ငံမှာ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပါလီမန်ဒီမိုကရေစီစနစ်၊ ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်ပါတီစနစ်တွေ ကျင့်သုံးခဲ့တာပါ။ အခု ဒီမိုကရေစီစနစ်ကို ပြန်လည်ကျင့်သုံးမယ်ဆိုတော့ နဂိုကသုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကိုကျင့်သုံးဖို့ မဖြစ်နိုင်တော့တာနဲ့ ၁၉၉၃ ခုနှစ်ကစပြီး အမျိုးသားညီလာခံကျင်းပကာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲခဲ့ကြပြီး ၁၅ နှစ်အကြာမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွက်လာခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံရေးပါတီများ ထူထောင်ခွင့်ပြုခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပခဲ့လို့ ဒီနေ့အားလုံးသိနေကြတဲ့ လွှတ်တော်ကြီးတွေ၊ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်စတဲ့ အစိုးရတွေပေါ်ပေါက်လာပြီး ဒီမိုကရေစီနိုင်ငံထူထောင်ရေးလမ်းစပေါ်သို့ လျှောက်လှမ်းခဲ့ပါတယ်။ ယခုဆိုလျှင် လွှတ်တော်ပထမ သက်တမ်းကုန်ဆုံးပါတော့မယ်။ နိုဝင်ဘာ ၈ ရက်နေ့မှာ လွှတ်တော်ဒုတိယသက်တမ်းအတွက် ကိုယ်စားလှယ်အသစ်တွေ ရွေးချယ်ဖို့၊ အစိုးရအသစ်ဖွဲ့စည်းနိုင်ဖို့အတွက် ရွေးကောက်ပွဲများ ကျင်းပပါတော့မယ်။ ပို၍ ကောင်းတဲ့နိုင်ငံရေးနဲ့ စီးပွားရေး၊ ပြီးတော့ ပြည်သူတစ်ရပ်လုံးရဲ့ လူနေမှုဘဝတွေ တိုးတက်ဖွံ့ဖြိုးနိုင်ရေးတို့အတွက် ပြည်သူများကိုယ်တိုင် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်အရွေးခံခွင့်ရပြီး ကြိုက်တဲ့ကိုယ်စားလှယ်လောင်းကို ရွေးချယ်ပေးခွင့်ရပါတော့မယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

အခု ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီရဲ့ နောက်ခံသမိုင်း(အကျဉ်း) ကို တင်ပြလိုပါတယ်။ ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များဟာ ၁၉၈၈ ခုနှစ် မတ်လကစပြီး မြန်မာ့နိုင်ငံရေးစနစ် ပြောင်းလဲရန်အတွက် အသက်သွေးချွေး ပေးဆပ်စတေးပြီး ပြည်သူနဲ့အတူနေ ပြည်သူနဲ့အတူ ဒုက္ခခံရင်း ပြည်သူနဲ့အတူ ရုန်းကန်လှုပ်ရှားခဲ့ကာ အခုဆိုလျှင် ၂၇ နှစ်ကျော် လာခဲ့ပါပြီ။ ကျွန်တော်တို့ကိုယ်တိုင် ထောင်တွေထဲမှာ နှစ်ရှည်လများနေခဲ့ရပြီး ၂၀၀၅ ခုနှစ် ဇူလိုင်လ ထောင်ကလွတ်တာနဲ့ ၈၈ မျိုးဆက်များကို စုစည်းကာ မပြီးဆုံးသေးတဲ့ နိုင်ငံရေးဇာတ်ကိုဆက်ကဖို့ စက်တင်ဘာ ၂၅ ရက်နေ့မှာ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ကို ဖွဲ့စည်းထူထောင်နိုင်ခဲ့ပြီး အသွေးတူ အသားတူ စိတ်ဓာတ်တူ ရည်ရွယ်ချက်တူတဲ့ ၈၈ မျိုးဆက်များကို ဆက်လက်စုစည်းခဲ့ပါတယ်။

ဒါကြောင့်လည်း စုစည်းပြီးဖြစ်တဲ့ ၈၈ မျိုးဆက်များရဲ့အားဖြင့် နိုင်ငံရေးအပြောင်းအလဲမှာ ပြည်သူတစ်ရပ်လုံး ပါဝင်ခွင့်ရလာစေရေးအတွက် အမျိုးသားလှုပ်ရှားမှုတစ်ရပ် ဖော်ဆောင်ရန် ပြင်ဆင်ခဲ့ပါတယ်။ အဲဒီမှာ ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် ကြီးမားတဲ့အဟန့်အတားတစ်ခုဖြစ်နေတဲ့ စီးပွားရေးပိတ်ဆို့မှုကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေ ဖော်ဆောင်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဒီမိုကရေစီရေးအတွက် အားခဲကြိုးပမ်းနေချိန်မှာ စီးပွားရေးပိတ်ဆို့မှုဒဏ်ချက်ကြောင့် ပြည်သူအများ စီးပွားရေးထိခိုက်ပြီး စားဝတ်နေရေးအဆင်မပြေမှုများနဲ့ ငတ်မွတ်မှုများဖြစ်နေခြင်းကြောင့် အားကုန်သုံးရမယ့်လူတွေဟာ အားအင်ချည့်နဲ့သွားခဲ့ရပါတယ်။ ထို့အပြင် ပြည်တွင်းပြည်ပ နှစ်ဌာနလုံးမှာရှိတဲ့ ဒီမိုကရေစီလှုပ်ရှားသူများအချင်းချင်းသွေးကွဲခဲ့ပြီး နိုင်ငံရေးကွင်း ပျောက်လုနီးနီးဖြစ်သွားရပါတယ်။ မြန်မာနိုင်ငံသားများဟာ ဘာမှလုပ်စရာမလိုဘဲ အမေရိကန်၊ ဥရောပနဲ့ ပြည်တွင်းမှ ပြည်ပအားကိုးသူများရဲ့ စီးပွားပိတ်ဆို့မှုလက်နက် ထိရောက်မှု ရှိ၊ မရှိကိုသာ ထိုင်ကြည့်ရမယ့်သဘောဖြစ်နေပါတယ်။

ဒါ့ကြောင့်လည်း ပြည်တွင်းအားကို ယုံကြည်၊ ပြည်သူကိုအားကိုးကာ ကိုယ့်အင်အားဖြင့် ဒီမိုကရေစီအပြောင်းအလဲကို ဆောင်ရွက်ခဲ့ကြတဲ့ ကျွန်တော်တို့ ၈၈ မျိုးဆက်တွေဟာ ၂၀၀၆ ဒီဇင်ဘာ ၅ ရက်တွင် ဝိုင်အမ်ဘီအေ (YMBA) ခန်းမမှာ စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှု(၂၀၀၇) ကို ဖော်ဆောင်မှာဖြစ်ကြောင်းကြေညာပြီး တစ်မျိုးသားလုံးပါဝင်နိုင်စေရန် မြန်မာပြည်တစ်နံတစ်လျားမှာ ပြည်သူလူထုနဲ့ ထိတွေ့ဆက်ဆံနိုင်ဖို့ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲတွေ ပြုလုပ်ပါတယ်။ စာရွက်စာတမ်းများဖြန့်ဝေတဲ့ လှုပ်ရှားမှုတွေ ပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ အမျိုးသားလှုပ်ရှားမှုကို တခြားသော နိုင်ငံရေးအစုအဖွဲ့များ၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနဲ့ လူတန်းစားရေးရာ အသင်းအဖွဲ့များပါ ပူးပေါင်းပါဝင်လာကြပါတယ်။ ဒီတော့နိုင်ငံကို ဘယ်သို့ဘယ်ပုံပြောင်းလဲဖန်တီးမလဲလို့ စဉ်းစားညှိနှိုင်းကြရင်း နိုင်ငံထူထောင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မဖြစ်မနေလိုအပ်နေတာကို တွေ့ကြရပါတယ်။ ဒါကြောင့်လည်း ၂၀၀၇ ခုနှစ် မတ်လက မန္တလေးမှာပြုလုပ်တဲ့ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲမှာ အမျိုးသားနိုင်ငံရေးအင်အားစုများအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားလှုပ်ရှားမှု (၂၀၀၇)ကို ဖော်ဆောင်မည်ဖြစ်ကြောင်းကြေညာနိုင်ခဲ့ပါတယ်။ အဲဒီနောက် ၈၈ မျိုးဆက်များနှင့်အတူ ပူးပေါင်းပါဝင်လာခဲ့ကြတဲ့ အမျိုးသားနိုင်ငံရေးအင်အားစုများဖြင့် ၂၀၀၇ ဇူလိုင် ၂၃ ရက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသားရေးလှုပ်ရှားမှုများကို ဆက်လက်ဖော်ဆောင်ခဲ့ကြပါတယ်။

အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး အမျိုးသားလှုပ်ရှားမှု (၂၀၀၇) ကို စတင်ဖော်ဆောင်သည်မှ တစ်နှစ်တိတိပြည့်တဲ့ ၂၀၀၈ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကြီး ပေါ်ထွက်ပြီး ဆန္ဒခံယူပွဲများကျင်းပပြီး အတည်ပြုနိုင်ခဲ့ပါတယ်။ ဒီတော့ ရရှိလာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံရေးပါတီများ ထူထောင်နိုင်ရေး၊ လွှတ်တော်ရွေးကောက်ပွဲများကျင်းပရေး၊ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး ပါဝင်မဲပေးနိုင်ရေးအတွက် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်တို့ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အမျိုးသားလှုပ်ရှားမှု (၂၀၀၉) ကို သုံးခုမြောက် အမျိုးသားလှုပ်ရှားမှုအနေနဲ့ ၂၀၀၉ မတ်လ ၉ ရက်နေ့မှာ စတင်လှုပ်ရှားဖော်ဆောင်ခဲ့ပါတယ်။

ကျွန်တော်တို့ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေး လမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာရပ်တည်ကာ "တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပါဝင်ခွင့်ရှိတဲ့ အမျိုးသားနိုင်ငံရေး၊ အခန်းကဏ္ဍသစ်" တစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေတဲ့ သမိုင်းနောက်ခံပေါ်မှာ အခြေခံကာ ပေါ်ပေါက်လာတဲ့ နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးအတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ထွက်ပေါ်လာပြီး နိုင်ငံရေးပါတီများထူထောင်ခွင့်ရရှိလာပြီး ပြည်သူလူထုတစ်ရပ်လုံးလည်း နိုင်ငံရေးမှာ ပါဝင်ခွင့်ရရှိလာခဲ့ပါတယ်။ သို့ပေမယ့် ပါတီတည်ထောင်ခြင်းကို ဆန့်ကျင်တဲ့အင်အားစုတွေ ပေါ်ပေါက်လာပြီး အပြင်းအထန်ဝေဖန်တိုက်ခိုက်မှုများ ပြုလုပ်လာကြပါတယ်။ အဲဒီလိုအခက်အခဲများကြားကပဲ ကျွန်တော်တို့ ၈၈ မျိုးဆက်တွေဟာ ပါတီစုံဖော်ဆောင်ရေးလမ်းကြောင်းမှ လုံးဝမသွေဖည်ဘဲ ဘယ်သူမှ ပါမလာလည်း ဒို့ဖြစ်အောင် လုပ်ရမယ်ဆိုတဲ့အကြံနဲ့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) အနေနဲ့ ခေါင်းအလံဆက်လက်ကိုင်စွဲပြီး ပါတီတည်ထောင်ခဲ့သလို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်အနေနဲ့လည်း ကဒေါင်းအလံ ဆက်လက်ကိုင်စွဲပြီး ပါတီတည်ထောင်ခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့ကျင့်သုံးနေတဲ့ ပါတီစုံလမ်းကြောင်းပေါ်မှာ ဒီပါတီနှစ်ခုဟာ အဦးဆုံးထွက်ပေါ်လာတဲ့ နိုင်ငံရေးပါတီများဖြစ်ပါတယ်။

ကျွန်တော်တို့ ၈၈ မျိုးဆက်တွေက 'ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် စစ်မှန်သည့် ပြည်ထောင်စုစနစ် ကျင့်သုံးခြင်း၊ လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်စိုးမှုရှိခြင်းနှင့် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများနှင့် ငြိမ်းချမ်းသာယာပြီး တိုးတက်ဖွံ့ဖြိုးသည့် လူနေမှုဘဝကို ပိုင်ဆိုင်သော ခေတ်မီနိုင်ငံဖြစ်ပေါ်ရေးအတွက် နိုင်ငံသားအားလုံးနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားမည်'ဟု အဓိဋ္ဌာန်ပြုပြီး ပါတီတစ်ရပ်အနေဖြင့် ထူထောင်ခဲ့တာဖြစ်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

"နိုင်ငံသားတိုင်း လိင်ကွဲပြားခြားနားမှုကြောင့် တန်းတူရည်တူ အခွင့်အရေးခံစားခွင့်ရှိရေးကို ထိခိုက်မှုမရှိစေရန် အာမခံချက်ပေးနိုင်သည့် လူနေမှုဘဝဖြစ်ပေါ်ရေး" နှင့် "နိုင်ငံသားတိုင်းမင်းမဲ့စရိုက်ဖြင့် အကြမ်းဖက်ခံရခြင်းမှ လုံခြုံမှုအာမခံချက်ရရှိနိုင်သည့် လူနေမှုဘဝဖြစ်ပေါ်ရေးကို" ဦးတည်ပါတယ်။

"ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ တည်းဟူသော ဗလငါးတန်ဖွံ့ဖြိုးရေးကိုရှေးရှု၍ နိုင်ငံသားတိုင်း စာတတ်မြောက်ပြီးပညာရည်မြင့်မားသော လူနေမှုဘဝဖြစ်ပေါ်ရေး"နှင့် နိုင်ငံသားတိုင်းကျန်းမာကြံ့ခိုင်ရေးကို အာမခံချက်ပေးနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်သော လူနေမှုဘဝဖြစ်ပေါ်ရေး" ကို ဦးတည်ပါတယ်။

"နိုင်ငံသားတိုင်း ပုဂ္ဂလိကစီးပွားရေးကို ပြည်တွင်းပြည်ပ နှစ်ဌာနလုံးတွင် လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိသော စစ်မှန်သည့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရေး"၊ "လယ်ယာသားငါးနှင့် စက်မှုလက်မှု စသည့် ကုန်ထုတ်လုပ်ငန်းများတွင် ခေတ်မီနည်းပညာများ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေး"နှင့် "နိုင်ငံသားအားလုံး၏ လူနေမှုအဆင့်အတန်းကို မြင့်မားလာစေပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေး" တို့ကို ဦးတည်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

၈၈မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီက "နိုင်ငံသားအားလုံး၏ အခြေခံလူ့အခွင့်အရေးများကို အာမခံချက်ပေးနိုင်ရေး"၊ "နိုင်ငံသားတိုင်း ဥပဒေရှေ့မှောက်၌ တန်းတူရည်တူ အခွင့်အရေး ရရှိစေရေး" နှင့် "နိုင်ငံသားတိုင်း လွတ်လပ်စွာ ပရိယေသန ရှာဖွေစားသောက်နိုင်ပြီး စားဝတ်နေရေး ပြေလည်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိရေး"တို့ကို အာမခံချက်ပေးနိုင်တဲ့ လူနေမှုဘဝဖြစ်ပေါ်ရေးကို ဦးတည်ပါတယ်။



"နိုင်ငံသားတိုင်း လွတ်လပ်စွာ အိမ်ရာထူထောင် အခြေချနေထိုင်ရေး"၊ "လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ကျင့်သုံးရေး"၊ "လွတ်လပ်စွာ ဆန္ဒသဘောထား ထုတ်ဖော်ပိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့် စသည့် ဒီမိုကရေစီအခွင့်အရေးများ" ကို အာမခံချက်ပေးနိုင်တဲ့ လူနေမှုဘဝဖြစ်ပေါ်ရေးကို ဦးတည်ပါတယ်။

"ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၏ အစိုးရအဖွဲ့များ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် လွတ်လပ်၍ အဓိပ္ပာယ်ရှိပြီး အကျိုးရှိသော လက်တွေ့ကျသည့်ဆက်ဆံရေးစနစ် ကျင့်သုံးခြင်းဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် မြန်မာ့လူနေမှုဘဝ ဖြစ်ပေါ်ရေးကို ဦးတည်ပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီက "လက်နက်ကိုင်ပဋိပက္ခအမြစ်ပြတ်ချုပ်ငြိမ်းရေး၊ ပါတီစုံဒီမိုကရေစီစနစ် ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုစိတ်ဓာတ် အမျိုးသားရေးစိတ်ဓာတ်နှင့် ဒီမိုကရေစီရေးစိတ်ဓာတ်များကိုအခြေခံ၍ ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံထူထောင်ရေး၊ ငြိမ်းချမ်းစွာဖြစ်ပေါ်တိုးတက်ပြောင်းလဲရေးနည်းလမ်းဖြင့် ပြည်ထောင်စုအစိုးရဖွဲ့စည်း ထူထောင်ရေး" စတဲ့ ရည်ရွယ်ချက်များထားရှိပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

"လူအုပ်စုဝါဒ၊ မင်းမဲ့ဝါဒ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဝါဒ၊ ဂိုဏ်းဂဏဝါဒ၊ အကြမ်းဖက်ဝါဒ၊ လူမျိုးရေးအစွန်းရောက်ဝါဒ၊ ဘာသာရေးအစွန်းရောက်ဝါဒတို့ကို ဆန့်ကျင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးသက်သက်ကိုသာ ရှေးရှုဆောင်ရွက်သော နိုင်ငံရေးကျင့်စဉ်ကို စောင့်ထိန်းလိုက်နာကျင့်သုံးပါတယ်။

"တိုင်းရင်းသားလူမျိုးများ ငြိမ်းချမ်းစွာစုပေါင်းနေထိုင်ခြင်း၊ လုံးဝလွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးခြင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းတည်းဟူသော ဝိသေသလက္ခဏာများ မပျောက်မပျက် ရှင်သန်လှုပ်ရှားသက်ဝင်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ရေးလမ်းစဉ်"၊ "အများစု၏ ဆန္ဒသဘောထားကို အနည်းစုက လေးစားလိုက်နာခြင်း၊ အနည်းစု၏ ဆန္ဒသဘောထားကို အများစုက တန်ဖိုးထားအသိအမှတ်ပြုခြင်းတည်းဟူသော စစ်မှန်သည့် ဒီမိုကရေစီကျင့်စဉ်"နှင့် "နိုင်ငံတော်၊ နိုင်ငံသားနှင့် ပါတီရေးရာကိစ္စများကို ဆောင်ရွက်ရာတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများနှင့်အညီ နိုင်ငံသားတိုင်း ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလျောက် တန်းတူရည်တူအခွင့်အရေးရှိသည့် လမ်းစဉ်"တို့ကို လိုက်နာကျင့်သုံးပြီး ပါတီ၏သဘောထားဟူသမျှသည် ပါတီဝင်ထု၏ဆန္ဒကို ထင်ဟပ်စေပါတယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)က "စည်ပင်သာယာရေးအဖွဲ့ဝင်များကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရနှင့် ပြည်နယ်အစိုးရ ရုံးစိုက်သည့်မြို့များတွင် မြို့တော်ဝန်များ ထားရှိခန့်ထားနိုင်ရေးတို့ကို အများသဘောတူ ရွေးကောက်တင်မြှောက်သည့်စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်၊ မြို့တိုင်းနယ်တိုင်းတွင် လွတ်လပ်ရေးပန်းခြံ၊ အောင်ဆန်းပန်းခြံ၊ လွတ်လပ်ရေးကျောက်တိုင်နှင့် ဦးအောင်ဆန်းရုပ်တုများ တည်ဆောက်ထားရှိနိုင်ရန် ဆောင်ရွက်သွားပါမယ်။

ကျောင်းသားသမဂ္ဂ၊ တောင်သူလယ်သမားသမဂ္ဂ၊ အလုပ်သမားသမဂ္ဂ၊ ပုဂ္ဂလိကဝန်ထမ်းသမဂ္ဂ၊ အစိုးရဝန်ထမ်းသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားနိုင်ရေးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် ရုံးအဆောက်အအုံနှင့် မြေနေရာရရှိရေး ဝန်ထမ်းများခန့်ထားနိုင်ရေးအတွက် ဘဏ္ဍာငွေများအလုံအလောက် အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီက ယခုကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်း ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်လောင်းရှစ်ဦး ပါဝင်ပါတယ်။ ကရင်၊ မွန်နှင့် ရှမ်းပြည်နယ်များ၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ယခင်ကလို အသက်သွေးချွေးပေးဆပ်စရာမလိုဘဲ ယုံကြည်မှုစိတ်ထားကို အခြေခံကာ ဆန္ဒမဲပေးရွေးချယ်ခြင်းဖြင့် ကျွန်တော်တို့ ၈၈ မျိုးဆက်များနှင့် ပူးပေါင်းလက်တွဲပြီး ဒီမိုကရေစီနိုင်ငံထူထောင်လို့ရပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါတယ်။ ကျွန်တော်တို့ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ရဲ့ ခွပ်ဒေါင်းသင်္ကေတကတော့ အရွယ်တူကြယ်ဖြူ ခုနစ်စင်နှစ်တန်းရဲ့ အလယ်မှာ ခုန်ခွပ်တော့မယ့် ခွပ်ဒေါင်းပုံဖြစ်ပါတယ်။ ကြယ်ဖြူ ၁၄ လုံးက အမျိုးသားရေးစိတ်ဓာတ်အရင်းခံကာ ပြည်ထောင်စုကြီးအတွက် ထာဝစဉ်သယ်ပိုးဆောင်ရွက်သွားမည့် သဘောဖြစ်ပါကြောင်း အသိပေးတင်ပြလိုပါတယ်။

ကျွန်တော်တို့ ပါတီဝင်အပေါင်းသည် ပြည်သူနှင့် အတူနေ၊ ပြည်သူနှင့် အတူခံစား၊ ပြည်သူနှင့်အတူ နိုင်ငံကိုမြင့်တင်ဖို့ အစဉ်တစိုက် ကြိုးပမ်းရွက်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ ခင်ဗျား-**

ကျွန်တော်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ဦးအေးလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒရှင်မိဘပြည်သူ အပေါင်းတို့အား မင်္ဂလာရှိသောညချမ်းပါဟု ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ပါတီဖွဲ့စည်းဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ဦးစွာတင်ပြပေးချင်ပါတယ်။

"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ"အပေါ်၌ ဤပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော ကျွန်ုပ်တို့တိုင်းရင်းသားမျိုးနွယ်စုအားလုံးတို့သည် သမိုင်း မတင်မီကာလမှစ၍ ယနေ့အချိန်ထိ ဥမကွဲသိုက်မပျက် အတူတကွ လက်တွဲနေထိုင်ခဲ့ ကြပါတယ်။ ပြည်ထောင်စုဖွားတိုင်းရင်းသားအပေါင်းတို့သည် ဤမြေပေါ်၌ပင် ပြည်ထောင်စုကြီး အစဉ်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်မဆုံးရှုံးရေးတို့ကို မိမိတို့၏ "ကိုယ်ပိုင်အမျိုးသားရေးအမြင်"၊ "ကိုယ်ပိုင် အမျိုးသားရေးဝါဒ"တို့ဖြင့် စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြ ပါတယ်။ ဤပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကာလမှသည် မျက်မှောက်ခေတ်ကာလထိတိုင် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာ များနှင့် "လောကပါလတရားနှင့် အပရိဟာနိယတရား (၇)ပါး"တို့ကို ကောင်းစွာ ယုံကြည်လိုက်နာ ကျင့်သုံးခဲ့ကြခြင်းဖြင့် ဒီမိုကရေစီကျင့်စဉ်များနှင့်လည်း အကျွမ်း တဝင်ရှိခဲ့ကြပြီးဖြစ်ပါတယ်။ ထို့အပြင် လူ့အခွင့်အရေးကိုလည်း လေးစားလိုက်နာ တန်ဖိုးထားခဲ့ကြပါတယ်။

သို့ရာတွင် ပြည်ထောင်စုနိုင်ငံတော်ကြီး၏ အကျိုးစီးပွားပျက်စီးရာပျက်စီး ကြောင်းကိုသာ အစဉ်ရှေးရှုလုပ်ဆောင်ခြင်း၊ အပြုသဘောမဆောင်ဘဲ နေရာတကာ တိုင်းတွင် "ဆန့်ကျင်ဖီလာစိတ်" ဖြင့် ပြည်ပစွဲဖက်မှုနှင့် ပိတ်ဆို့မှုတို့ကို လက်ယပ်ခေါ် နေခဲ့ကြတဲ့ "အဆိုးမြင်ဝါဒ"လက်ကိုင်ပြုထားကြသူ ပြည်တွင်း ပြည်ပရှိ လက်ဝဲ/ လက်ယာ မြေပေါ်/မြေအောက် "အစွန်းရောက်အဖျက်သမားများ"၏ အမျိုးသားရေး နှင့် ပြည်ထောင်စုရေး "သစ္စာဖောက်မှု အသွယ်သွယ်"ကို "ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်" အရင်းခံဖြင့် ဆန့်ကျင်ကာကွယ်တားဆီးကြရပေမည်။ တစ်ချိန်တည်းမှာပင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ ရှင်သန် အားကောင်းလာစေရေး ဦးတည်ချက်အတိုင်း ကျွန်ုပ်တို့ပြည်ထောင်စုတိုင်းရင်းသား မျိုးနွယ်စုအားလုံးက ဆက်လက်လျှောက်လှမ်းချီတက်ကြရပါမယ်။

ဤတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေရန်အလို့ငှာ "ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်"က တိုင်းရင်းသားပြည်သူလူထုတစ်ရပ် လုံး၏ "အမျိုးသားရေး"၊ "ဒီမိုကရေစီရေး"၊ "လူ့အခွင့်အရေး"ဆိုင်ရာ ဖော်ဆောင်မှု စွမ်းပကားတို့ကို အမြင့်မားဆုံးသို့ရောက်ရှိလာစေရန် တိုင်းရင်းသားပြည်သူလူထုကြီး တစ်ရပ်လုံးနှင့်အတူ ညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားပါမည်။

ကျွန်ုပ်တို့ ပြည်ထောင်စုဖွားတိုင်းရင်းသား မျိုးနွယ်စုတစ်ရပ်လုံးက အားလုံး တန်းတူညီမျှ ငြိမ်းချမ်းစွာ ပါဝင်ခွင့်ရှိသော တန်းတူညီမျှ အကျိုးခံစားခွင့်လည်းရှိသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးတစ်ရပ် ပေါ်ထွန်းလာစေရေးဦးတည်ချက်ဖြင့် ဤပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံ ရေးအဖွဲ့ချုပ်ပါတီ(THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS)ကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေး ဘုရားလမ်း ပုလဲကွန်ဒိုမီနီယမ်၊ တိုက်(F)၊ အခန်း (၀၃-၃)၊ တွင် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ၈၈ မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင်များ ဦးဆောင်၍ အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးပေါင်းပါဝင်ကာ စတင်ဖွဲ့စည်း တည်ထောင်ခဲ့ကြပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်သည် ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)၏ဦးဆောင်မှု၊ အခြားအမျိုးသား နိုင်ငံရေးအင်အားစုများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် စီးပွားပိတ်ဆို့မှု ဆန့်ကျင်ရေး၊ အမျိုးသားလွှတ်ရှားမှု ၂၀၀၇၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊ အမျိုးသားလှုပ်ရှားမှု ၂၀၀၇ နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ အမျိုးသား လှုပ်ရှားမှု ၂၀၀၉ တို့ကို ပြုလုပ်ဖော်ဆောင်ခဲ့ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး လမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာ ရပ်တည်ကာ "တိုင်းရင်းသားပြည်သူလူထုတစ် ရပ်လုံး ပါဝင်ခွင့်ရှိသည့် အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍသစ်" တစ်ရပ်ဖြစ်ပေါ်လာ စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေသည့် သမိုင်းနောက်ခံပေါ်တွင် အခြေခံ၍ ပေါ်ပေါက်လာသော နိုင်ငံရေးပါတီတစ်ရပ်လည်းဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော့်အနေနဲ့ ပါတီ၏ မူဝါဒသဘောတရားများကို ဆက်လက်တင်ပြပါမယ်။

လွတ်လပ်သည့် အမျိုးသားရေးဝါဒကိုပါတီတွင်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးပါတယ်။ အပြန်အလှန်အားဖြင့် ဒီမိုကရေစီကျင့်စဉ်ကို လွတ်လပ် သည့် အမျိုးသားရေးဝါဒနှင့်အညီ လိုက်နာကျင့်သုံးပါတယ်။

နိုင်ငံသားများ၏ ကျင့်ဝတ်သိက္ခာ၊ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် အကျိုးစီးပွား များကို ဆုတ်ယုတ်ပျက်ပြားစေသော ပြည်တွင်းပြည်ပ မည်သည့်လုပ်ဆောင်ချက်ကိုမဆို ဆန့်ကျင်ပါတယ်။

ပါတီ၏ သဘောထားအမြင်များသည် ပါတီဝင်ထုတစ်ရပ်လုံး၏ သဘောထား ကို ထင်ဟပ်ပါတယ်။

လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရား များ ထွန်းကားရေးကို ဦးတည်ပါတယ်။

ပါတီ၌ စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ်၊ စစ်မှန်သောဈေးကွက်စီးပွားရေး စနစ်ရှင်သန်ထွန်းကားရေးကို ဦးတည်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ပါတီ၏ ဦးစားပေးလုပ်ငန်းစဉ်များကို ကျွန်တော့်အနေနဲ့ ဆက်လက်တင်ပြပါမယ်။

မြန်မာနိုင်ငံကို စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ် အမြန်ဆုံးဖော်ဆောင် နိုင်ငံရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ရပ်စဲရေးနှင့် အစဉ်ထာဝရ ငြိမ်းချမ်းရေး၊ ကမ္ဘာတည်သရွေ့ မြန်မာတိုင်းရင်းသားမျိုးနွယ် စုများ လူမျိုးမပျောက်မပျက်ဘဲ ဆက်လက်ရှင်သန်ရပ်တည်ရေး ဆောင်ရွက်ပါမယ်။

နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ သတင်းမီဒီယာများအရေးတို့ကို ပြည်သူလူထု၏ဆန္ဒနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်လာစေရေး၊ နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် အခြေချနေထိုင်ရေး၊ အိမ်ခြံ မြေ၊ စိုက်ပျိုးမြေ၊ အခြားလုပ်ငန်းသုံးမြေများရရှိရေး၊ လယ်ယာမြေ အခြားနည်းအသုံး ပြုခွင့်အတွက် ပွင့်လင်းမြင်သာသည့် ဥပဒေများထွန်းကားလာရေး၊ ဥပဒေနှင့်မညီသော သိမ်းဆည်းခံမြေယာများ မူလလက်ငုတ်နိုင်ငံသားများထံသို့ အမြန်ဆုံးပြန်လည်ရောက်ရှိ ရေး၊ ဥပဒေနှင့်အညီ သိမ်းဆည်းခံရသည့် မြေယာများအတွက် ခေတ်ကာလနှင့်လိုက်လျော ညီထွေဖြစ်ပြီး ထိုက်တန်သော နှုန်းထားများဖြင့် လျော်ကြေးရရှိရေး၊ အမှန်တကယ် စိုက်ပျိုးသည့် စိုက်ပျိုးဧကအလိုက် အပြည့်အဝ ချေးငွေထုတ်ပေးရေး၊ လယ်ယာသုံး စက်ကိရိယာ ဝယ်ယူရေးချေးငွေရရှိရေး၊ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ပြည်ထောင်စုအဆင့် ရန်ပုံငွေစနစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရန်ပုံငွေစနစ်၊ အများပြည်သူ၏ဆန္ဒအလျောက် ထည့်ဝင်သည့် ရန်ပုံငွေစနစ်၊ နိုင်ငံတကာအဖွဲ့အစည်း များ၏ အကူအညီဖြင့် ဆောင်ရွက်သော ရန်ပုံငွေစနစ်ဖော်ဆောင်ရေး၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာကို ဖက်ဒရယ်ပြည်ထောင်စု စနစ်နှင့်အညီ ကျင့်သုံးနိုင်ရေးတို့ကို ဆောင်ရွက်သွားပါမယ်။

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ နိုင်ငံသားဒုက္ခသည်များ အရေးအတွက် ကယ်ဆယ်ရေး၊ ကူညီရေး၊ ပြန်လည်ထူထောင်ရေး၊ လုပ်ငန်းစဉ်များ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ရန်ရန်ပုံငွေစနစ်တစ်ရပ်ကို ထားရှိရေး၊ နိုင်ငံတကာမှ အဖွဲ့အစည်းများမှ ထောက်ပံ့သည့် လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီများကို ပွင့်လင်းမြင်သာမှုရှိရှိ အသုံးပြုရေးဆောင်ရွက်သွားပါမယ်။

လူငယ်ကျောင်းသား၊သက်ကြီးရွယ်အို၊ အမျိုးသမီး၊ မိခင်နှင့် ကလေးသူငယ်၊ မသန်စွမ်းသူများ၊ အချုပ်သား အကျဉ်းသား၊ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများ၊ ပြည်ပတွင် အလုပ်အကိုင်ဖြင့် ရောက်ရှိနေသူများ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင် အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းနှင့် အငြိမ်းစားဝန်ထမ်းများ အစရှိသည့် လူတန်းစားအလွှာအသီးသီး၏လိုအပ်ချက်များကို ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက် စီးပွားရေးစနစ်တို့နှင့်အညီ ဖြစ်ပေါ်လာသောအခွင့်အလမ်းကောင်းများကို ပြည့်ပြည့်ဝဝ ခံစားရရှိနိုင်ရေး အသေးစိတ်မူဝါဒများ ချမှတ်ဆောင်ရွက်သွားပါမယ်။

ရပ်ကွက်နှင့် ကျေးရွာအုပ်စု၊ မြို့နယ် ခရိုင်အဆင့်များတွင် ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့်ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်သော အရပ်သားအုပ်ချုပ် ရေးစနစ်ဖြစ်ပေါ်လာရေး၊ မြို့နယ်နှင့်ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စည်ပင် သာယာရေးအဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်သည့် စနစ်ဖြင့် ခန့်ထားနိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရရုံးစိုက်သည့် မြို့များတွင် မြို့တော်ဝန်များကို ရွေးကောက်တင်မြှောက်သည့်စနစ်ဖြင့် ထားရှိခန့်ထားနိုင်ရေး၊ နိုင်ငံတစ်ဝန်းရှိမြို့တိုင်း တွင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံနှင့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု၊ လွတ်လပ်ရေးပန်းခြံနှင့် လွတ်လပ်ရေးကျောက်တိုင် တည်ဆောက်ထားရှိရေး၊ မြို့ပြနှင့် ကျေးလက်ကွာဟမှု မရှိစေဘဲ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိ ရေး၊ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိနိုင်ရေး၊ ကျောင်းသားလူငယ်၊ တောင်သူလယ်သမားနှင့် အလုပ်သမား၊ သမဂ္ဂများ၊ နိုင်ငံ့ဝန်ထမ်း၊ အသိပညာရှင် အတတ်ပညာရှင်သမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားနိုင်ရေးနှင့် ၎င်းတို့နှင့် သက်ဆိုင်သည့် မြေနေရာအဆောက်အအုံရရှိရေး ဆောင်ရွက်ပါမယ်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် သီးခြားရုံးအဆောက်အအုံ မြေနေရာထားရှိအသုံးပြုရေးနှင့် ဝန်ထမ်းများအပြည့်အဝခန့်ထားနိုင်ရေးတို့အတွက် လုံလောက်သည့်ဘဏ္ဍာငွေများခွဲဝေချထား အသုံးပြုနိုင်ရေးထောက်ခံအားပေး ဆောင်ရွက်ပါမယ်။

ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက် ရေးတို့အတွက် ဥပဒေ အစီအမံများပြုလုပ်၍ ဆောင်ရွက်သွားပါမယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျော ညီထွေဖြစ်စေရန် နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ အများပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများကို လွတ်လပ်စွာ အပြိုင် အဆိုင်လုပ်ကိုင်ခွင့်ရရှိရေး အထူးစီးပွားရေးဇုန်များထူထောင်ပြီး ပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများကိုဆွဲဆောင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပါမယ်။

နိုင်ငံသားများ၏ စားဝတ်နေရေး ပြည့်ဝဖူလုံစေရန် လွတ်လပ်စွာ အခြေချနေထိုင် ခွင့်နှင့် လွတ်လပ်စွာ ပရိယေသနရှာဖွေခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် အလုပ်လက်မဲ့ပပျောက်ရေးတို့ကို ဆောင်ရွက်ပါမယ်။

အမျိုးဘာသာ၊ သာသနာကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသည့် ဝံသာနု ရက္ခိတတရားများ ပိုမိုထွန်းကားပြန့်ပွားရေး၊ အမျိုးသားစာရိတ္တမဏ္ဍိုင်မြင့်မားရေးနှင့် အမျိုးသားစာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ပါမယ်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှု၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု၊ စရိတ်မျှပေး ကျန်းမာရေးစောင့်ရှောက်မှု၊ ပုဂ္ဂလိကပိုင်၊ အများပိုင်၊ ဖက်စပ်ပိုင်၊ သမဝါယမပိုင်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံပိုင်၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အာမခံထားရှိရေးလုပ်ငန်းများကို စီမံဆောင်ရွက်သွားမယ်။

ဘက်စုံအတွေးအခေါ် အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန် စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးဖြစ်စေမည့် စာမတတ်သူပပျောက် ရေး၊ မသင်မနေရအခမဲ့မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ရေး၊ အသက်မွေး ဝမ်းကျောင်းပညာရေး၊ စိတ်ကြိုက်ဘာသာ ရွေးချယ်သင်ကြားနိုင်သော တက္ကသိုလ် ပညာရေး၊ ပညာသင်ထောက်ပံ့ကြေး ရန်ပုံငွေစနစ် ထူထောင်ရေး၊ ပညာရပ်ဆိုင်ရာ သုတေသနရန်ပုံငွေ ထူထောင်ရေးတို့ကို အထူးဦးစားပေးဆောင်ရွက်သွားမယ်။

အမျိုးသားပညာရည်မြင့်မားရေးကို ရှေးရှု၍ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုင် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများဖြစ်ပေါ်လာရေးဆောင်ရွက်ပါမယ်။

လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်တို့ကို အားပေးပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာကို ဘိုးဘွား အမွေအနှစ်အဖြစ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပါမယ်။ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံ၏ အများစုကိုးကွယ်ယုံကြည် သော ဝိသေသလက္ခဏာရှိသည့် ဘာသာ တရားဖြစ်သည်ဟု တန်ဖိုးထားအသိ အမှတ် ပြုပါတယ်။



**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ ခင်ဗျား-**

တိုင်းရင်းသားဘာသာစကား၊ စာပေ၊ အနုပညာယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက် စေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစား ရေးနဲ့ ရင်းပင်းကူညီရေးတို့ကို တိုးတက် ဖြစ်ထွန်းစေရန်နဲ့ တိုးတက်ဖွံ့ဖြိုးမှု နောက်ကျနေသေးသည့် အရပ်ဒေသများရှိ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာ ရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားဘဝ အခြေအနေ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားတန်းတူညီမျှရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်တို့ကို အသိအမှတ်ပြုထောက်ခံပါတယ်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍ၊ စာနယ်ဇင်းထုတ်ဝေရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ဆက်သွယ် ရေးကဏ္ဍ၊ အားကစားကဏ္ဍတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာအခြေအနေနှင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ ကိုယ်တိုင်ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသူ များ၏ အခွင့်အရေးများ၊ ထိခိုက်ဆုံးရှုံးမှုမရှိစေရန်လည်းကောင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသွားပါမယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

နိုင်ငံတော်အုပ်ချုပ်ရေး၊ ယန္တရားအဆင့်ဆင့်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အများပြည်သူတို့၏ မွေးရာပါလူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့် အရေးများ၊ လွတ်လပ်ခွင့်များ၊ ရပိုင်ခွင့်များနှင့် ခံစားခွင့်များကို တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပါမယ်။

နိုင်ငံတော် ဥပဒေပြုရေးယန္တရားမှ ရေးဆွဲပြုစုပြဋ္ဌာန်းသော ဥပဒေများသည် နိုင်ငံသားများ၏ မွေးရာပါ လူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများ၊ လွတ်လပ်ခွင့်များ၊ ရပိုင်ခွင့်များ၊ ခံစားခွင့်များနှင့် ကျင့်ဝတ်သိက္ခာများကို ထိခိုက် နစ်နာမှုမရှိစေရန် ကာကွယ်စောင့်ရှောက်ပါမယ်။

တရားစီရင်ရေးစနစ်မူဘောင်အတွင်းမှ နိုင်ငံသားတိုင်း၊ မည်သူမဆို တရားစွဲဆို ပိုင်ခွင့်၊ အမှုကျေအေးပိုင်ခွင့်၊ ထုချေပိုင်ခွင့်၊ အယူခံပိုင်ခွင့်တို့နှင့်ပတ်သက်၍ ဥပဒေနှင့် အညီ တရားရင်ဆိုင်ခွင့်ကို လွတ်လပ်စွာကျင့်သုံးခွင့်ရရှိနိုင်စေရန် ကာကွယ်စောင့်ရှောက် ပါမယ်။

နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနှင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒတို့ကို လက်ခံကျင့်သုံးမယ်။ ကမ္ဘာ ငြိမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေး၊ မြန်မာနိုင်ငံ သည် မည်သည့်နိုင်ငံကိုမျှ စစ်ရေးအရ စတင်တိုက်ခိုက်ခြင်းမပြုရေးနှင့် နိုင်ငံအတွင်း တွင် မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြုရေးတို့ကို ရပ်တည်ဆောင်ရွက်မယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်(UMFNP)၊ ပါတီ အလံနှင့် ပါတီသင်္ကေတတံဆိပ်တို့နှင့် ပတ်သက်၍ ဆက်လက်တင်ပြပါမယ်။

အောက်ခံအရောင် အနီ၊ အလယ်တွင်အဖြူရောင်အောက်ခံ၊ အဝိုင်းအတွင်း၌ အစိမ်းရောင်ကဒေါင်းနှင့် ကဒေါင်း၏အောက်နှင့်အထက်တို့တွင် အရွယ်တူ ကြယ်ဖြူ (၇)လုံးစီကိုအတန်းလိုက် ဖော်ကျူးထားသည့်အလံကို ပါတီအထိမ်းအမှတ်အလံအဖြစ် သတ်မှတ်သည်။

အနီရောင်သင်္ကေတသည် ရဲစိတ်ရဲမာန် ထက်သန်စေခြင်းသဘောကိုဆောင် သည်။ အလယ်ရှိ အဖြူရောင် နောက်ခံစက်ဝိုင်းသည် ဖြူစင်ခြင်းသဘောကိုဆောင် သည်။ အရွယ်တူ ကြယ်ဖြူ(၁၄)လုံးမှာ တိုင်းရင်းသားပေါင်းစုံ ရင်းနှီးချစ်ကြည်စွာ အတူတကွ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံကို ပြဆိုခြင်းဖြစ်သည်။ အစိမ်းရောင် ကဒေါင်းသည် တိုင်းရင်းသားအားလုံး၏ စုပေါင်းအမည်နာမ ဖြစ်သည့် မြန်မာကို ကိုယ်စားပြုပြီး အမျိုးဘာသာ သာသနာ ပညာထွန်းလင်းကာ စပါးဆန်ရေ ရတနာရွှေငွေဥစ္စာပစ္စည်းအထွေထွေ ပေါကြွယ်ဝခြင်းသဘောကို ဆောင်သည်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ(UMFNP)၏ ဆောင်ပုဒ်ကတော့

"ကောင်းကျိုးအထွေထွေရယ်နဲ့ ချွန်စေမြစေစောဒေါင်းအိုးဝေရယ်နဲ့ တွန်စေ ကစေသောဝ် . . ."

ရွေးကောက်ပွဲမှာ အသုံးပြုမည့် ပါတီဆောင်ပုဒ်ကတော့

"နေ့သစ်များဆီတက်လှမ်းချီ UMFNP ကဒေါင်းဘေးမှာ အမှန်ချစ်ပြည်သူ အောင်ပွဲအစစ်"

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာကတော့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ပြီး လယ်ယာလုပ်ငန်းနဲ့ အသက်မွေးကြပါတယ်။ လယ်ယာလုပ်ငန်းများ ခေတ်မီရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စက်ယန္တရားများအသုံးပြုပြီး ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်ရေး၊ လယ်ယာ လုပ်ငန်းသုံးရင်းနှီးငွေနှင့် အခြားသွင်းအားစုများ ပြည့်ပြည့်ဝဝဖူဖူလုံလုံ ဖြည့်ဆည်း ပေးရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် လယ်ယာစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာခြင်း နဲ့အတူ နိုင်ငံသားအများစု၏ လူနေမှုဘဝလည်း မြင့်မားတိုးတက်လာမှာဖြစ်တဲ့ အတွက်ကြောင့် လယ်ယာလုပ်ငန်းခွင်အပါအဝင် လယ်ယာစီးပွားရေးအကျိုးစီးပွားကို အကာအကွယ်ပေးသည့်ဥပဒေများ လက်တွေ့ကျကျရှင်သန်သက်ဝင်လာရေး လယ်ယာ ပြဿနာများ ဥပဒေနှင့်အညီ မြန်မြန်ဆန်ဆန် ဖြေရှင်းပေးရေးတို့ဟာ နောင်တက် လာမယ့် လွှတ်တော်နဲ့အစိုးရအတွက် အရေးကြီးတဲ့ တောင်းဆိုချက်တစ်ခုဖြစ်တယ်ဆိုတဲ့ အကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

# အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးကျော်သူအောင်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**မိဘပြည်သူများခင်ဗျား-**

"ပထမဆုံးအနေဖြင့် မိမိတို့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ် စတင်ပေါ်ပေါက်လာပုံ နောက်ခံအကျဉ်းချုပ်ကို တင်ပြလိုပါတယ်။ မိမိတို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများအဖြစ် ၂၀၀၆-၂၀၀၇ ခုနှစ်များတွင် စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး လှုပ်ရှားမှုများဖြင့် စတင်ခဲ့ပါတယ်။ စီးပွားရေးပိတ်ဆို့မှုကြောင့် ပြည်သူများ အလုပ်လက်မဲ့ပြဿနာများ ပိုမိုပေါ်ပေါက်လာပြီး သယံဇာတတစ်ခုတည်းအပေါ် မှီခိုအားထားရတဲ့အခြေအနေမျိုး ဆိုက်ရောက်ခဲ့ရတဲ့အတွက် စီးပွားရေးပိတ်ဆို့မှုကို ပြည်သူလူထု၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ရှေးရှုလျက် စီးပွားရေးပိတ်ဆို့မှု ဆန့်ကျင်ရေးလှုပ်ရှားမှုကို ပြုလုပ်ခဲ့ရခြင်းဖြစ်ပါတယ်။

အခြေခံဥပဒေပေါ်ပေါက်ရေးလှုပ်ရှားခဲ့ခြင်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသော အာဏာပိုင်ဝါဒကနေ ဖွဲ့စည်းပုံအခြေခံဥပဒေရှိသော အစိုးရတစ်ရပ်အောက်မှာနေပြီး နိုင်ငံသားတာဝန်နှင့် အခွင့်အရေးများကို ပြည့်ပြည့်ဝဝရရှိစေဖို့ပဲ ဖြစ်ပါတယ်။ အစဉ်အလာကောင်းသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားရေးအင်အားစုမှသည် အမျိုးသားနိုင်ငံရေး မဟာမိတ်အဖွဲ့ချုပ်ကို တရားဝင်ပါတီများ တည်ထောင်ခွင့်ရချိန် ၂၀၁၀ မှာ မီးရှူးသန့်စင်ခဲ့ခြင်းဖြစ်ပါတယ်။

မိမိတို့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ် စတင်တည်ထောင်စဉ်ကပင် အောက်ပါရည်ရွယ်ချက်ကောင်းများ ရှိခဲ့ပါတယ်-

(က) ငြိမ်းချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၊
(ခ) အခြေခံဥပဒေအရ အုပ်ချုပ်သော အစိုးရတစ်ရပ် သိမ်မွေ့စွာ ပေါ်ထွန်းရေး၊
(ဂ) လွတ်လပ်မှု၊ ညီမျှမှု၊ တရားမျှတမှုနှင့်ပြည့်ဝသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပေါ်ထွန်းရေး၊
(ဃ) အမျိုးသားသွေးစည်းညီညွတ်ရေးကို အပြန်အလှန် ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် အသိအမှတ်ပြုမှု အခြေခံ တည်ဆောက်ရေး၊
(င) ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒီစွဲများ ဖောင်းမပေးဘဲ ပြည်ထောင်စု အကျိုးစီးပွားဟူသော ဘုံဦးတည်ချက်များဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊
(စ) အနာဂတ်တွင် ပေါ်ထွန်းလာမည့် လွှတ်တော်အရပ်ရပ်တွင် တပ်မတော်ကိုယ်စားလှယ်အင်အားစုနှင့် ပြည်သူ့ကိုယ်စားလှယ်များ ပူးပေါင်း၍ အမျိုးသားအကျိုးစီးပွား (National Interest) ကို ရှေးရှုကာ ဟန်ချက်ညီညီ လက်တွဲဖော်ဆောင်ရေး၊
(ဆ) စီးပွားရေးပိတ်ဆို့မှုအပါအဝင် အနောက်နိုင်ငံကြီးများ၏ အထွေထွေ ပိတ်ဆို့မှုများနှင့် အနိုင်ကျင့်ဗိုလ်ကျ စိုးမိုးရေးဝါဒများသည် အကြမ်းဖက်ဝါဒများနည်းတူပင် ကမ္ဘာကြီးအား အကျည်းတန်စေသည်ဟု ယုံကြည်သဖြင့် ဆန့်ကျင်တွန်းလှန်သွားရေးတို့ပဲ ဖြစ်ပါတယ်။

(မိမိတို့ပါတီ၏ ကြွေးကြော်သံကတော့ ငြိမ်းချမ်းရေးသည် ပထမ၊
ဒီမိုကရေစီရေးသည် အဓိက၊
ပြည်သူ့ဘဝတိုးတက်ပြောင်းလဲရေးသည် ပဓာနပဲ ဖြစ်ပါတယ်။)

မိမိတို့ နိုင်ငံအနေဖြင့် ဆင်းရဲကာနောက်ကျနေခြင်းမှာ လွတ်လပ်ရေး၏ ဖွားဖက်တော် လက်နက်ကိုင်ပဋိပက္ခ၏ နှစ်ပေါင်း (၆၀)ကြာ ဖြစ်ပွားနေဆဲကြောင့် ဖြစ်တယ်လို့ ဆင်ခြင်မိပါတယ်။ ဒါကြောင့် မြန်မာပြည် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ငြိမ်းချမ်းရေးသည် ပထမဖြစ်ကြောင်း ယုံကြည်ပါတယ်။

ဤကဲ့သို့ ယုံကြည်သည်နှင့်အညီ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) ပြီးသည့်အခါတွင် ပေါ်ပေါက်လာမည့် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံရေးပါတီ (၅၆)ပါတီအားလုံး သဘောတူသည့် မူဘောင်ရေးဆွဲအတည်ပြုရာ၌လည်း မိမိတို့ ပါတီအနေဖြင့် ပါဝင်ခဲ့ပါတယ်။

ငြိမ်းချမ်းရေးမရှိလျှင် ဒီမိုကရေစီဘောင်ကျဉ်းလာပြီး စစ်ဘောင်ကျယ်လာမည်ဟု ဝါရင့်နိုင်ငံရေးသမားကြီး ဝိဓူရသခင်ချစ်မောင်ကလည်း မိန့်ကြားခဲ့ဖူးပါတယ်။ ဒီနေရာမှာ မိမိတို့အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်၏ တပ်မတော်အပေါ်ထားသည့် သဘောထားကိုပြောကြားလိုပါတယ်။ အစဉ်အလာကောင်းရှိသည့် မြန်မာ့တပ်မတော်သည် ဒီမိုကရေစီတစ်ခု ရင့်ကျက်ခိုင်မာစေရေးအတွက် အရေးကြီးသော (Institution)ဖြစ်သကဲ့သို့ တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားကို အကာအကွယ်ပေးမည့် အမျိုးသားရေးအင်အားစု (National Force)အဖြစ် သဘောထားရမှာဖြစ်ပါတယ်။

ယနေ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း (Democratic Constitution) ဒီမိုကရေစီနည်းကျ အခြေခံဥပဒေတစ်ရပ် ပြည့်ပြည့်ဝဝ မဟုတ်သော်လည်း (Constitution Democracy)အခြေခံဥပဒေအရ ပေါ်ပေါက်လာသော ဒီမိုကရေစီစနစ်တစ်ရပ်ကို ပေါ်ပေါက်စေခဲ့တယ်ဆိုတာ ယနေ့ကာလမှာ ဖြစ်ပေါ်နေတဲ့ အပြောင်းအလဲများကို ကြည့်မယ်ဆိုရင် ဘယ်လိုမှ ငြင်းမရနိုင်ပါဘူး။

ဒါကြောင့် မိမိတို့ပါတီအနေနဲ့ နိုင်ငံရေးတည်ငြိမ်မှုနှင့် ဒီမိုကရေစီ ခိုင်မာလာမယ့် အချိန်ကာလတစ်ခုကိုယူ၍သာ အခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေး လုပ်ဆောင်ဖို့ ပိုမိုအားသန်ပါကြောင်း ပြောကြားလိုပါတယ်။ ရှိရင်းစွဲ အခြေခံကောင်းများကိုဖျက်ပြီး တစ်ကပြန်စခြင်းဆိုသည်မှာလည်း လက်တွေ့ကျသော နိုင်ငံရေးမဟုတ်ဟု ယုံကြည်ပါတယ်။ ဒါကြောင့် မိမိတို့ပါတီအနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများ၏ အကျိုးစီးပွားအလို့ငှာ ကဏ္ဍပေါင်းစုံကို တဖြည်းဖြည်းချင်း တစ်ဆင့်ချင်း ပြောင်းလဲအောင်ကြိုးစားဖို့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။

တိုင်းပြည်၏ မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင် နိုင်ငံရေးပါတီများသည် အရည်အသွေးရှိသော နိုင်ငံရေး ခေါင်းဆောင်များကို မွေးမြူကာ လူထုကရွေးချယ်တင်မြှောက်လျှင် လွှတ်တော်အရည်အသွေး ပြည့်ဝလာပါမယ်။

ထိုလွှတ်တော်က ပြဋ္ဌာန်းအတည်ပြုသည့် ပြည်သူ့အကျိုးပြုဥပဒေများကို အကောင်အထည်ဖော်မည့် ထိရောက်၍ စွမ်းရည်ပြည့်ဝသော အစိုးရကောင်း တစ်ရပ်လည်း ပေါ်ပေါက်လာပါမည် ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ပါတီအနေနဲ့ အစိုးရအာဏာရရေးသည် အဓိကမယူဆဘဲ တိုင်းပြည်အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများ မွေးထုတ်ရေးသည်သာ အဓိကဖြစ်သည်ဟု ပြောကြားလိုပါတယ်။ နိုင်ငံရေးသမားများက လာမယ့်ရွေးကောက်ပွဲကိုသာကြည့်ပြီး နိုင်ငံပြုခေါင်းဆောင်များက နောင်လာမယ့် မျိုးဆက်ကို ကြည့်လေ့ရှိပါတယ်။ ခေါင်းဆောင်ကောင်းများ ဖြစ်ထွန်းလာရေးမှာလည်း (Nature)နှင့် (Nurture) ဟူ၍ နှစ်မျိုးနှစ်စား ရှိပါတယ်။ သဘာဝအရ ခေါင်းဆောင်ဖြစ်လာသည် အလွန်တရာမှ ရှားပါးလှပါတယ်။ ဒါကြောင့် ကလေးသူငယ်များကို ပြုစုပျိုးထောင်ရေး (Nurture) သည်သာ ပို၍လက်တွေ့ကျပါတယ်။

ကလေးသူငယ်များရဲ့ အခန်းကဏ္ဍဟာလည်း တိုင်းပြည်ရဲ့အနာဂတ်အတွက် အလွန်တရာမှ အရေးကြီးလှပါတယ်။ ရွေးကောက်ပွဲများဟာ တိုင်းပြည်နှင့် လူမျိုးအတွက် နိုင်ငံရေးပါတီများရဲ့ ရည်မှန်းချက်များကို အားပေးမြှင့်တင်ရန် အကောင်းဆုံး အခွင့်အလမ်း တစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးပါတီအနေဖြင့် ရည်မှန်းချက်များတွင် ငြိမ်းချမ်းရေး၊ လူမှုပေါင်းစည်းညီညွတ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည်တို့ပါဝင်ပြီး ယင်းတို့ကို အကောင်အထည်ဖော်ရေးမှာ တိုင်းပြည်၏အနာဂတ်ဖြစ်သည့် ကလေးသူငယ်များမှ အစပြုရမှာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့်အချက်မှာ ကျင်းပတော့မည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်မိဘပြည်သူများ ပါဝင်လာစေမည့် အခြေခံအကျဆုံး လှုံ့ဆော်မှုတစ်ခု ဖြစ်ပါတယ်။ ကလေးမိဘများအနေဖြင့် မိမိတို့၏ သားသမီးများ၏ အနာဂတ်အတွက် စဉ်းစားပြီးချင့်ချင့်ချိန်ချိန် မဲပေးရပါလိမ့်မယ်။

မိမိတို့ မြန်မာနိုင်ငံတွင် အသက်(၅)နှစ်မှ (၁၈)နှစ်ကြားရှိ ကလေးသူငယ် ၄ ဒသမ ၄ သန်းဟာ ကျောင်းမတက်နိုင်ကြပါဘူး။ မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် ပညာရေးများတွင် ဘဏ္ဍာငွေသုံးစွဲမှုပမာဏမှာ အာဆီယံဒေသအတွင်း နိုင်ငံများအကြား အနည်းဆုံးဖြစ်ပြီး လူမှုရေးကဏ္ဍများတွင် သုံးစွဲမှုသည် ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှု (GDP)၏ ၃ ရာခိုင်နှုန်းသာ ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့ နိုင်ငံရေးပါတီအနေဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် တိုးတက်မြင့်မားလာစေရန် မူဝါဒများချမှတ်လျက် လိုအပ်သလို ဥပဒေများကို ပြုပြင်ရေးဆွဲသွားမှာပဲ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍လည်း မိမိတို့ပါတီအနေဖြင့် စိန်ရတုခန်းမ ပညာရေးဆွေးနွေးပွဲမှသည် အမျိုးသားလွှတ်တော်၊ အမျိုးသားပညာရေးဥပဒေ ကြားနာပွဲအထိ အကြံပြုတင်ပြဆွေးနွေးခဲ့ပြီးလည်းဖြစ်ပါတယ်။

အစိုးရများ၏ သဘောသဘာဝအရ ထင်သာမြင်သာရှိ၍ ချက်ချင်း လက်ငင်း ဖော်ပြနိုင်သည့် ခမ်းနားကြီးကျယ်သော အဆောက်အအုံများ၊ စီမံကိန်းများ (Prestige Project)၊ ဂုဏ်သိက္ခာရှိသော စီမံကိန်းများကိုသာ ဆောင်ရွက်လေ့ရှိကြပါတယ်။ ပညာရေး၏ သဘောသဘာဝအရ ရေရှည်မှသာ အနည်းဆုံး အနှစ် နှစ်ဆယ်လောက်ကြာမှသာ အကျိုးရလဒ်ကို တိုင်းပြည်က ခံစားသိရှိရမှာပါ။ အစိုးရတစ်ခု၏ သက်တမ်းငါးနှစ်အတွင်းမှာတော့ အကျိုးရလဒ် သိသာနိုင်မယ်မဟုတ်ပါ။ သမိုင်းဖြစ်စဉ်က ရှည်လျား၍ လူ့သက်တမ်းက တိုတောင်းလှပါတယ်။ သမိုင်းသက်သေအနေဖြင့် ၁၉၂၀ ပညာရေးပြုပြင်ပြောင်းလဲမှု၏ အကျိုးဆက်အနေဖြင့် ပညာတတ်တိုင်းပြည် ခေါင်းဆောင်များ ပေါ်ထွန်းလာကာ (၂၈)နှစ်အတွင်းမှ လွတ်လပ်ရေးရသည်အထိ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် မိမိတို့ပါတီအနေဖြင့် နောက်နောင်ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့နှင့် လွှတ်တော်တို့တွင်လည်း ပညာရေးဆိုင်ရာဥပဒေများကို ကျင့်သုံးအကောင်အထည်ဖော်ရေးကို အစဉ်တစိုက် တွန်းအားပေးသွားဖို့ သန္နိဋ္ဌာန်ချမှတ်ထားပြီးလည်းဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးရဲ့ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဟာလည်း တိုင်းပြည်အတွက် အမှန်တကယ် လုပ်သင့်လုပ်ထိုက်သောကိစ္စလည်းဖြစ်ပါတယ်။ တိုင်းပြည်တစ်ပြည်ကို ဖွံ့ဖြိုးမှုနိမ့်ကျပြီး ဆင်းရဲစေသော ထောင်ချောက်ကြီးလေးခုရှိတယ်လို့ ပညာရှင်များကလည်း လေ့လာတွေ့ရှိခဲ့ပြီး ဖြစ်ပါတယ်။

(၁) ပြည်တွင်းစစ်ထောင်ချောက်၊ (၂) သယံဇာတထောင်ချောက်၊ (၃) အိမ်နီးနားချင်းဆိုး ထောင်ချောက်နှင့် (၄) ညံ့ဖျင်းတဲ့ စီမံအုပ်ချုပ်မှုထောင်ချောက်တို့ပဲ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံဟာ မဆင်းရဲသင့်ဘဲ ဆင်းရဲနေရသော နိုင်ငံဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သယံဇာတပေါကြွယ်ဝတဲ့ တိုင်းပြည်ဖြစ်သော်လည်း လူသားအရင်းအမြစ်နည်းပါးမှု၊ နည်းပညာမဲ့မှုများစတဲ့ အကြောင်းများကြောင့် ရှိရင်းစွဲ သယံဇာတများကို ပြည်သူ့အကျိုးငှာ အသုံးချနိုင်မှု နည်းပါးခဲ့ရပါတယ်။

သယံဇာတ ထောင်ချောက်ထဲကျရောက်ခဲ့ပါတယ်။ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေး၏ဖွားဖက်တော် ပြည်တွင်းစစ်ဒဏ်ကို ခံစားခဲ့ရသည်မှာ ယနေ့ထက်တိုင်ပဲဖြစ်ပါတယ်။ ဤသည်မှာ ပြည်တွင်းစစ်ထောင်ချောက်ပင် ဖြစ်ပါတယ်။ လက်ရှိအစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးကို စတင်ဖော်ဆောင်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတအနေဖြင့်လည်း အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA)ကို အမြန်ဆုံး လက်မှတ်ရေးထိုးဖို့လည်း ဖိတ်ခေါ်ထားပြီး ဖြစ်ပါတယ်။ မိမိတို့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ ဆောင်ပုဒ်ဖြစ်တဲ့ ငြိမ်းချမ်းရေးသည် ပထမဆိုသည့်အတိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဖြစ်ထွန်းစေမည့် ဆောင်ရွက်ချက်များကို ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီနေရာမှာ တစ်ခုတင်ပြလိုတာက ငြိမ်းချမ်းရေးကို တည်ဆောက်ရာမှာ အင်အားဖြင့် တည်ဆောက်၍မရဘဲ နားလည်မှုနဲ့ တည်ဆောက်မှသာ ရမယ်ဆိုတာကို နှလုံးသွင်းကြရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း အခြေခံဥပဒေမူဘောင်ထဲကသွားဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရကြား အခြေခံဥပဒေဆိုင်ရာ အာဏာခွဲဝေမှု၊ အခွန်ဘဏ္ဍာခွဲဝေမှု၊ သယံဇာတခွဲဝေမှုများနဲ့ ကြွင်းကျန်အာဏာများကို ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရကြား ဘယ်မှာထားမလဲဆိုတာကို နိုင်ငံရေးနည်းလမ်းနဲ့ ညှိနှိုင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဒါမှသာ စစ်မှန်၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်လို့ မိမိတို့ပါတီအနေဖြင့် မှိတ်မသုန်ယုံကြည်ပါတယ်။ ဖယ်ဒရယ် တပ်မတော်နှင့်ပတ်သက်၍လည်း အနည်းငယ်တင်ပြလိုပါတယ်။ အမေရိကန်ပြည်ထောင်စု၌ ပြည်နယ် ၅၀ ရှိသော်လည်း ပြည်ထောင်စုတပ်မတော်တစ်ခုတည်းသာ ရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့လည်း ပြည်ထောင်စု တပ်မတော်အား တစ်ခုတည်းရှိရမှာဖြစ်ပါတယ်။ သို့မှသာ ပြည်တွင်းစစ် ထောင်ချောက်အတွင်းမှ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုဖြစ်လာမှာပဲ ဖြစ်ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံ၏ အမှန်တကယ်တည်ငြိမ်သော၊ ငြိမ်းချမ်းသော ဖွံ့ဖြိုးသောနိုင်ငံတစ်ခုဖြစ်စေချင်ရင် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများအနက် ပိုပြီးအဓိကကျသော အရေးပါသော နိုင်ငံကြီးနှစ်နိုင်ငံရှိပါတယ်။ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ပဲ ဖြစ်ပါတယ်။ ဒီနှစ်နိုင်ငံမှာ လူဦးရေသန်းပေါင်း တစ်ထောင်ကျော်စီ ရှိကြပါတယ်။ မိမိတို့ မြန်မာနိုင်ငံရဲ့ လူဦးရေကတော့ ၅၁ သန်းမျှသာရှိပါတယ်။ နိုင်ငံရေးသိပ္ပံမှာ စကားတစ်ခွန်းရှိပါတယ်။ မင်းရဲ့အိမ်နီးချင်းကို မင်းရွေးချယ်လို့မရဘူးလို့ဆိုပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံဟာ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအင်အားရှိတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံ စီးပွားရေးအရ ဈေးကွက်တစ်ခုဖြစ်သလို ပထဝီ နိုင်ငံရေးအရလည်း အင်မတန်မှ အရေးပါတဲ့ အချက်အချာကျတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ပင်လယ်ထွက်ပေါက်ဖြစ်ပါတယ်။ ဒါတွေကို ရှည်ရှည်လျားလျားတင်ပြနေရခြင်းကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒများနှင့် လူဝင်မှုကြီးကြပ်ရေးမူဝါဒ၊ အမျိုးသားလုံခြုံရေးကိစ္စများ၊ အခြေခံဥပဒေပြင်ဆင်ရေး ကိစ္စများက မည်မျှအရေးပါသလဲဆိုတာ ပြောကြားချင်၍ပဲ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပါတီအနေဖြင့် ဤမူဝါဒများကို နောင်ပေါ်ပေါက်လာမည့် လွှတ်တော်နှင့် အစိုးရအဖွဲ့အား နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးငှာ အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

နောက်တစ်ချက်ပြောလိုတာက (Good Governance) ကောင်းမွန်သော စီမံအုပ်ချုပ်မှုပဲဖြစ်ပါတယ်။ စီမံအုပ်ချုပ်မှုနှင့် စီးပွားရေးမူဝါဒများသည် နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင်ကူညီပေးပါတယ်။ ထိုအချက်နဲ့ပြောင်းပြန်က စီမံအုပ်ချုပ်မှုညံ့ဖျင်းမှု (Bad Governance) ဖြစ်ကာ စီးပွားရေးမူဝါဒဆိုးဝါးရတော့ နိုင်ငံတစ်ခု၏ စီးပွားရေးကို ကြောက်မက်ဖွယ်ကောင်းအောင် မြန်ဆန်သည့်နှုန်းဖြင့် အောက်သို့ပြုတ်ကျသွားစေနိုင်ပါသည်။

Power tends to corrupt and absolute power corrupt to absolute. အာဏာဟာ အကျင့်ပျက်ခြစားမှုကိုဖြစ်စေတယ်။ အကြွင်းမဲ့အာဏာဟာ အကြွင်းမဲ့ခြစားမှုကို ဖြစ်စေတယ်ဆိုတဲ့စကားလည်းရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေဖြင့် ဤလိုအကျင့်ပျက်ခြစားမှုများကို ဥပဒေနှင့် တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ သို့မှသာ ကောင်းမွန်တဲ့စီမံအုပ်ချုပ်မှုဖြစ်ပြီး ဆင်းရဲမွဲတေမှု ထောင်ချောက်က လွတ်မြောက်မှာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုတာကတော့ ပြဿနာများကို လူတစ်ဦးတစ်ယောက်တည်းက ပါတီတစ်ခုတည်းက တစ်မုဟုတ်ချင်း ပြေလည်အောင်ဖြေရှင်းနိုင်မှာ မဟုတ်ကြောင်း ရိုးသားစွာပြောကြားလိုပါတယ်။ သို့ဖြစ်ပါ၍ မိမိတို့ အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားကို ထာဝစဉ်သစ္စာစောင့်သိလျက် ပြည်သူတစ်ရပ်လုံးနဲ့ ပူးပေါင်းကာ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားအပ်ပါတယ်။ မိမိတို့ပါတီရဲ့ ဆောင်ပုဒ်ကတော့ "ကြယ်ဖြူဘေးမှာ အမှန်ခြစ် ပြည်သူ့အောင်ပွဲဖြစ်"

မိဘပြည်သူများ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။

